# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၈) ရက် ၊ တနင်္လာနေ့ ၊ (6-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၉၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာအမျိုးသားလေကြောင်းက နိုင်ငံတကာခရီးစဉ်အဖြစ် ရန်ကုန်-ကူမင်း-ရန်ကုန်ခရီးစဉ်ကို Boeing 737-800NG လေယာဉ်ဖြင့် စတင်ပျံသန်းပြေးဆွဲ



**နေပြည်တော် နိုဝင်ဘာ ၅**

မြန်မာအမျိုးသားလေကြောင်းက နိုင်ငံတကာခရီးစဉ်အသစ်ဖြစ်သော ရန်ကုန်-ကူမင်း-ရန်ကုန်ခရီးစဉ်ကို ယနေ့မှစတင်၍ တစ်ပတ်လျှင် သုံးကြိမ် တနင်္လာ၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(**Terminal-1**)မှ **Boeing 737-800 NG** လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ရန်ကုန်-ကူမင်းခရီးစဉ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ထွက်ခွာမည်ဖြစ်ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ကူမင်း-ရန်ကုန်ခရီးစဉ်တွင် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ လေယာဉ်လက်မှတ်ဈေးနှုန်းများ အနေဖြင့် အသွားတစ်ကြောင်းလျှင် အမေရိကန်ဒေါ်လာ ၂၇၉ ဒေါ်လာနှင့် အသွားအပြန်ဆိုပါက အမေရိကန်ဒေါ်လာ ၄၆၄ ဒေါ်လာ ကျသင့်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအမျိုးသားလေကြောင်းက ရန်ကုန်-ကူမင်း-ရန်ကုန် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးခရီးစဉ် **Cargo Flight** ကို နိုဝင်ဘာ ၃ ရက်တွင်

**စာမျက်နှာ ၁၈ ကော်လံ ၁** ☞


တာဝရလှပသောအပြုံးအတွက်

DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကို ကြံ့ခိုင်စေပါသည်။

Dentist Recommended

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၀၉၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုထိုက်သူတို့ကို ဂုဏ်ပြုချီးမြှင့်ခြင်းများ

ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းမှာ မင်္ဂလာမည်ပေသည်။ ထို့ကြောင့် နိုင်ငံတော် လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်၊ အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ပေးအပ်ရာ နိုဝင်ဘာ ၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စေတနာရှင်၊ အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ စေတနာရှင်၊ အလှူရှင် ၃၅ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၂၁၉၈၄ သိန်း ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးရှိ စေတနာရှင်၊ အလှူရှင် ၉၉ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် ၁၁၂၇၃ သိန်း နှစ်သောင်း ငါးထောင်ခြောက်ရာကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်၊ အလှူရှင် ၂၇ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်း ငွေကျပ် ၇၈၁ သိန်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်၊ အလှူရှင် ၁၃၆ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် သိန်း ၆၁၀၀ ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်၊ အလှူရှင် ၁၃ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀၀ ကို မကွေးမြို့ မြို့တော်ခန်းမ၌လည်းကောင်း ပေးအပ်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရပေသည်။

ထို့အတူ နိုဝင်ဘာ ၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စေတနာရှင်၊ အလှူရှင် ၄၉ ဦးက ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်း ငွေကျပ် ၁၁၀၂၇ သိန်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ စေတနာရှင်၊ အလှူရှင် ၂၂၈ ဦးက ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်း ငွေကျပ် ၆၅၆၁ သိန်းကို တောင်ကြီးမြို့တော်ခန်းမ၌လည်းကောင်း ဂုဏ်ပြုပေးအပ်ခဲ့သည်။

ထိုကဲ့သို့ စေတနာရှင်၊ အလှူရှင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်နေခြင်းသည် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ကျေပွန်စွာထမ်းဆောင်လျက်ရှိသောကြောင့်ပင် ဖြစ်ပေသည်။

ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံတော်အတွက် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သကဲ့သို့ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားလည်း မည်ပေသည်။ ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများ၏ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ဆောင်ရွက်ချက်များကို မျိုးဆက်သစ်တို့က စံနမူနာယူကာ လိုက်နာကျင့်သုံးကြရမည်ဖြစ်ပြီး အနာဂတ်ကာလတွင်လည်း နိုင်ငံတော်လုံခြုံရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ စွမ်းစွမ်းတမံ ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်စနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၄၁၈၃၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ရာသီဥတု ပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေက နားနေဆောင်မှာ အနားယူကြပြီးတော့ စောင်းတန်းကနေ လှည့်လည်ပြီး ဘုရားဖူးကြတာတွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်" ဟု ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၃၁၂၈ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၃၇၁၄၆ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၅၆၄ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးချိုတော်တွင် ဆောင်းတွင်းကာလအတွက် အဝတ်အထည်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေး ဈေးချိုတော်တွင် ဆောင်းတွင်းကာလအတွက် အဝတ်အထည်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ ဈေးကြီးများထဲတွင် ဈေးချိုတော်မှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ ရွှေထည်ပစ္စည်းများအပါအဝင် အခြား ကုန်ပစ္စည်းအမျိုးမျိုးကို လက်လီ၊လက်ကားဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ဆောင်းကာလသို့ စတင်ရောက်ရှိလာပြီဖြစ်သောကြောင့် မန္တလေးဈေးချိုတော်တွင် ဆောင်းတွင်းဝတ် အဝတ်အထည်များ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"အခုတစ်လော ရာသီဥတုကအအေးပိုင်းထဲကို တဖြည်းဖြည်းရောက်လာတာကြောင့် ပြည်တွင်းအထည်ချုပ်စက်ရုံတွေကနေထုတ်လုပ်တဲ့ ချည်ထည်တွေအပါအဝင် အနွေးထည်၊ စောင် စတာတွေကို မန္တလေးဈေးချိုတော်မှာ ဝယ်ယူမှုများလာတယ်။ အဝတ်အထည်ဈေးကွက်ကတော့ အခုတစ်လော အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

ထိုသို့ ပြည်တွင်းထုတ်အဝတ်အထည်များ အရောင်းအဝယ်ကောင်းနေခြင်းအပြင် ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများမှဝင်ရောက်လာသည့်အဝတ်အထည်များ၊ အခြား လူသုံးကုန် ပစ္စည်းများလည်း အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"အထက်မြန်မာပြည်တစ်ခုလုံးကို အဝတ်အထည်၊ စားသောက်ကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးဖြန့်ချိပေးနေတာက မန္တလေးဈေးချိုတော်ပဲဖြစ်ပါတယ်။ အခုဈေးချိုတော်မှာ အဝတ်အထည်ကရောင်းအားအကောင်းဆုံးဖြစ်နေပြီး လူသုံးကုန်နဲ့အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံးကုန်စည်တွေပဲဖြစ်ပါတယ်" ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊ အဝတ်အထည်၊ တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း မြင်းမူ၊ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေး ဈေးကွက်အတွင်း မြင်းမူ၊ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီများ အဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်မှာလည်း နည်းပါးလာခြင်းကြောင့် မြင်းမူ၊ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ကြက်သွန်နီကို ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ မြင်းမူနဲ့ တောင်သာဘက်ကထွက်တဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ တဖြည်းဖြည်း အဝင်နည်းလာပါတယ်။ ကြက်သွန်နီက လက်ကျန်လဲ နည်းလာပါတယ်။ မြင်းမူနဲ့ တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေကတော့ အရောင်းအဝယ်တွေကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ မြင်းမူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ခန့်၊ တောင်သာဘက်မှ ထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ ဖြင့် ပေါက်ဈေးရှိနေကြောင်း အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ဆည်ရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျောက်စံကျေးရွာအုပ်စု ဆည်ရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဆည်ရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မင်းဘူးမြို့နယ် ဆည်ရွာကျေးရွာ၌ အရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်း ငွေကျပ် ၁၆၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ခင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဦးအားယော်-ဒေါ်နန်းအေးဇော၊ မြေး-ခိုင်းဖြိုးမင်းခန့်မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၅၁၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၅၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၀၇၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပြောင်း ၁၅၁၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ပြောင်း ၁၀၇၃၇ ဧက စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၁၅၁၉ ဧကစိုက်ပျိုးပြီးနေပါပြီ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်ပေးပါတယ်။ ပြောင်းသီးနှံက ကွဲစာ၊ နွားစာအတွက် တောင်သူတွေ စိုက်ပျိုးသင့်တဲ့သီးနှံဖြစ်ပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်းကို စိုက်ပျိုးခဲ့ပါတယ်။ အခုလို ပြောင်းတွေစိုက်တာကလဲ ကွဲစာ၊ နွားစာအတွက် ဖူလုံစေပါတယ်။ ကိုယ်တိုင်စိုက်ပျိုးတဲ့အတွက် ကွဲ၊ နွားတွေကို အန္တရာယ်ကင်းကင်း ရှင်းရှင်း ကျွေးမွေးလို့ရပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ဖောင်မြှောင်တောင်ပိုး နှိမ်နင်းနည်းများ စသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။ (၁၈၅)

# ပေါက်တောမြို့နယ် လက်မယာကျေးရွာ၌ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ပေါက်တော နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မြို့ပြနှင့်ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လက်မယာကျေးရွာအဝင်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမောင်ဆွေ၊ ပေါက်တောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးပြည့်ဖြိုးမောင်နှင့် တာဝန်ရှိသူများက သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

လက်မယာကျေးရွာ၌ အရှည် ပေ ၁၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခုနစ်ပေ ခြောက်လက်မရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေကျပ် ၃၆၁ ဒသမ ၀၄၂ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

# လပွတ္တာမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ရန်ကုန်မြို့သို့ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချထားရ

**လပွတ္တာ နိုဝင်ဘာ ၅**


ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ရန်ကုန်မြို့သို့ ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချထားရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး အောက်တိုဘာလ တတိယပတ်မှ ယနေ့ထိ ကဏန်းပျော့သန့်စင်ပြီး ပိဿာချိန် ၅၅၀၀၀ ထိတင်ပို့ရောင်းချထားရကြောင်း သိရသည်။

"လပွတ္တာဒေသကထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ ရောင်းချနေတာဖြစ်ပါတယ်။ အခုနှစ် ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ပြန်လည်သွက်လက်လာလို့ ရန်ကုန်ဘက်က အဝယ်လိုက်လာတာပါ။ တင်ပို့ကုန်များလာတော့ ကဏန်းပျော့လုပ်ငန်းလုပ်ကိုင်တဲ့သူတွေ၊ ကုန်ပစ္စည်းတင်ပို့တဲ့ လုပ်ငန်းတွေနဲ့ဆက်စပ်တဲ့သူတွေလဲ အလုပ်အကိုင်တွေရရှိလာပါတယ်။ လက်ရှိရန်ကုန်ဘက်ကနေတစ်ဆင့် ကဏန်းပျော့တွေကို ပြည်ပနိုင်ငံတွေဆီ ပြန်လည်တင်ပို့လာတာကြောင့်လဲ ဝယ်ယူမှုအားကောင်းလာပါတယ်။ ဒီဘက်ဒေသမှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံး မွေးမြူကြတယ်။ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းမှာ မွေးမြူရေးကန်တစ်ကန်ကို လုပ်သားအနည်းဆုံး ၁၅ ယောက်ကနေ အယောက် ၂၀ ထိ ငှားရမ်းခေါ်ယူလုပ်ကိုင်ရပါတယ်"ဟု လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ကဏန်းပျော့များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ထိုမှတစ်ဆင့် ထိုင်း၊ တရုတ်၊ စင်ကာပူနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း ဒေါ်စုစုခိုင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စုံထောက်၊ လူသတ်သမားနှင့် တရားသူကြီး

ချစ်နိုင်(စိတ်ပညာ)




**နိဒါန်း**

တကယ်တော့လည်း ဘဝဆိုသည်မှာ ကံပစ်ချရာ တစ်နေရာကို နေရာယူပြီး အသက်မွေးကြရပါတကားဟု စဉ်းစားမိ၏။ စာရေးဆရာဆိုသူများထဲမှာပင် ဆရာဝန်၊ မြို့ပိုင်၊ နယ်ပိုင်၊ ထောင်မှူး၊ ရဲအရာရှိ၊ ကျောင်းဆရာ၊ စစ်သား၊ စစ်ဗိုလ် စသည် ဘဝလမ်းကြောင်း မတူကြကြောင်း တွေ့ရမည်။ စုံထောက်လည်း ပါသည်။ တရားသူကြီးလည်းပါသည်။ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ ကုန်သည်၊ ပွဲစား၊ တောင်သူလယ်သမား၊ အလုပ်သမား၊ နယ်ပယ်စုံ၊ အလွှာစုံ၊ အရည်အချင်းစုံ၊ ဘဝမျိုးစုံ။

စာရေးသူ၏ဘဝကတော့ အလွန်တရာပင် ရိုးစင်းလှ၏။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက်မှာ လွတ်လပ်ရေးရသည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၆ ရက် ညအချိန်တွင် မိမိကိုမွေးဖွားသည်။ လွတ်လပ်ရေးသည် မိမိ၏ ခုနှစ်တစ်ခုတည်း ဖွားဖက်တော်ဖြစ်၏။ ထို့ကြောင့် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို သူများတကာထက် ပို၍ချစ်မြတ်နိုး၏။ လွတ်လပ်ရေးကို မိမိက အသက်ပေး၍ ကာကွယ်ပေးရန် တာဝန်ရှိသည်ဟု ငယ်စဉ်ကပင် ခံယူ၏။ လွတ်လပ်ရေးကို တန်ဖိုးထားတတ်အောင် သင်ကြားလေ့ကျင့်ပေးခဲ့ကြသော မိဘနှင့် ဆရာသမားများ၏ ကျေးဇူးတရားလည်း မှန်ကန်ပါ၏။ လွတ်လပ်ရေးသက်တမ်း ၁၀ နှစ်မှာ မိမိလေးတန်းကျောင်းသား။ လွတ်လပ်ရေးသက်တမ်း အနှစ် ၂၀ မှာ မိမိက တက္ကသိုလ်ကျောင်းသား။

လွတ်လပ်ရေးနှင့်အတူပါလာသော နိုင်ငံရေး၊ လူမျိုးရေး၊ ပြည်ပသွေးထိုးလှုံ့ဆော်အားပေးမှုအကြောင်းအမျိုးမျိုးတို့ကြောင့် လက်နက်ကိုင်ပုန်ကန်ဆူပူမှုများက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မအေးချမ်းအောင်၊ မလုံခြုံအောင် တောက်လျှောက်နှောင့်ယှက်ဖျက်ဆီးနေကြောင်း ခေတ်ပြိုင်သမိုင်းအဖြစ် မြင်နေကြားနေရသည်။ သတင်းစာများက သမိုင်းကို ပြောပြနေကြသည်။ သတင်းစာထဲမှာ အစိုးရတပ်မတော်နှင့် သူပုန်သူကန်လက်နက်ကိုင်အဖွဲ့များ၏ တိုက်ပွဲသတင်းများနှင့် မကင်းခဲ့ချေ။ ပြည်သူများကတော့ မြေစာပင်။

**သမိုင်းမြင်**

နိုင်ငံရေးကိုပဲ အကြောင်းပြုပြု၊ လူမျိုးရေးကိုပဲ အကြောင်းပြုပြု၊ ဘာသာရေးကိုပဲ အကြောင်းခံခံ၊ ဘာပဲရမယ်ရှာရှာ၊ လက်နက်ကိုင်ပုန်ကန်တိုက်ခိုက်သမျှ၊ လက်နက်ကိုင်ပဋိပက္ခမှန်သမျှအားလုံးသည် နိုင်ငံနှင့် လူမျိုးကို ကောင်းကျိုးမပြုနိုင်ပါ။ ကြိုက်ရာ နိုင်ငံ၏သမိုင်းကြောင်းစာမျက်နှာကို လှန်ကြည့်လိုက်ပါ။ မအေးချမ်း၊ မလုံခြုံသောတိုင်းပြည်သည် ဘယ်နည်းနှင့်မှ မဖွံ့ဖြိုးမတိုးတက်နိုင်ပေ။

လက်နက်ကိုင်ဆူပူမှု စစ်ရေးပဋိပက္ခကို မိုက်မဲမှားယွင်းစွာ လုပ်ဆောင်နေကြသော အင်အားစုများ အချိန်ကာလသက်တမ်းရှည်လျားနေရခြင်းသည် အုပ်ချုပ်သူအစိုးရအဆက်ဆက်တွင် အောင်မြင်အောင် နှိမ်နင်းပြီး လုံးဝချုပ်ငြိမ်းပြီးပြတ်သွားအောင် လုပ်ဆောင်နိုင်စွမ်းမရှိခဲ့ခြင်းက အဓိကအကြောင်းအချက်ဟု ဆိုရမည်လားမသိ။

စစ်ရေးဘတ်ဂျက်နှင့် လူသူလက်နက်အင်အားကို စုပြုံအောပြီးသုံး၍ ချေမှုန်းလိုက်လျှင်ရော ပြီးပြတ်ချုပ်ငြိမ်းမသွားနိုင်ပေဘူးလား။ မရနိုင်ချေ။ မိမိရှိသမျှစွမ်းအားနှင့် အပြီးအပိုင်ကုန်အောင် ပုံအောပြီးတိုက်လိုက်လျှင်လည်း မြောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်နှင့် အဝေးတစ်နေရာပြင်ပမှ ထောက်ခံအားပေးရှူးတိုက်နေခြင်းက ပင်မအရင်းခံအကြောင်းတရားဖြစ်ကြောင်း ၁၉၆၈ ခုနှစ် ဇန်နဝါရီ ၁ ရက် နောက်ပိုင်းကာလရောက်လာမှ ပိုမိုသဲကွဲထင်ရှားစွာ နားလည်လာရတော့သည်။

မြန်မာနှင့် ယိုးဒယားသည် သမိုင်းတစ်လျှောက်မည်သူမှားသည်၊ မည်သူမှန်သည် နောက်မှ စစ်ပွဲများ ရေးမင်းတချို့လက်ထက်ဖြစ်ပွားခဲ့ကြသည်က သမိုင်းစာမျက်နှာတွင် ဖျောက်ဖျက်၍မရနိုင်ပေ။ ထိုင်းဟု မခေါ်မီက ယိုးဒယား-မြန်မာ စစ်ရှုံကြိမ်ဖြစ်ခဲ့ဖူးလေသည်။ သူတို့ တစ်ကြိမ်နိုင်ဖူးသည်လည်းရှိခဲ့၏။ မိမိတို့က ခုနစ်ကြိမ်နိုင်ခဲ့သည်လည်းရှိခဲ့၏။ ထိုင်းစာသင်ကျောင်းများတွင် နှစ်ပေါင်းရာချီကာ ဖားမ (ထိုင်းက မြန်မာလူမျိုးကို ဖားမဟု ခေါ်ဝေါ်ပါသည်) အလောင်းဘုရားဘုရင်လက်ထက်၊ သားတော်ဆင်ဖြူရှင်လက်ထက် ယိုးဒယားနိုင်ငံ၏ နေပြည်တော် အယုဒ္ဓယကို လပေါင်းများစွာ ဝန်းရံတိုက်ခိုက်ပြီး ခုခံတွန်းလှန်ခဲ့ရကြောင်း ထိုင်းလူမျိုးသမိုင်းကို သင်ကြားပို့ချပေးခဲ့ကြလေသည်။

**သင်ခန်းစာ**

ယိုးဒယား-မြန်မာ ရှေးခေတ်စစ်ပွဲအကြောင်း လက်ရှိ မြန်မာလူငယ်များ (ကျောင်းမှာလည်း မသင်ခဲ့ရလေသလားမသိ) မိမိတို့ပင် စိတ်ထဲမှာ အမှတ်အသားမရှိကြပေ။ သို့သော် ထိုင်းလူမျိုးတို့၏ မျိုးဆက်အစဉ်အဆက် အဆင့်ဆင့်ကား ယနေ့ထိ ဖားမစစ်သည်တော်တို့သည် ဘီလူးသူရဲပမာ ရက်စက်ကြမ်းကြုတ်သော လူရိုင်းများအဖြစ် သင်ကြားနားသွင်းထားလေသည်။ ဖားမကို အန္တရာယ်ပေးရန် အမြဲတစေကြံစည်နေ၏။ သမိုင်းသင်ခန်းစာမှတ်ယူ၏။

မြောက်ဘက်က မွန်ဂို၊ တာတာ၊ ဟန်လူမျိုးတို့ကလည်း မြန်မာနိုင်ငံ ပျူခေတ် (တကောင်း၊ ဟန်လင်း)၊ ပုဂံခေတ် (နရသီဟပတေ့မင်းလက်ထက်)၊ ကုန်းဘောင်ခေတ် (ဆင်ဖြူရှင်လက်ထက်)၊ လွတ်လပ်ရေးရစ ဦးနုခေတ် ( တရုတ်ဖြူ ကျူးကျော်ဝင်ရောက်မှု)၊ ဗိုလ်ချုပ်ကြီး နေဝင်းခေတ်၊ ၁၉၆၈ ခုနှစ် ဇန်နဝါရီလမှစ၍ အရှေ့မြောက်ဒေသ ဗကပဆူပူမှုနှိမ်နင်းရေးတိုက်ပွဲများ။ အနောက်ဘက်က ရခိုင်ပြည်နယ် မူဂျာဟစ်သူပုန်များ မောင်းထုတ်ခြင်း၊ လူမျိုးခြား ခိုးဝင်များတားဆီးရခြင်း၊ နှစ်ဆယ်ရာစုကာလအတွင်း နိုင်ငံတကာမှာ အခြေစိုက်စစ်စခန်းပေါင်း ၇၅၀ ချထားပြီး ကမ္ဘာကြီးတစ်ခုလုံးကို တစ်ဗိုလ်တစ်မင်းလွှမ်းမိုးနေသည့် အမေရိကန်ပြည်ထောင်စုက သူ့ဩဇာမခံ၊ စစ်စခန်းချခွင့်တောင်းခံခဲ့သည်ကိုလည်း အမြဲတစေငြင်းဆန်အာခံ၊ လက်မခံသော မြန်မာနိုင်ငံကို စစ်မျက်နှာပေါင်းစုံ ဘက်စုံစစ်ပွဲအသွင် ဝိုင်းပတ်ပိတ်ဆို့၊ တားဆီး၊ နှောင့်ယှက်၊ ဖျက်ဆီးနေရုံမက လက်နက်ကိုင်သူပုန်အမျိုးမျိုးကိုလည်း လက်နက်၊ ခဲယမ်း၊ ငွေကြေး၊ စိတ်ဓာတ်ရေး၊ မီဒီယာဝါဒဖြန့်ချိရေး၊ (ငွေကြေးကိစ္စ ပိတ်ဆို့ဖိနှိပ်ခြင်းအပါအဝင်) ထိုးဖောက်မွှေနှောက်နေခြင်း ရန်စွယ်အန္တရာယ်အမျိုးမျိုးကား ဆိုးရွားပြင်းထန်လွန်းလှသည်။ မြင်အောင်ကြည့်ကြ၊ သိအောင်လေ့လာမှ ကောင်းမည်။ အတော်ကြီး မာထန်လှသော မြန်မာမို့သာ အချုပ်အခြာအာဏာ မပြိုလဲသွားခဲ့ခြင်း။ နိုင်ငံတော်သစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွားဖက်တော်မိမိသည် ဘဝကိုပေးဆပ်၍ နိုင်ငံတော်အတွက် ကာကွယ်ခုခံရမည်ဟု အသွေးထဲ၊ အသားထဲကသာမက အရိုးထဲ၊ ခြင်ဆီထဲကပါ စွဲမြဲစွာခံယူသည်။

**စံယူချက်**

တက္ကသိုလ်ကျောင်းသားဘဝကပင် ဘွဲ့ရလျှင် ဗိုလ်သင်တန်းတက်ရန် ဝင်ခွင့်လျှောက်မည်။ စစ်မှုထမ်းမည်။ ဗိုလ်သင်တန်းတက်ခွင့်မရလျှင် တပ်သားရဲဘော်အဆင့်ကစပြီး လေ့ကျင့်ရေးတက်မည်။ စကားစပ်မိ၍ တင်ပြရလျှင် မိမိတစ်ယောက်သာ ဤသို့စိတ်ထက်သန်သည်မဟုတ်ဘဲ မိမိတို့ခေတ်ပြိုင်ကာလ ၁၉၆၀-၁၉၇၀-၁၉၈၀ အချိန်များဆီက ဗိုလ်သင်တန်းတက်ခွင့်မရလျှင်လည်း တပ်မတော်ကို တပ်သားသစ်ရဲဘော်ဘဝဖြင့်ဝင်မည်ဟူသော လူငယ်များရှိခဲ့ကြပေသည်။ ကျိုက်လတ်မြို့မှ မောင်လှအောင်သည် ဆယ်တန်းအောင်ပြီး စစ်တက္ကသိုလ်ဗိုလ်လောင်းလျှောက်သည်။ ဗိုလ်ရွေးအဖွဲ့ ရန်ကုန်သို့လာဖြေပြီး စစ်တက္ကသိုလ်ရချင်ရ၊ မရလည်း ရဲဘော်အဖြစ်ဝင်မည်ဟု စုဆောင်းရေးမှတစ်ဆင့် တပ်သားသစ်လေ့ကျင့်ရေးသို့ ရောက်ရှိသွားလေသည်။ ထိုမောင်လှအောင်လေးသည် စစ်တက္ကသိုလ်အမှတ်စဉ် (၁၅) ဗိုလ်လောင်းသင်တန်းမှဆင်းပြီး တပ်မတော် (ကြည်း) တွင် ဗိုလ်ချုပ်အဆင့်ထိ ကျရာတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့လေသည်။

မိမိတို့ ဗိုလ်လောင်းသင်တန်း အတူတကွတက်ခဲ့ကြသော အမြို့မြို့အနယ်နယ်မှ လူမျိုးစုံ၊ ဘွဲ့စုံ၊ တက္ကသိုလ်အမျိုးမျိုးတက်ခဲ့ကြသူ ၁၇၂ ယောက်အနက် တိုက်ပွဲစစ်မြေပြင်မှာ အသက်စွန့်လှူသွားသူ ၂၀ ကျော်။ ခြေလက်၊ မျက်စိ၊ ကိုယ်ခန္ဓာအစိတ်ပိုင်း စွန့်လှူခဲ့သူ ၂၀ ကျော်။ ပေးလာသမျှ နိုင်ငံ့တာဝန်ကို သူရဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်၊ ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် စသဖြင့် ဂုဏ်ပြုခံရလောက်အောင် စွန့်စားတာဝန်ကျေခဲ့ကြသူများလည်း ရှိခဲ့ပါ၏။

**ဘာအခွင့်အရေးမှလည်း မတောင့်တခဲ့၊**
**ဘာအကျိုးအမြတ်မှလည်း မရည်ရွယ်ခဲ့ကြ။**

ငါတို့ငယ်စဉ်ဘဝ လူငယ်လူရွယ် အသက်အပိုင်းအခြားလေးမှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်ထောင်စုနိုင်ငံ လွတ်လပ်ရေးကို ဘေးအန္တရာယ်အမျိုးမျိုး၊ ပြည်ပ၊ ပြည်တွင်း ချိတ်ဆက်ထိုးနှက်ဖျက်ဆီးနေခြင်း ရန်စွယ်အန္တရာယ်များကို တွန်းလှန်တိုက်ဖျက်၍ ကာကွယ်ကြမည်။ သေပါစေ တို့အသက်ကို ဖက်ရွက်မှတ်ပါတယ်။ ဘယ်မှာကြောက်စိတ်ရှိလိမ့် ငါတို့စစ်သားရယ်။

သစ္စာလေးချက်ဦးထိပ်ရွက်လျက် အသက်ရှင်ခဲ့သည်။ အခက်အခဲအမျိုးမျိုးကြားက စွန့်စားဖြတ်သန်းသည်။

**ဂုဏ်ရည်**

စစ်ဘက်ခေါင်းဆောင်ဖြစ်လာခဲ့မှတော့ သက်ဆိုင်ရာ အရည်အသွေးငါးရပ်ပြည့်စုံအောင် အဆက်မပြတ် လေ့လာလေ့ကျင့်ခဲ့ရ၏။ စာတွေ့၊ လက်တွေ့၊ စစ်မြေပြင်နှင့် စစ်သင်တန်းအမျိုးမျိုးမှာ ကိုယ်တွေ့။

ပထမ **ဉာဏ်ပညာရှိခြင်း** (Wisdom)၊ ဒုတိယ **ယုံကြည်မှု (ရိုးသားခြင်း)** (Sincerity)၊ တတိယ **စာနာတတ်ခြင်း** (Humanity)၊ စတုတ္ထ **ရဲစွမ်းသတ္တိ** (Courage)၊ ပဉ္စမ **စည်းကမ်း၊ ဥပဒေ၊ ကျင့်ဝတ်များကို တစ်သဝေမတိမ်းလိုက်နာတတ်ခြင်း** (Strict-ness)၊ ဤအချက်များကို သိရုံသိနေခြင်းမျှနှင့်မရ။ သေချာစွာနားလည်ခံယူပြီး လက်တွေ့လိုက်နာကျင့်သုံးနေရမည်ဟု ဆရာသမားများက ကြပ်မတ်သင်ကြားသည်။ မိမိဘဝတွင် ကျောင်းသားအဖြစ် ကျောင်းစာပညာ သင်ယူဆည်းပူးခဲ့ရသည်။ စစ်သားအဖြစ် အသက်မွေးရင်း စစ်ပညာကို လေ့ကျင့်အသုံးချခဲ့ရသည်။ နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးသည် စစ်သားတစ်ယောက်တည်း၏ တာဝန်မဟုတ်၊ စစ်မှုထမ်းတစ်မျိုးတစ်စားတည်း၏ အလုပ်မဟုတ်။ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် နိုင်ငံသူ၊ နိုင်ငံသား၊ ပြည်သူပြည်သားအားလုံး၏ ခိုင်မာကြီးမားသော မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ တိုင်းပြည်အကျိုးသယ်ပိုးစွမ်းဆောင်လိုသော စိတ်နေသဘောထား (Attitude) က အခြေခံလိုအပ်ပါပေသည်။

အထက်တန်းကျောင်းသားအရွယ်လောက်ကပင် မိမိ၏ အထုံဝါသနာ၊ စိတ်ပါဝင်စားမှုလမ်းကြောင်း (Aptitude)ကို ခွဲခြားနားလည်သည်။ မိမိဘဝကို ချမ်းသာဖို့လည်း မလိုပါ။ ဆင်းရဲလျှင်လည်းရပါသည်။ စာရေးဆရာဘဝပဲဖြစ်ချင်သည်။ စာရေးဆရာဖြစ်ဖို့လမ်းသည် ဓားတောင်များကိုကျော်ရမည်ဆိုလည်း ကျော်ပါမည်။ မီးပင်လယ်ကြီးကို ဖြတ်သန်းကူးခပ်ရမည်ဆိုလည်း ဖြတ်ပါမည်။ ၁၉၆၄ ခုနှစ် ကိုးတန်းအောင်တော့ ဆုံးဖြတ်ခဲ့၏။ နှစ်ပေါင်း ၂၀ ကြာသောအခါ ၁၉၈၄ ခုနှစ် အောက်တိုဘာလမှစ၍ လစဉ်လစဉ် မိမိစာမူများသည် စာနယ်ဇင်း လေး၊ ငါး၊ ခြောက်စောင်တို့မှာ မိုးသီးမိုးပေါက်များသွန်ချ၍ ရွာသကဲ့သို့ ရွေးချယ်ဖော်ပြခံခဲ့ရပေပြီ။

**မှတ်ကျောက်**

စာရေးသူ၏စာမူများက သန့်သည်လား။ သန့်ပေမည်။ မဂ္ဂဇင်းဂျာနယ် အယ်ဒီတာဆရာတို့၏ စားပွဲကို ဖြတ်သန်းပြီးမှ စာဖတ်သူရှေ့မှောက်သို့ ရောက်လာ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ပန်းတနော်မြို့နယ်မှ မအူပင်မြို့သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငရုတ်သီးစိမ်းပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ပန်းတနော် နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ မအူပင်မြို့သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငရုတ်သီးစိမ်းပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ဦးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ မအူပင်မြို့သို့ ပြီးခဲ့သည့်စက်တင်ဘာလက ငရုတ်သီးစိမ်း ပိဿာချိန် ၃၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးစိမ်း ပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်းသည် ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ဈေးရှိကြောင်း သိရသည်။

"မအူပင်မြို့ကို ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက ငရုတ်သီးစိမ်းပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို မအူပင်မြို့ကို အဓိကတင်ပို့တာပါ။ အဲဒီဘက်က ကုန်သည်တွေ၊ ကုန်စိမ်းရောင်းဝယ်သူတွေနဲ့ ချိတ်ထားတယ်။ မအူပင်မြို့ကနေ အခြားဒေသတွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာပါ။ အခုနှစ် ဒေသထွက် ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်"ဟု ပန်းတနော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ဦးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲ၍ ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး တောင်သူတစ်ဦးလျှင် ငရုတ်တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း၊ လက်ရှိတွင် ငရုတ်သီးစိမ်းများ တင်ပို့ရောင်းချအားတက်လာခြင်း၊ ငရုတ်အရည်အသွေးကောင်းခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## ပညာတန်ဖိုး

- ပညာကို တန်ဖိုးထား
  ကြိုးစားကြ မောင်နှင့်မယ်၊
  ပညာသည် ဘဝအတွက်
  ဂုဏ်တက်စေတယ်၊
  ဖွဲလို့လ စိုက်ထူတကယ်
  ပညာရယ် ရအောင်ကြိုး၊
  ပညာသည် ရတနာစစ်မို့
  ထုဆစ်စိုက်ပျိုး။

- ပညာသည် လူ့တန်ဖိုး
  ဘုန်းတန်ခိုး ပြည့်လျှံဝေ၊
  လူဘုံအလယ် ရဲရင့်လို့
  ပွဲတင့်တယ်ပေ၊
  ပညာဆီမီး အလင်းရောင်တွေ
  ထွန်းပြောင်စေ ရာသက်လုံး၊
  လောကဓံကို ဘယ်မမှုတယ်
  အန်တုရှင်ပြုံး။

- ပွားကျင့်ကြ သူတော်ထုံးကိုလ
  လက်ကိုင်သုံး ထာဝစဉ်၊
  ပညာဂုဏ် တန်ခိုးထွားလို့
  ရိုးသားအစဉ်၊
  ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်
  လူ့ဘဝတွင် လျှောက်လှမ်းမနွေး၊
  ရည်မှန်းရာ ပန်းတိုင်အရောက်
  လှမ်းလျှောက်စို့လေး။ ။

**ရဲသွေးနီ(တက်ဝန်)**

➤ **စာမျက်နှာ ၄ မှအဆက်**

ခဲ့ခြင်းဖြစ်လေသည်။ လေးနှစ်၊ ငါးနှစ် အပယ်ခံ စာမူပေါင်းများစွာ အပယ်ခံပြီးမှ အယ်ဒီတာများ ရွေးချယ်စင်တင်ပေးခြင်းခံရသည်ဖြစ်၍ **"ဆရာသစင် ကျေးဇူးရှင်များ"**ကို ဤနေရာမှ မှတ်တမ်းတင်ပါရစေ-

၁။ ရွှေမဝ **ဆရာမောင်ဆွေတင့်၊ ဆရာ မောင်မြင့်မြတ်**

၂။ မိုးဝေ **ဆရာနတ်နွယ်၊ ဆရာမောင်သွေးသစ်**

၃။ ချယ်ရီ **ဆရာအောင်ပြည့်**

၄။ ကလျာ **ဆရာမောင်ဝဏ္ဏ၊ ဆရာမကလျာ(ဝိဇ္ဇာ၊ သိပ္ပံ)**

၅။ မြတ်လေး **ဆရာမကြီး မြတ်လေး**

၆။ လုံမလေး **ဆရာမ မလေးလုံ၊ ဆရာမ ရွှေသဥ္ဇာ**

၇။ ရုပ်ရှင်အောင်လံ၊ ရွှေအောင်လံ **ပျော်ဘွယ်ရိုးမြင့်အောင်**

၈။ သောင်းပြောင်းထွေလာ **ဆရာကြီးသော်တာဆွေ၊ ဆရာ ငွေမောင်း၊ ဆရာ ရွှေတည်ရန်နောင်**

၉။ မြဝတီ **ဆရာမောင်မြင့်ကြွယ်၊ ဆရာ တက္ကသိုလ် လုကြွယ်၊**

၁၀။ ပေဖူးလွှာ **ဆရာမြလှိုင်**

၁၁။ အတွေးအမြင် **ဆရာမောင်ဝံသ၊ ဆရာ မောင်ကောင်းမြင့်**

၁၂။ အပျိုမ **ဆရာမြတ်နိုင်**

၁၃။ စံပယ်ဖြူ **ဆရာမကြီး ခင်ဆွေဦး၊**

၁၄။ စစ်ပြန် **တက္ကသိုလ်နန္ဒမိတ်၊ မောင်ကျော်သာ၊ သူရဇော်**

၁၅။ စာပေလုပ်သား **ညိုဝင်း၊ သံလျင်မောင်မောင်ဦး**

၁၆။ သုတစွယ်စုံ **ဒေါက်တာတင်ထွန်းဦး**

၁၇။ YOUTH **ဆရာကောင်းသန့်**

၁၈။ FASHION IMAGE **အယ်ဒီတာများ** မဂ္ဂဇင်း စသည် စသည်. . .

မိမိရေးချင်ရာရေး၍ ကောင်းကျိုးမရရှိနိုင်။ အယ်ဒီတာနှင့် စာဖတ်သူနှစ်သက်ရာ၊ ကောင်းကျိုးရှိရာကို မိမိက ပါဝင်ဖြည့်စွမ်းနိုင်ခြင်းရှိမှ သာလမ်းမှန်ဖြစ်ကြောင်း ဆရာကြီး လယ်တွင်းသားစောချစ်၏ သင်ကြားသွန်သင်မှုဖြင့် ကိုယ်တွေ့နားလည်ခဲ့ရပါသည်။

**ဂုဏ်ပြု**

မိမိဖတ်ဖူး လေ့လာလေးစားအတုယူရသော တရားသူကြီး စာရေးဆရာများကိုလည်း ဂုဏ်ပြုဖော်ပြပါရစေ-

၁။ **မောင်ထင်** ဦးထင်ဖတ် (မြို့ပိုင်၊ နယ်ပိုင်)

၂။ **သိပ္ပံမောင်ဝ** ဦးစိန်တင် (နယ်ပိုင်)

၃။ **မန်းတင်** ဦးထွန်းတင် (တိုင်းမင်းကြီး၊ နိုင်ငံတော် ကောင်စီဝင်)

၄။ **တက္ကသိုလ်မောင်မောင်ခင်** ဦးမောင်မောင်ခင် (နယ်ပိုင်)

၅။ **ဒေါက်တာမောင်မောင်** (တရားသူကြီးချုပ်)

၆။ **ဗန်းမော်ရွှေညို** (တရားသူကြီး ဦးမြအေး)

၇။ **ကျိုက်လတ်မိုးမြင့်** (တရားသူကြီး ဦးမြင့်)

၈။ **မောင်ရင့်မာ(ကျောင်းကုန်း)** (တရားသူကြီး ဦးအုန်းမြင့်)

ရဲဘက်ဆိုင်ရာတာဝန်ဝတ္တရားများ ထမ်းဆောင်လျက် အကျဉ်းထောင်အုပ်ချုပ်ကွပ်ကဲမှုကို တာဝန်ခံပြီး တစ်ဖက်မှ စာပေရေးသားခဲ့ကြသော ပုဂ္ဂိုလ်များကိုလည်း အထူးလေးစားအားကျခဲ့ရပါ၏။

၁။ **ပုလိပ်အရာရှိတစ်ဦး** (ခရိုင်ရဲဝန် ဦးဘသော်)

၂။ **ရဲအရာရှိတစ်ဦး**

၃။ **ခင်မောင်ထွန်း (လမ်းမတော်)၊** ရဲမှူးကြီး ခင်မောင်ထွန်း

၄။ **ဗလမင်းထင်၊** ဒုရဲမှူးကြီး မင်းထွတ်

၅။ **ထက်ခေါင်၊** ရဲမှူးချုပ် ဝင်းခေါင်

၆။ **ရဲခေါင်ဝင်း (ကျိုက်ကော်)၊** ရဲမှူးကြီး ဝင်းမြင့်

၇။ **ခေ်ရဲအိမ်၊** ရဲမှူးကြီး သိန်းထွန်း

၈။ **တောင်တွင်း မောင်သင်းကျော်၊** ဒုရဲမှူးကြီး အောင်မြင့်

၉။ **တင်တော်၊** ဒုရဲမှူးကြီး ဦးတင်ထွန်း

၁၀။ **မောင်သက်နှင်း (ဥက္ကလာ)၊** မြို့နယ်ရဲတပ်ဖွဲ့မှူး

၁၁။ **ရန်အောင်မောင်မောင်၊** ထောင်ပိုင် ဦးမောင်မောင်

၁၂။ **မင်းသူရိန်၊** အကျဉ်းဦးစီးအရာရှိ

၁၃။ **မျိုးမြင့်ရန်နောင်၊** ရဲမှူး ဦးပါကျင် (စကော့တလန် ယာဒ် စုံထောက်ပညာဒီပလိုမာ၊ ၁၉၃၈)

၁၄။ **အိုင်ပီမျိုးအောင်၊** ရဲအုပ် စောမျိုးအောင်

ထို့ပြင် စုံထောက်ဝတ္ထုရေးဆရာများသည်ကား စာရေးသူကို စာဖတ်ကျင့်စွဲအောင် ဆွဲဆောင်လေ့ကျင့်ပေးခဲ့သော ကျေးဇူးတင်ထိုက်သူ ကျေးဇူးရှင်ဆရာများပင်ဖြစ်သောကြောင့် သူတို့အမည်ကိုလည်း မှတ်တမ်းတင်ဖော်ပြလိုပါသေး၏။

**ရွှေဥဒေါင်း** (စုံထောက်မောင်စံရှား ဝတ္ထုများ)၊ **ဒဂုန်ရွှေမျှား** (စုံထောက် ဦးထင်ကျော်ဝတ္ထုများ)၊ **ရှုခံ** (မိုက်ခဲထွန်းရွှေ ဝတ္ထုများ)၊ **မိုးဝေ** (စုံထောက် တင်မောင်ဆွေ)၊ **ဇော်ဇော်အောင်** (စုံထောက်စိုးအောင်)၊ **မင်းသိခ်** (စုံထောက် ဆားပုလင်းနှင်းမောင်)၊ **နတ်နွယ်၊ မောင်သက်နောင်၊ တင့်ဆန်း၊ ခေ်ကိုင်း အေးလွင်၊ ဆွေလှိုင်ဦး၊ တက္ကသိုလ်တင်မြင့်၊ ဝင်းမောင်ထွန်း၊ ရဲအောင်ဇေ** (မြသန်းတင့်ကလောင်ခွဲ) အစရှိသောစုံထောက်ဝတ္ထုရေးဆရာများအပြင် **တက္ကသိုလ်နေဝင်း၊ မြသန်းတင့်၊ မောင်မိုးသူ၊ မောင်မြင့်ကြွယ်၊ ဆွေမြင့်** စသော ဘာသာပြန်စုံထောက်ဝတ္ထုများရေးသားသူ ဆရာသမားများကိုလည်း လေးစားရှိသေစွာ ကျေးဇူးတင်လျက်သတိရနေမိပါသည်။

**နိဂုံး**

နေပါဦး၊ ခေါင်းစဉ်က စုံထောက်၊ လူသတ်သမားနှင့် တရားသူကြီးဟု နာမည်ပေးထားသည်မဟုတ်လား။ ဟုတ်ပါ၏။ စုံထောက်များ၊ တရားသူကြီးများကို အမည်နှင့်တကွ ဖော်ပြဂုဏ်တင်ပြီး **"လူသတ်သမား"** အကြောင်းအရာနှင့် သူတို့၏ အမည်နာမတော့ မတွေ့ရပါလား။ ဩော်. . . ပြည်သူလူထုကို တရားမဲ့သတ်ဖြတ်နှိပ်စက်၊ ရွာများမီးရှို့၊ တံတားများချိုး၊ လျှပ်စစ်တာဝါတိုင်များ မိုင်းခွဲ၊ ရထားလမ်း၊ ကားလမ်းများ မိုင်းထောင်၊ မုဒိမ်းကျင့်၊ လူသတ်၊ ဂိတ်ကြေးကောက်၊ ဆက်ကြေးတောင်း၊ ဓားပြတိုက်၊ (တော်လှန်ရေးအမည်ခံ လိမ်ညာလှည့်စားပြီး) အကြမ်းဖက်နေသူများနှင့် အားပေးထောက်ပံ့နေကြသူများပဲလေ။ ပြောစရာမလိုတော့ဟု ထင်ပါသည်။

ပြည်သူလူထု အေးချမ်းသာယာလုံခြုံရေးဘက်က ရဲများ၊ ထောက်လှမ်းရေး၊ စုံထောက်များ၊ တရားသူကြီး၊ တရားဥပဒေအရာရှိများကို လူဆိုးလူမိုက်ဖြစ်အောင် မှိုင်းတိုက်ပြီး လူသတ်သမားဥပဒေဆန့်ကျင်ဘက် အကြမ်းဖက်သူများကိုတော့ တော်လှန်ရေးတိုက်ပွဲဝင်သူများဆိုပြီး ငွေအား၊ လူအား၊ စိတ်ဓာတ်အား၊ လက်ခုပ်တီးပေးနေသူများ လွဲမှားသည့်အမြင် စွဲဝင်အောင် လှုံ့ဆော်နေသည့် အလိမ်အညာမီဒီယာ၏ စွမ်းအားလွှမ်းမိုးမှုကို ဖယ်ရှားရှုမြင်တတ်ပါစေဟုသာ ဆုတောင်းရပါသည်။

## နိုင်ငံတကာ သတင်းများ

# ရုရှား၏ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသစ် ဘူလာဗာဒုံးကျည် စမ်းသပ်ပစ်လွှတ်

**မော်စကို နိုဝင်ဘာ ၅**

ရုရှားရေတပ်၏ အင်ပီရေတာ အလက်ဇန်းဒါး-၃အမည်ရှိ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော သည် ဘူလာဗာအမျိုးအစားတိုက် ချင်းပစ် ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဘူလာဗာဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုသည် အင်ပီရေတာ အလက်ဇန်းဒါး-၃အတွက် နောက်ဆုံးစမ်းသပ်မှုဖြစ်ပြီး ယင်းစမ်းသပ်မှုပြီးဆုံးပြီးနောက် ယင်းရေငုပ်သင်္ဘောကို ရေတပ်၌လက်ခံရန် ဆုံးဖြတ်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါ ရေငုပ်သင်္ဘောသည် ဘူလာဗာတိုက်ချင်းပစ်ဒုံးကျည်ကို ရုရှားနိုင်ငံမြောက်ပိုင်း ပင်လယ်ဖြူဒေသရေအောက်မှတစ်ဆင့်စမ်းသပ်ပစ်လွှတ်ခဲ့ရာ ရုရှားအရှေ့ဖျားဒေသ ကမ်ချက်တာကျွန်းဆွယ်ရှိ ပစ်မှတ်နယ်မြေပေါ် ကျရောက်ခဲ့ကြောင်း သိရသည်။

အင်ပီရေတာအလက်ဇန်းဒါး- ၃ ရေငုပ်သင်္ဘောတိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှု ပြုလုပ်ခဲ့သည့်အချိန်ကို ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ရုရှားရေတပ်သည် အင်ပီရေတာအလက်ဇန်းဒါး-၃ ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင်ရေချခဲ့ရာ ရေချပွဲသို့ ရုရှားသမ္မတပူတင် ကိုယ်တိုင်တက်ရောက်ခဲ့သည်။

ဘူလာဗာတိုက်ချင်းပစ်ဒုံးကျည်များသည် နျူကလီးယား ထိပ်ဖူးခြောက်ခုသယ်ဆောင်၍မိုင် ၅၀၀၀ ထိပျံသန်းနိုင်သော ရုရှားရေတပ်မဟာဗျူဟာမြောက် တိုက်ချင်းပစ်ဒုံးကျည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ဩစတြေးလျ၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ မီးသတ်သမား သုံးဦး သေဆုံး

**ဆစ်ဒနီ နိုဝင်ဘာ ၅**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တစ်နေရာ၌ နိုဝင်ဘာ ၄ ရက်က အပေါ့စားလေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လိုက်ပါသွားသည့် မီးသတ်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ လေယာဉ်ငယ်သည် မက်ကင်းလေးအမည်ရှိ မြို့ငယ်တစ်မြို့အနီးတွင် ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း ဩစတြေးလျတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မက်ကင်းလေးမြို့သည်ကွင်းစလန်းပြည်နယ် ဘရစ္စဘိန်းမြို့နှင့် မိုင်ပေါင်း ၉၃၂ မိုင်အကွာတွင် တည်ရှိသော မြို့ငယ်တစ်မြို့ဖြစ်သည်။

ကွင်းစလန်းပြည်နယ်အတွင်းရှိ မီးသတ်သမားများသည် ယခုရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သည့် တောမီး လောင်ကျွမ်းမှုများကို ခက်ခက်ခဲခဲထိန်းချုပ်ပေးခဲ့ရသည်။

ပျက်ကျခဲ့သည့် လေယာဉ်မှာ တောမီးလောင်ကျွမ်းမှုများကိုမြေပုံရေးထုတ်ရေးအတွက် ကွင်းစလန်းပြည်နယ် မီးသတ်ဌာနက ငှားရမ်းထားသည့် လေယာဉ်ဖြစ်ကြောင်း သိရသည်။

လေယာဉ် ပျက်ကျမှုအတွင်း မီးသတ်သမားသုံးဦး သေဆုံးခဲ့ရသည့်အတွက် ၎င်းတို့၏မိသားစုဝင်များနှင့်ထပ်တူဝမ်းနည်းရသည်ဟု ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် အနောက်ဘက်ကမ်းဒေသ၌ မာမွတ်အဘတ်စ်နှင့်တွေ့ဆုံ



**ရာမာလာ နိုဝင်ဘာ ၅**

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး အန်တိုနီဘလင်ကန်သည် ကြိုတင်ကြေညာခြင်းမရှိဘဲ ယနေ့တွင် အနောက်ဘက်ကမ်းဒေသသို့ ရောက်ရှိခဲ့ပြီး ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား တိုက်ပွဲများဆက်လက်ပြင်းထန်နေစဉ် ပဋိပက္ခအရှိန်ကိုလျှော့ချရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်မှာ အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိနေခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးနှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ မာမွတ်အဘတ်စ်တို့သည် အနောက်ဘက်ကမ်းဒေသ ရာမာလာမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး အန်တိုနီဘလင်ကန်သည် အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း အာရပ်ခေါင်းဆောင်များ၏ ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးတောင်းဆိုမှုကို ငြင်းပယ်ထားသည်။

လက်ရှိအချိန်တွင် အစ္စရေးစစ်ဘက်သည် ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းတိုက်ခိုက်မှုများဆက်လက်ပြုလုပ်နေဆဲဖြစ်ရာ လက်ရှိအချိန်ထိ ပါလက်စတိုင်း ၉၅၀၀နီးပါးသေဆုံးခဲ့ရပြီဖြစ်ကြောင်း ဂါဇာဒေသကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို တိုက်ခိုက်ခဲ့ရာ အစ္စရေး-ဟားမတ်စ် စစ်ပွဲစတင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီ ပြောကြား

**ရှန်ဟိုင်း နိုဝင်ဘာ ၅**

တွေ့ဆုံဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တရုတ်-ဩစတြေးလျ နှစ်နိုင်ငံဆက်ဆံရေးကို တည်ဆောက်ခြင်းသည် နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည်ဟု ဩစတြေးလျဝန်ကြီးချုပ်အန်တိုနီယိုအယ်လ်ဘာနီစီက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရှန်ဟိုင်းမြို့၌ ကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲ ၂၀၂၃ အခမ်းအနားမိန့်ခွန်းတွင် ဩစတြေးလျဝန်ကြီးချုပ်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဩစတြေးလျနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်သည်ဟု ဩစတြေးလျဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဩစတြေးလျ ဝန်ကြီးချုပ် အန်တိုနီယိုအယ်လ်ဘာနီစီသည် တရုတ်ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးရေးအတွက် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၄ ရက်တွင် စတင်ရောက်ရှိခဲ့သည်။

ဟွာဝေးကုမ္ပဏီပြဿနာ၊ သူလျှိုစွပ်စွဲချက်ပြဿနာ၊ ကိုဗစ်-၁၉ ရောဂါပြဿနာအပါအဝင် ပြဿနာအမျိုးမျိုးကြောင့် တင်းမာနေခဲ့ရသည့် တရုတ်နှင့် ဩစတြေးလျ နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပုံစံချနိုင်ရေးအတွက် တရုတ်နိုင်ငံသို့ ဩစတြေးလျဝန်ကြီးချုပ် ရောက်ရှိနေခြင်းဖြစ်သည်။

ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် နိုဝင်ဘာ ၆ ရက်တွင် ပေကျင်းမြို့၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အာဏာရပါတီခေါင်းဆောင်နေရာကို ဒုတိယဝန်ကြီးချုပ်ထံ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း လွှဲအပ်မည်

**စင်ကာပူ နိုဝင်ဘာ ၅**

လက်ရှိအာဏာရပြည်သူ့လှုပ်ရှားမှုပါတီ(ပီအေပီ)ခေါင်းဆောင်ရာထူးကိုဒုတိယဝန်ကြီးချုပ်လောရင့်ဝေါင်ထံလွှဲပေးမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ယနေ့တွင် ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် လီရှန်လွန်းအနေဖြင့် ပီအေပီပါတီခေါင်းဆောင်နေရာကို အထွေထွေရွေးကောက်ပွဲမကျင်းပမီ တစ်နှစ်အလို ၂၀၂၄ခုနှစ် နိုဝင်ဘာလတွင် လွှဲအပ်ရန် စီစဉ်ထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလသည် ပီအေပီပါတီဖွဲ့စည်းတည်ထောင်မှု နှစ် ၇၀ ပြည့်အထိမ်းအမှတ်ကာလဖြစ်သည်။



ပီအေပီပါတီသည် လာမည့်ရွေးကောက်ပွဲတွင်လည်း ထပ်မံအနိုင်ရနိုင်ခြေများသည်ဖြစ်ရာ ဒုတိယဝန်ကြီးချုပ် လောရင့်ဝေါင်အနေဖြင့် စင်ကာပူနိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ် ဖြစ်လာနိုင်ကြောင်း သိရသည်။

၂၀၀၄ ခုနှစ်မှစ၍ ပီအေပီပါတီအတွင်းရေးမှူးချုပ်တာဝန်နှင့် ဝန်ကြီးချုပ်တာဝန်များကို ရယူထားခဲ့သည့် လက်ရှိစင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် ၎င်း၏အရိုက်အရာကို ဆက်ခံမည့်သူအဖြစ် လောရင့်ဝေါင်ကို ပြီးခဲ့သည့်နှစ်ကပင် ရွေးချယ်ထားပြီးဖြစ်သည်။

လောရင့်ဝေါင်သည် စင်ကာပူ ဒုတိယဝန်ကြီးချုပ် တာဝန်အပြင် ဘဏ္ဍာရေးဝန်ကြီး တာဝန်ကိုပါ တွဲဖက်ရယူထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကြယ်စုနှင့်ကြယ်စုအစုအဝေးပေါင်း ၂၀၀ ကျော်တို့၏ အကွာအဝေးကို တွက်ချက်နိုင်ရေးအတွက် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ကူညီနိုင်ခဲ့



**အော့တဝါ နိုဝင်ဘာ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်စုနှင့်ကြယ်စုအစုအဝေးပေါင်း ၂၀၀ ကျော်တို့၏ အကွာအဝေးကို တွက်ချက်နိုင်ရေးအတွက် သိပ္ပံပညာရှင်များကို ကူညီနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများ၌ ရေးသားတင်ပြထားသည်။

ကနေဒါ သိပ္ပံပညာရှင်များသည် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရိုက်ကူးပေးပို့ခဲ့သော ကြယ်စုဓာတ်ပုံတစ်ပုံကိုအသုံးပြု၍ ကြယ်စုများနှင့်ကြယ်စုအစုအဝေးပေါင်း ၂၀၀ ကျော်တို့၏ ကမ္ဘာမြေနှင့် အကွာအဝေးများကို တွက်ချက်နိုင်ခဲ့ကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရိုက်ကူးပေးပို့ခဲ့သည့် အထက်ပါဓာတ်ပုံထဲတွင် အနည်းဆုံးကြယ်စုပေါင်း ၇၀၀၀ ပါဝင်ခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ အကုန်အကျခံ တည်ဆောက်ထားသည့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကို နာဆာအဖွဲ့က ၂၀၂၁ ခုနှစ် နိုဝင်ဘာလက လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်တွင် NIRISS ခေါ် ကြယ်များ၊ ကြယ်စုများ၏ ဖြာထွက်ရောင်ခြည်များကို ထောက်လှမ်းနိုင်သော ကင်မရာစနစ်လည်း တပ်ဆင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အပျော်တမ်းနက္ခတ်တာရာလေ့လာသူများ ၂၀၂၅ ခုနှစ်တွင် စနေဂြိုဟ်၏ခါးပတ်ကွင်းများကို ယာယီအားဖြင့်တွေ့မြင်နိုင်လိမ့်မည်မဟုတ်

**ဝါရှင်တန် နိုဝင်ဘာ ၅**

အပျော်တမ်း နက္ခတ်တာရာလေ့လာသူများအနေဖြင့် ၂၀၂၅ ခုနှစ်တွင် စနေဂြိုဟ်၏ခါးပတ်ကွင်းများကို ယာယီအားဖြင့် တွေ့မြင်နိုင်လိမ့်မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အီတလီသိပ္ပံပညာရှင် ဂယ်လီလီယိုက ၁၆၁၀ ပြည့်နှစ်တွင် ပထမဆုံးတွေ့ရှိခဲ့သော စနေဂြိုဟ်ခါးပတ်ကွင်းများကို နောက်ပိုင်းတွင်သာမန်ရေဒီယိုတယ်လီစကုပ်များနှင့်ပင် အပျော်တမ်းနက္ခတ်တာရာ လေ့လာသူများက တွေ့မြင်နိုင်ခဲ့သည်။

သို့ရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၃ ရက်မှစ၍ စနေဂြိုဟ်သည် ၎င်း၏ဝင်ရိုးအပေါ် သုည ဒီဂရီထိ တိမ်းစောင်းနေမည်ဖြစ်ရာ ခါးပတ်ကွင်းများ၏ အနားစွန်းကိုသာ တွေ့မြင်လေ့လာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

စနေဂြိုဟ် ခါးပတ်ကွင်းများ၏ ထုသည် ပေ ၃၀၀ ထိရှိတတ်သော်လည်း မိုင်ပေါင်း ၇၄၆ သန်းအကွာ ကမ္ဘာမြေပေါ်မှ လှမ်းကြည့်မည်ဆိုလျှင် ဂြိုဟ်ခါးပတ်ကွင်းများ၏ အနားသတ်ထုသည် ဗလာစာရွက်တစ်ရွက်ထက်ပင် ပို၍ပါးလွှာနေမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။



သို့ဖြစ်ရာ သာမန်ရေဒီယိုတယ်လီစကုပ်များဖြင့် စနေဂြိုဟ်ခါးပတ်ကွင်းများကို လေ့လာနေသူများအနေဖြင့် ၂၀၂၅ ခုနှစ်မှစ၍ ၎င်းဂြိုဟ်ခါးပတ်ကွင်းများကို တွေ့မြင်နိုင်ဖွယ်မရှိတော့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် နေပတ်လမ်းပေါ်၌ စနေဂြိုဟ်ဆက်လက်ပျံသန်းနေစဉ် နောက်ပိုင်းတွင် ခါးပတ်ကွင်းများ တဖြည်းဖြည်း ပြန်ပေါ်လာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**

## ကီလိုနိုဗာစကြဝဠာပေါက်ကွဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာပေါ်၌ နှစ်ပေါင်းထောင်နှင့်ချီ၍ သက်ရှိများပျက်သုဉ်းပျောက်ကွယ်သွားနိုင်

**ဝါရှင်တန် နိုဝင်ဘာ ၅**

ကီလိုနိုဗာ(Kilonova) ခေါ် ထူးဆန်းသည့်စကြဝဠာပေါက်ကွဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာပေါ်၌ နှစ်ပေါင်း ထောင်နှင့်ချီ၍ သက်ရှိများ ပျက်သုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ကီလိုနိုဗာပေါက်ကွဲမှုများသည် နျူထရွန်ကြယ်နှစ်စင်း ဝင်တိုက်ချိန် သို့မဟုတ် နျူထရွန်ကြယ် နှစ်စင်းနှင့် အာကာသတွင်းနက်တစ်ခု ဝင်တိုက်ချိန်တွင် ဖြစ်ပွားတတ်သော စကြဝဠာပေါက်ကွဲမှုဖြစ်ကြောင်း သိရသည်။

ကီလိုနိုဗာ ပေါက်ကွဲမှုမှထွက်ပေါ်လာသည့် ဂမ်မာရောင်ခြည် ပေါက်ကွဲမှုသည် စက္ကန့်ပိုင်းမျှသာကြာမြင့်တတ်သော်လည်း အလွန်ပြင်းထန်ကြောင်း သိရသည်။

အကယ်၍ ကမ္ဘာမြေနှင့် အလင်းနှစ် ၃၆ နှစ်အကွာတွင် နျူထရွန်ကြယ်နှစ်စင်း ဝင်တိုက်ခဲ့ပါက ပေါ်ထွက်လာသည့် ဖြာထွက်ရောင်ခြည်များကြောင့် ကမ္ဘာပေါ်၌ သက်ရှိများ နှစ်ပေါင်းထောင်နှင့်ချီ၍ ပျက်သုဉ်းပျောက်ကွယ် သွားနိုင်ကြောင်း အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ထိုမျှလောက်နီးကပ်သည့်အကွာအဝေးအတွင်း ကီလိုနိုဗာပေါက်ကွဲမှုဖြစ်နိုင်ခြေမှာ အလွန်နည်းပါးကြောင်း သိပ္ပံပညာရှင်များက ဝန်ခံထားသည်။

ကမ္ဘာမြေနှင့်အနီးဆုံး နျူထရွန်ကြယ်များအဖြစ် သတ်မှတ်ခံထားရသည့် နျူထရွန်ကြယ်များမှာ ကမ္ဘာမြေနှင့် အလင်းနှစ် ၄၀၀ ကျော်အကွာတွင် တည်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## လူသားများထံ ကူးစက်ရလွယ်သော မျောက်ကျောက်ဗိုင်းရပ်တစ်မျိုး ထပ်ပေါ်လာနိုင်

**လန်ဒန် နိုဝင်ဘာ ၅**

မျောက်ကျောက်ဗိုင်းရပ် (Monkey Pox) သည် မျိုးဗီဇဆက်ပြောင်းနေဆဲ၊ လူသားများကြား ကူးစက်နေဆဲဖြစ်ရာ လူသားများထံ ကူးစက်ရပိုလွယ်သည့် ဗီဇပြောင်း မျောက်ကျောက်ဗိုင်းရပ်တစ်မျိုး ထပ်ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၄ ရက်တွင် သတိပေးလိုက်သည်။

မျောက်ကျောက်ဗိုင်းရပ်များသည် လက်ရှိအချိန်တွင် ၂၀၁၈ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ဗီဇပြောင်းလဲမှုနှုန်း ပိုမြန်လာကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

မျောက်ကျောက်ဗိုင်းရပ်များ၏ ဗီဇအပြောင်းအလဲသည် ၎င်းဗိုင်းရပ်များ ပုံတူပွားမှုကိုတားဆီးရေးအတွက် လူ့ခုခံအားစနစ်က တိုက်ခိုက်တတ်သော မျိုးဗီဇတစ်မျိုး၌ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဗြိတိန်သုတေသနပညာရှင်များ၏အဆိုအရ မျောက်ကျောက်ဗိုင်းရပ်သည် လက်ရှိကူးစက်မှု မတိုင်မီ ခြောက်နှစ်အလို အနည်းဆုံး ၂၀၁၆ ခုနှစ်ခန့်ကပင် လူသားများထံ စတင်ကူးစက်နေပြီဖြစ်ကြောင်း သိရသည်။

မျောက်ကျောက်ဗိုင်းရပ်များ၏ ဗီဇအပြောင်းအလဲ ပိုမြန်လာမှုကြောင့် လူသားများထံ ကူးစက်ရပိုလွယ်သည့် မျောက်ကျောက်ဗိုင်းရပ်မျိုးကွဲသစ်တစ်မျိုး ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

လက်ရှိကမ္ဘာတစ်ဝန်း အဓိကကူးစက်နေသော မျောက်ကျောက်ဗိုင်းရပ်ကို B-1 မျိုးကွဲ မျောက်ကျောက်ဗိုင်းရပ်အဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## အမေရိကန်နိုင်ငံ၌ ဘရိုမိုက်ဟင်းသီးဟင်းရွက်ဆီ ပိတ်ပင်ရေး FDA က အဆိုပြုထား

**နယူးယောက် နိုဝင်ဘာ ၅**

Brominated Vegetable Oil ခေါ် ဘရိုမိုက်ဟင်းသီးဟင်းရွက်ဆီတစ်မျိုးကို အမေရိကန်နိုင်ငံ၌ အသုံးပြုခွင့် ပိတ်ပင်ရေးအတွက် အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA)က နိုဝင်ဘာ ၄ ရက်တွင် အဆိုပြုထားကြောင်း သိရသည်။

ဘရိုမိုက်ဖြင့် ပြုပြင်ထားသော ဟင်းသီးဟင်းရွက်ဆီများသည် လူသားတို့၏ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း သက်သေအထောက်အထားများ ပေါ်ထွက်လာပြီးနောက် ၎င်းဆီအမျိုးအစားသုံးစွဲမှုကို ပိတ်ပင်ရန် FDA က အဆိုပြုထားခြင်းဖြစ်ကြောင်း သိရသည်။

FDA သည် အချို့ အဖျော်ယမကာများ၌ အချဉ်ဓာတ်ဖြန့်မှုကို တားဆီးရေးအတွက် ဘရိုမိုက်ဟင်းသီးဟင်းရွက်ဆီကို အနည်းငယ်အသုံးပြုခွင့်ပေးထားသည်။

သို့ရာတွင် FDA ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်အရ လူ့ကိုယ်တွင်း၌ဘရိုမိုက်ဓာတုပစ္စည်း စုစည်းလာခဲ့ပါက သိုင်းရွိုက်အကျိတ်များအပေါ် ဆိုးကျိုး သက်ရောက်မှု ရှိလာနိုင်ကြောင်း သိရသည်။

သိုင်းရွိုက်များသည် သွေးဖိအား၊ ကိုယ်တွင်းအပူချိန်၊ ဇီဝရုပ်ဓာတုပြောင်းလဲမှု ဖြစ်စဉ်များကို ထိန်းညှိပေးသည့် ဟော်မုန်းများကို ထုတ်ပေးနေသော ကိုယ်တွင်းအင်္ဂါများဖြစ်ကြသည်။

အထက်ပါတွေ့ရှိချက်ကြောင့် FDA သည် ဘရိုမိုက်ဟင်းသီးဟင်းရွက်ဆီကို ဘေးကင်းလုံခြုံမှုမရှိသည့် စားသောက်ကုန်သုံးပစ္စည်းအဖြစ် မှတ်ယူထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အောက်တိုဘာလအတွက် စပိန်လာလီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ် ဆွတ်ခူး

**မက်ဒရစ် နိုဝင်ဘာ ၅**

စပိန်လာလီဂါ အဖွဲ့ချုပ်က ချီးမြှင့်ပေးအပ်သည့် အောက်တို ဘာလအတွက် စပိန်လာလီဂါ ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ် အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ဆွတ်ခူးနိုင်ခဲ့ ကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်း အရွှေ့ကာလက ဒော့မွန်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ပြောင်း ရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် ပထမဆုံး ဘောလုံးရာသီတွင်ပင် အကောင်းဆုံး ခြေစွမ်းပြသလျက် ရှိနေကာ စပိန်လာလီဂါ၏ အကောင်းဆုံး ကွင်းလယ်ကစား သမားများမှ တစ်ဦးအပါအဝင် အဖြစ် ရပ်တည်နေသူဖြစ်ကြောင်း သိရသည်။




ဘယ်လင်ဟမ်သည် ရီးရဲလ် မက်ဒရစ်အသင်းနှင့်အတူ အောက် တိုဘာလအတွင်း ကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ် လေးပွဲတွင် ငါးဂိုးထိသွင်းယူနိုင်ခဲ့သည့်အတွက် စပိန်လာလီဂါပြိုင်ပွဲ ဒုတိယအကြိမ် တစ်လတာအကောင်းဆုံး ကစား သမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အလားတူ အောက်တိုဘာလ အတွက် စပိန်လာလီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး နည်းပြ ဆုကိုလည်း အောက်တိုဘာလ အတွင်း အေတီကိုအသင်းအား ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြ ဆီမွန်နီက နည်းပြအန်ဆယ်လော့တီ ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူးဟာလန်း ခြေချင်းဝတ်ဒဏ်ရာရရှိ

**မန်ချက်စတာ နိုဝင်ဘာ ၅**

မန်စီးတီးအသင်းက ဘုန်းမောက် အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် ဒုတိယ ပိုင်းတွင် လူစားလဲထွက်ခွာခဲ့ရ ကြောင်း သိရသည်။

ဟာလန်းသည် ပွဲထွက်ကစား သမားစာရင်းတွင်ပါဝင်ခဲ့ပြီး ပထမ ပိုင်းပွဲကစားချိန်တွင် ခြေကျင်းဝတ် ဒဏ်ရာနာကျင်မှုကြောင့် ဒုတိယ ပိုင်းအစတွင် အသင်းဖော်ကစား သမားဖိုဒင်နှင့် လူစားလဲထွက်ခွာ ခဲ့ရပြီး လာမည့် နိုဝင်ဘာ ၈ ရက်တွင် ယန်းဘွိုင်းအသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ် ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာက“ဟာလန်း အနေနဲ့ ပထမပိုင်းပွဲချိန်အတွင်း မှာ ခြေထောက်ဒဏ်ရာကြောင့် ကောင်းကောင်း မကစားနိုင်ခဲ့ ပါဘူး။ဒါကြောင့် ကျွန်တော့်အနေနဲ့ သူ့ကို စွန့်စားမှုမလုပ်တော့ဘဲ ဒုတိယပိုင်းအစကတည်းက လူစားလဲ ခဲ့တာဖြစ်ပါတယ်။ သူ့အနေနဲ့ လာမဲ့ ချန်ပီယံလိဂ်ပွဲစဉ်ကိုလွဲချော် နိုင်ပေမဲ့ ချဲလ်ဆီးအသင်းနဲ့ကစား ရမဲ့ အမှတ်ပေးပွဲစဉ်ကိုတော့ ပြန်လည်ပါဝင်နိုင်မှာပါ”ဟု ပြော ကြားခဲ့ခြင်းဖြစ်သည်။

မန်စီးတီး အသင်းသည် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် ဒိုကူ၊ ဘာနာဒိုဆေးဗား၊ အာကန်ဂျီ၊ ဖိုဒင်၊ အကီတို့၏ သွင်းဂိုးများဖြင့် ခြောက်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲကစားအပြီး တွင် ကိုးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၇ မှတ်ရရှိခဲ့ကာ အမှတ်ပေး ဇယားအဆင့်(၁)နေရာတွင် ရပ်တည် နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



# အာဆင်နယ်အသင်းက ခံစစ်ကစားသမား ကီဝီရော်ကို လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန် ပြင်ဆင်နေဟုဆို

**လန်ဒန် နိုဝင်ဘာ ၅**

အာဆင်နယ် အသင်းသည် ပုံမှန်ပွဲကစားခွင့် မပေးနိုင်သည့် ခံစစ်ကစားသမား ကီဝီရော်ကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် ပြန်လည်ရောင်းချရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကီဝီရော်သည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက အီတလီကလပ် စပီဇီယာအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ ကြေး စတာလင်ပေါင် ၂၁ သန်း ဖြင့်ရောက်ရှိခဲ့ပြီးနောက် အသင်း တွင် ကစားခဲ့သည့် ပြိုင်ပွဲစုံတွင် ၁၄ ပွဲသာပါဝင်ခဲ့ရပြီး အသင်းအနေဖြင့် ပုံမှန်ပွဲထွက်ခွင့် မပေးနိုင်သော ကြောင့် လာမည့်အပြောင်းအရွှေ့ ကာလတွင် ပြန်လည်ရောင်းချရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ဇဟိုခံစစ်ကစားသမားကီဝီရော် သည် အသင်းတွင်ဒုတိယဦးစားပေး ကစားသမားအဖြစ်သာ ပါဝင်နေ ရပြီး အသင်းမှအဓိက ကစားသမား များဒဏ်ရာရရှိချိန်တွင် အာဆင် နယ်အသင်း ခံစစ်ကြောင်းအား အကောင်းဆုံးပါဝင်ကူညီနိုင်ခဲ့သော် လည်း အသင်းအနေဖြင့်ပုံမှန်ပွဲထွက် ခွင့်မပေးနိုင်သဖြင့် ပြန်လည်ရောင်းချ ရန်ဆုံးဖြတ်ခဲ့သောကြောင့် စီးရီး အေကလပ် အေစီမီလန်အသင်းက ချိတ်ဆက်မှုပြုလုပ်ခဲ့သည်။

အေစီမီလန် အသင်းသည် လက်ရှိခံစစ်ပိုင်းတွင် ပယ်လီဂရီနို၊ ကာလူလူ၊ ဆိုင်မွန်ကေဂျာနှင့် ကာလ်ဒါရာတို့မှာ ဒဏ်ရာပြဿနာ ရရှိနေသောကြောင့် ခံစစ်ပိုင်း လိုအပ်ချက်ကို အချိန်မီဖြည့်တင်း နိုင်ရန် လာမည့်ဇန်နဝါရီအပြောင်း အရွှေ့ကာလတွင် အာဆင်နယ် အသင်းမှထွက်ခွာမည့် ကီဝီရော် ကိုခေါ်ယူနိုင်ရန် ဦးစားပေးပစ်မှတ် ထားလျက်ရှိသည်။

**Ref : Xinhua**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- နာပိုလီအသင်းက လာမည့် ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ဇီလင်စကီးကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- လာမည့်နွေရာသီတွင် တိုက်စစ်မှူးအမ်ဘက်ပီကိုခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့သည့် သတင်းများကို ရီးရဲလ်မက်ဒရစ်အသင်းက တရားဝင်ငြင်းဆိုခဲ့ကြောင်း သိရသည်။
- ဆိုစီဒက်အသင်းနှင့်ပွဲစဉ်တွင် အဝါကတ်ပြသခံရသည့် ကွင်းလယ်ကစားသမား ဂါဗီသည် အဝါကတ်ငါးကြိမ်ပြည့် မြောက်ခဲ့သဖြင့် လာမည့် အလာဗက်အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။

ML

**ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) ရလဒ်**

| | | | |
|---|---|---|---|
| နော်တင်ဟမ် | ၂ | - ၀ | အေဗီလာ |

**စပိန်လာလီဂါ ပွဲစဉ် (၁၂) ရလဒ်**

| | | | |
|---|---|---|---|
| အလာဗက် | ၁ | - ၀ | အယ်မာရီယာ |
| ဗလင်စီယာ | ၁ | - ၀ | ဂရန်နာဒါ |

(၀၄၀)

# ဘွန်ဒက်လီဂါ ပွဲစဉ်(၁၀)အပြီး ဟက်ထရစ်ဂိုးသုံးကြိမ်ရရှိခဲ့သည့် ကစားသမားအဖြစ် တိုက်စစ်မှူးဟယ်ရီကိန်း မှတ်တမ်းဝင်

**ဘာလင် နိုဝင်ဘာ ၅**

ဘိုင်ယန်မြူးနစ် အသင်းက ဒော့မွန်အသင်းကို လေးဂိုး ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူးဟယ်ရီကိန်းက အသင်း အတွက် ဟက်ထရစ်ဂိုးသွင်းယူနိုင် ခဲ့သောကြောင့် ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀)အပြီးတွင် ဟက်ထရစ်ဂိုး သုံးကြိမ်ထိ သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကိုရရှိခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပြီးခဲ့သည့်နွေရာသီက စပါးအသင်း မှ ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အမှတ်ပေး ပြိုင်ပွဲ ၁၀ ပွဲအပြီးတွင် ဘိုချန် အသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့်အနိုင် ရခဲ့သည့်ပွဲစဉ်တွင် ဟက်ထရစ် တစ်ကြိမ်၊ ဒမ်စတက်အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် တစ်ကြိမ်၊ ယခုဒော့မွန် အသင်းနှင့်ပွဲစဉ်တွင် တစ်ကြိမ် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သော ကြောင့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဟယ်ရီကိန်းသည် အမှတ်ပေးပွဲ ၁၀ ပွဲကစားအပြီးတွင် သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့ သဖြင့် ၁၉၆၈-၁၉၆၉ ဘောလုံး ရာသီက တိုက်စစ်မှူးဟောင်း ဂက်မူလာရရှိထားသည့် ၁၀ ပွဲ ကစားအပြီး သွင်းဂိုး ၁၅ ဂိုးရရှိခဲ့ သည့်စံချိန်ကို လိုက်မီနိုင်ခဲ့သကဲ့သို့ ၂၀၁၃ ခုနှစ်က တိုက်စစ်မှူးဟောင်း ဂိုမက်ဇ်ရရှိထားသည့် နှစ်ပွဲဆက် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကိုလည်း လိုက်မီ နိုင်ခဲ့သည်။



အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပွဲကစားချိန် ကိုးမိနစ်၊ ၇၂ မိနစ်နှင့်နာကျင် အချိန်ပို မိနစ် ၉၀ ကျော်တို့တွင် ဟက်ထရစ်ဂိုး သွင်းယူ၍လည်း ကောင်း၊ ပွဲချိန် လေးမိနစ်တွင် ခံစစ်ကစားသမား အူပါမီကာနိုက သွင်းဂိုး တစ်ဂိုးကို လည်းကောင်း သွင်းယူနိုင်ခဲ့သဖြင့် ဘိုင်ယန်မြူးနစ် အသင်းက လေးဂိုး ဂိုးမရှိဖြင့်အနိုင် ရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ပြိုင်ပွဲယှဉ်ပြိုင်မည့်နေရာမှားခဲ့သည့်အတွက် ဘရိုက်တန်ယူ-၁၈ အသင်းနှင့် အာဆင်နယ်ယူ-၁၈ အသင်းတို့ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရ




**လန်ဒန် နိုဝင်ဘာ ၅**

ပရီးမီးယားလိဂ်ယူ-၁၈ ပြိုင်ပွဲအဖြစ် ဘရိုက်တန်ယူ-၁၈ အသင်းနှင့် အာဆင်နယ်ယူ-၁၈ အသင်းတို့ကစားမည့်ပွဲစဉ်ကို အာဆင်နယ်ယူ-၁၈ အသင်း၏ ကစားမည့်နေရာမှားယွင်းစွာ သွားရောက်မိခဲ့သည့်အတွက် ပွဲစဉ်ကိုရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

ပရီးမီးယားလိဂ်ယူ-၁၈ ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် နိုဝင်ဘာ ၄ ရက် ညနေပိုင်းက ဘရိုက်တန်အသင်းနှင့် အာဆင်နယ်ယူ-၁၈ အသင်းတို့သည် ဘရိုက်တန်အသင်းအိမ်ကွင်းအဖြစ် ဘရိုက်တန်မြို့တွင်ကစားရမည်ဖြစ်သော်လည်း အာဆင်နယ်အသင်းက မြို့မှားယွင်းစွာသွားရောက်ခဲ့သည့်အတွက် ပွဲစဉ်ကိုရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ်ယူ-၁၈ အသင်းသည် ဘရိုက်တန်ယူ-၁၈ အသင်းနှင့် ကစားရမည်ဖြစ်သည့်အတွက် ဘရိုက်တန်မြို့သို့ သွားရောက်ရမည်ဖြစ်သော်လည်း ဘရိုက်တန်မြို့သို့မဟုတ်ဘဲ ဘုန်းမောက်မြို့သို့ မှားယွင်းစွာ သွားရောက်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘရိုက်တန် ယူ-၁၈ အသင်းနှင့် အာဆင်နယ်ယူ-၁၈ အသင်းတို့ပွဲစဉ်ကို မရွှေ့ဆိုင်းဘဲ မိနစ် ၉၀ နောက်ဆုတ်ကျင်းပရန် စီစဉ်ခဲ့သော်လည်း ဘရိုက်တန်မြို့နှင့် ဘုန်းမောက်မြို့တို့၏ ခရီးစဉ်အကွာအဝေးမှာ ၉၄ မိုင်ထိကွာဝေးသည့်အတွက် ပွဲစဉ်စောင့်ဆိုင်းကျင်းပရန်မဖြစ်နိုင်သည့်အခြေအနေများကြောင့် ပွဲကိုရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# IBF၊ WBO မီနီဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်များကို ယိုကာဆာ ကာကွယ်နိုင်ခဲ့

**ကာဝါဂို နိုဝင်ဘာ ၅**

IBF၊ WBO မီနီဖလိုင်းဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ကော်စတာရီကာလက်ဝှေ့မယ် ယိုကာဆာသည် စိန်ခေါ်သူမက္ကဆီကိုလက်ဝှေ့မယ် အန်နာဘယ်တို့ နိုဝင်ဘာ ၄ ရက်တွင် ကော်စတာရီကာနိုင်ငံ ကာတာဂိုမြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ယိုကာဆာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ယိုကာဆာသည် ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း ရမှတ်များမှာ ပြတ်သားခဲ့ပြီးအမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် အမှတ်(၁)ဒိုင်က (၁၀၀-၉၀)ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၂)ဒိုင်က (၉၉-၉၁) မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃)ဒိုင်က (၉၉-၉၂)မှတ်ဖြင့်လည်းကောင်း ယိုကာဆာကို အနိုင်ပေးသွားခဲ့သည်။

ယိုကာဆာသည် IBF မီနီဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကိုးကြိမ်တိုင်တိုင် အောင်မြင်စွာကာကွယ်ထားနိုင်ခဲ့ပြီဖြစ်သလို WBO မီနီဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို သုံးကြိမ်ထိအောင်မြင်စွာကာကွယ်နိုင်ခဲ့သည်။

ယိုကာဆာသည် မီနီဖလိုင်းဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဆွတ်ခူးလိုသည့်အတွက် အန်နာဘယ်အား အနိုင်ထိုးသတ်ခဲ့ပြီးနောက် WBA၊ WBC မီနီဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံအဖြစ်ရပ်တည်နေသူ အမေရိကန်လက်ဝှေ့မယ် အက်စ်သရာဒါကို စိန်ခေါ်မှုပြုလုပ်ခဲ့သည်။

ယိုကာဆာက "ကျွန်မအနေနဲ့ IBF၊ WBO မီနီဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်တွေကို အကြိမ်ပေါင်းများစွာအောင်မြင်စွာ ကာကွယ်နိုင်ခဲ့ပါတယ်။ လက်ရှိချန်ပီယံဆုတွေကိုကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပွဲစဉ်များကြောင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရပ်နားထားမည်

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် ၂၀၂၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာ ပွဲစဉ်များကြောင့် ရပ်နားထားမည်ဖြစ်ပြီး ပြန်လည်ကျင်းပမည့်ရက်ကို မြန်မာနေရှင်နယ်လိဂ်ကော်မတီကပြန်လည်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(အာရှဇုန်) ဒုတိယအဆင့် အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၌ ကစားရမည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်တွင် အိမ်ကွင်းပွဲစဉ်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြောက်ကိုရီးယားအသင်းကို လက်ခံကစားသွားရမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရပ်နားထားမည် ဖြစ်သော်လည်း ရှမ်းယူနိုက်တက်အသင်းကစားမည့် အေအက်ဖ်စီဖလား ပြိုင်ပွဲကို ရွှေ့ဆိုင်းမည်မဟုတ်ဘဲ နိုဝင်ဘာ ၉ ရက်တွင် ဆီဘူးအသင်းနှင့်ပုံမှန်အတိုင်း ဆက်လက်ကစားသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ၁၈ ပွဲကစားပြီးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲနိုင် နှစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်လျက်ရှိနေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၁၄ ပွဲနိုင် နှစ်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၄၄ မှတ်ဖြင့် ဒုတိယနေရာမှဆက်လက်ဖိအားပေးလျက် ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# Paris Masters ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဂျိုကိုဗစ်က ဒီမီထရော့ဗ်နှင့်ယှဉ်ပြိုင်ကစားရမည်

**ပဲရစ် နိုဝင်ဘာ ၅**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ရုရှားတင်းနစ်ကစားသမား ရူဘလက်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၅-၇ ၊ ၇-၆ ၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်နှင့် ရူဘလက်ဖ်တို့၏ ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သလို ဆီမီးဖိုင်နယ်အဆင့်နှင့်လျော်ညီသည့် ပွဲစဉ်မျိုးလည်းဖြစ်ခဲ့သည်။

ဂျိုကိုဗစ်နှင့်ရူဘလက်ဖ်တို့၏ ပွဲစဉ်သည် ပွဲငယ်သုံးပွဲထိကစားခဲ့ရပြီး ပွဲငယ်သုံးပွဲစလုံးတွင်လည်း tie-break အဆင့်ထိကစားခဲ့ပြီး ပထမပွဲငယ်တွင် ဂျိုကိုဗစ်ကရှုံးနိမ့်ခဲ့ရကာ ဒုတိယပွဲငယ်တွင် ရူဘလက်ဖ်၏ ထင်မှတ်မထားသည့် အမှားတချို့ကြောင့် ဂျိုကိုဗစ်ပြန်လည်အနိုင်ရခဲ့သည်။

အဆုံးအဖြတ် ပွဲငယ်တွင်မူ ဂျိုကိုဗစ်၏ စွမ်းဆောင်ရည်ပိုင်းက ပိုမိုသာလွန်ခဲ့ပြီး ဂျိုကိုဗစ်ကနောက်မှလိုက်ကစားခဲ့ရပြီးမှ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။


ဂျိုကိုဗစ်သည် ဗိုလ်လုပွဲစဉ်တွင် ဘူလ်ဂေးရီးယား တင်းနစ်ကစားသမားဒီမီထရော့ဗ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်အနေဖြင့် Paris Masters တင်းနစ်ပြိုင်ပွဲ၏ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါက ကစားသမားဘဝ သက်တမ်းတစ်လျှောက် ATP Tour တွင် ချန်ပီယံဆုဖလား အလုံး ၄၀ ထိ ဆွတ်ခူးထားနိုင်သောကစားသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ဂျိုကိုဗစ်က "ဒီနေ့မှာကစားနိုင်ခဲ့တဲ့ ရူဘလက်ဖ်ရဲ့စွမ်းဆောင်ရည်ဟာ မြင်တွေ့နေကြစွမ်းဆောင်ရည်မျိုးမဟုတ်ပါဘူး။ ကျွန်တော်နဲ့ ရူဘလက်ဖ် အကြိမ်ကြိမ်ယှဉ်ပြိုင်ကစားခဲ့ဖူးတယ်။ ဒီနေ့လောက်ကောင်းတဲ့ ရူဘလက်ဖ်နဲ့တစ်ခါမှ မတွေ့ဆုံဖူးသေးဘူး"ဟု ချီးကျူးပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# TOTO Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျပန်ဂေါက်သီးရိုက်မယ်အင်နာမိ ဆွတ်ခူး




**အိုမီတာမာ နိုဝင်ဘာ ၅**

ဂျပန်နိုင်ငံ အိုမီတာမာမြို့တွင် ကျင်းပခဲ့သော TOTO Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်မယ် အင်နာမိက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်ဂေါက်သီးရိုက်မယ် ကူဝါကီ၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ်စုန်ဂူဘယ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

နာမည်ကြီးဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ဂျပန်ဂေါက်သီးရိုက်မယ် ဟာတာအိုကာ၊ ထိုင်းဂေါက်သီးရိုက်မယ် ဆူဝမ်နာပူရာနှင့် လက်ရှိချန်ပီယံစကော့တလန်ဂေါက်သီးရိုက်မယ် ဒရိုင်းဘက်တို့က နောက်ဆုံးနေ့ထိ အကောင်းဆုံးလက်စွမ်းပြ နိုင်ခဲ့ကြသော်လည်း ထူးခြားသည့် စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့သော အင်နာမိက နာမည်ကြီး ပြိုင်ပွဲဝင်များကို ကျော်ဖြတ်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

အင်နာမိသည် နောက်ဆုံးနေ့တွင် Birdies ရိုက်ချက် လေးကျင်းရရှိခဲ့သလို Bogey တစ်ကျင်းရခဲ့ပြီး ချန်ပီယံဆုအတွက် ဖိအားပေးနေသော ပြိုင်ဘက်များအားတစ်ချက်အသာဖြင့် အသာစီးရရှိခဲ့ခြင်းဖြစ်သည်။

အင်နာမိသည် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက် LPGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ငါးကြိမ်တိုင်တိုင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး ချန်ပီယံဆုကိုပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်နာမိက "ကျွန်မအနေနဲ့ ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားဘဝကို ကူးပြောင်းလာခဲ့ပြီးနောက်ပိုင်း တစ်နှစ်ကို ဆုဖလားတစ်လုံး လောက်တော့ ရယူသွားချင်တဲ့ ဆန္ဒရှိခဲ့ပါတယ်။ ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကထဲ ဝင်ရောက်လာခဲ့ပြီး နောက်ပိုင်းမှာ JLPGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲမှာပဲအောင်မြင်မှုတွေ တောက်လျှောက်ရခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

### ပြင်သစ်လီဂူး ပွဲစဉ် (၁၁) ရလဒ်

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | ၁ | - | ၁ | မက်ဇ် |
| နန့်တက် | ၀ | - | ၁ | ရိမ်း |
| စထရာဘော့ | ၀ | - | ၀ | ကလဲယားမောင့် |
| တူးလော့ | ၁ | - | ၂ | လီဟာဗေး |

(၀၄၀)

# စာရေးစာဖတ် ဘာလုပ်ဖို့ မနီလိမ္မာဖို့

အောင်ကြည်ညွန့်(တက္ကသိုလ်)

သီတင်းကျွတ်ရုံးပိတ်ရက်တွင် မိမိသည် ဥပုသ်သီတင်းစောင့်ရင်း စာရေး၊ စာဖတ်ခြင်းဖြင့် အချိန်ကုန်လွန်ခဲ့သည်။ မိမိစိတ်ဝင်စားသော ကလေးစာပေ၊ ကလေးကဗျာများကို လေ့လာမိသည်။ ကလေးကဗျာများ၏ ဦးဆောင်ပုဂ္ဂိုလ်ကြီးများဖြစ်သော ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးဒေါက်တာ မောင်ဖြူ၊ ဆရာကြီး K၊ ဆရာကြီးတင်မိုး၊ ဆရာကြီးမောင်စွမ်းရည်၊ ဆရာမကြီး နုယဉ်တို့၏ကဗျာများ၊ ပျဉ်းမနားမောင်နီသင်း၏ စာများ ပြန်လည်ဖတ်ရှုခဲ့သည်။

ဆရာကြီးတင်မိုး၏ ကဗျာစာအုပ်ကို ကောက်ကိုင်လိုက်သောအခါ ရှေးဦးပထမ သတိရသွားသော ကဗျာလေးတစ်ပုဒ်မှာ မနီကလေးကဗျာဖြစ်သည်။ မူလတန်း ကျောင်းသား၊ ကျောင်းသူလေးများ ပျော်ပျော်ရွှင်ရွှင်၊ မြတ်မြတ်နိုးနိုး၊ ဟန်နှင့်ပန်နှင့် သံပြိုင်သီဆိုကြသော ကဗျာလေးဖြစ်သည်။

**မနီကလေး**

မနီကလေး ဘယ်ကလာ
အိမ်ကထွက်လို့လာ။
မနီကလေးဘယ်ကိုသွား
စာသင်ကျောင်းကိုသွား။
စာသင်ကျောင်းက ဘာတွေသင်
စာရေးစာဖတ်သင်။
စာရေးစာဖတ် ဘာလုပ်ဖို့
မနီကလေး လိမ္မာဖို့။

ဤမနီကလေးကဗျာကို ကလေးကဗျာဆိုပြီး ပေါ့ပေါ့တန်တန် မမှတ်စေချင်ပါ။ ကလေးများအတွက် ရေးထားသော်လည်း အနှစ်သာရသည် အလွန်မွန်မြတ်ပါသည်။ ဆရာ၊ ဆရာမလောင်းများအဖြစ် ဆရာအတတ်သင် ကောလိပ်၊ သိပ္ပံ၊ ပညာရေးတက္ကသိုလ်များတွင် တက်ရောက်သင်ကြားကြသည်မှာ မနီကလေးများ (အခြေခံပညာကျောင်းသား၊ ကျောင်းသူများ)ကို စာပေများသင်ကြားပေးရန် ဖြစ်သည်။ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ဆရာဘဝကိုခံယူကာ မွန်မြတ်သော အသက်မွေးဝမ်းကျောင်းဖြင့် ကလေးများကို စာပေ ပညာများသင်ကြားပေးရန် ဟူသော ရည်ရွယ်ချက်ပင်ဖြစ်သည်။

ဆရာများသည် စာကိုလည်းသင်၊ စိတ်ကိုလည်း ပြင်ရသော ပုဂ္ဂိုလ်များဖြစ်သည်။ ဆရာများ၏ ကောင်းမြတ်သော အရင်းခံစေတနာဖြစ်သည်။ စဉ်းစားကြည့်စေချင်ပါသည်။ မိမိတပည့်လေးများ လူတော်လူကောင်းဖြစ်အောင် သင်ပေးချင်သည့် စေတနာပဲ မဟုတ်ပါလား။ သူတို့ကို သင်ပေးလိုက်ရ၍ အားရသည့်အခါ အလွန်ပျော်ကြမည်ဖြစ်သည်။ အားမရသည့်အခါများတွင်လည်း စိတ်တိုတတ်ကြသည်။ သို့သော်လည်း ဆရာ၊ ဆရာမများသည် ဆရာအလုပ်ကို စွန့်လွှတ်ကြလားဟုမေးလျှင် မည်သူကမျှစွန့်လွှတ်ကြသည်မဟုတ်ကြောင်း တွေ့ရှိရသည်။ ဆရာကြီး ဦးအောင်သင်းက "ဆရာဖြစ်သွားပြီ ဆိုရင်တော့ တစ်သက်လုံး ဆရာဘဝကိုခံယူကြတာပါပဲ"ဟု ပြောခဲ့ဖူးသည်။ ကျောင်းဆရာဇာတာ ပါသောသူများကတော့ ဤဝဲဩဃထဲတွင် တဝဲလည်လည်ဖြစ်ကြသည်။

မိမိတို့မြန်မာစာပေထဲတွင် ရဟန်းစာဆိုတော်ကြီး ရှင်မဟာရဋ္ဌသာရက-

- မိဘထက်သာသည့် အတိဇာတသား
- မိဘနှင့်တန်းတူသည့် အနုဇာတသား
- မိဘအောက်ယုတ်နိမ့်သည့် အဝဇာတသား

ဟူ၍ သားသုံးမျိုးရှိကြောင်း ရေးသားဖော်ပြထားသည်ကို လေ့လာမှတ်သားခဲ့ရသည်။

မိမိတို့ဆရာလောကတွင်လည်း-

- ဆရာ့ထက်သာသည့် တပည့်
- ဆရာနှင့်တူသည့် တပည့်
- ဆရာလောက်မသာသည့် တပည့်ဟူ၍

တပည့်အမျိုးအစား သုံးမျိုးခွဲနိုင်သည်။

ဤနေရာတွင် ဤသဘောတရားကို ညွှန်းဆိုပြခဲ့သော မြန်မာစာဖွံ့ဖြိုးတိုးတက်မြင့်မားရေး ကျေးဇူးရှင် ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က "တပည့်တွေက ဆရာတွေထက် ပိုတော်အောင် ကြိုးစားရမည်"ဟု ဩဝါဒပေးခဲ့သည်။ ပေးခဲ့သည့်အတိုင်းလည်း မြန်မာစာပညာရေးပုဂ္ဂိုလ်ကျော် ဆရာမင်းသုဝဏ်၊ ဆရာ ဇော်ဂျီ၊ ဆရာသိပ္ပံမောင်ဝ၊ ဆရာအောင်သင်း၊ ဆရာဇော်ဇော်အောင်၊ ဆရာတက္ကသိုလ်ဝင်းမွန်၊ ဆရာတက္ကသိုလ်မင်းမော် စသည့်စာရေးဆရာကြီးများ ပေါ်ထွန်းလာခဲ့သည်။

ဆရာကြီး ဦးဖေမောင်တင် ပြုစုပျိုးထောင်ပေးလိုက်သော တပည့်များသည် ဆရာ့ရည်မှန်းချက်အတိုင်း ဆရာ့ထက် လက်စောင်းထက်ကာ မြန်မာစာ လူရည်ချွန်၊ လူရည်မွန်၊ မြန်မာစာ၏ ရှေ့ဆောင်လမ်းပြ စာရေးဆရာ၊ ကဗျာဆရာများဖြစ်လာကြသည်။ ဆရာကြီး ဦးဖေမောင်တင်သည် သူ့တပည့်ကျော်များအတွက် အစဉ်အမြဲ ဂုဏ်ယူဝင့်ကြွားခဲ့၏။

ယနေ့ ကျောင်းသားလူငယ်အများစုသည် ကျောင်းတက်၍ ပညာသင်၊ တစ်နှစ်တစ်တန်းအောင် အချိန်တန် ဘွဲ့ရ၊ ဘီအေ၊ အမ်အေ၊ ဒေါက်တာဘွဲ့များ ရအောင် စာသင်ခြင်းဟု ယူဆနေကြသည်။

ကျောင်းသည် စာချည်းသက်သက်သင်သော နေရာဌာန မဟုတ်။ "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဆိုသည့် ဆောင်ပုဒ်အရ စိတ်နေစိတ်ထား သဘောတရား၊ အပြုအမူကိုပါ ပြုပြင်ထိန်းကျောင်းပေးရာ ဌာနကြီးလည်းဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်များသည် စာသင်ခြင်းအမှုပြီးဆုံး၍ လူ့လောကထဲသို့ ဝင်ရောက်သည့်အခါ လုပ်တတ်ကိုင်တတ်၊ ပြောတတ်ဆိုတတ်၊ နေတတ်ထိုင်တတ်ပြီး လိမ္မာရေးခြားရှိသည့် လူငယ်များဖြစ်လာရေးပင်ဖြစ်သည်။

"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဆောင်ပုဒ်ကို ကြည့်လျှင်ပင် ပညာကနောက်ဆုံးမှဖြစ်သည်။ ပညာသည် နောက်ဆုံးကထားခြင်းမှာ စိတ်ဓာတ်ကောင်းမွန်ရေးသည် အဓိကဖြစ်ပြီး စည်းကမ်းသည် ဒုတိယဖြစ်သည်။ ဤသုံးချက်ညီညွတ်စေရန် ကျောင်းက လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်သည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟုဆိုသော အထက်ပါဆောင်ပုဒ်ကိုကြည့်လျှင် ကျောင်း (ဆရာ၊ ဆရာမများ)သည် အနာဂတ်ခေါင်းဆောင် လူတော်လူကောင်း၊ လူရည်ချွန်၊ လူရည်မွန်များကို လေ့ကျင့်ပျိုးထောင်ပေးနေသော နေရာဌာနကြီးပင်ဖြစ်သည်။

အလျဉ်းသင့်သဖြင့် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး ရှင်ဇနကာဘိဝံသကလည်း စိတ်ကောင်းရှိဖို့ ပထမဟု မိန့်ကြားခဲ့သည်။

စိတ်ကောင်းရှိခြင်းသည် လိမ္မာရေးခြားရှိခြင်းပင်ဖြစ်သည်။ သို့သော်လည်း လူတစ်ဦးတစ်ယောက်၊ ရဟန်းတစ်ပါးအတွက် အရည်အသွေးတိုင်းရန် ပေတံ (စံ) ၁၀ ချက်ရှိသည်။ ၎င်းတို့မှာ-

- စိတ်ကောင်းရှိဖို့က - ပထမ
- ဝိနည်း(စည်းကမ်း)လေးစားဖို့က - ဒုတိယ
- ကျန်းမာဖို့က - တတိယ
- သန့်ရှင်းဖို့က - စတုတ္ထ
- အဝတ်အစားဝတ်တတ်ဖို့က - ပဥ္စမ
- အနေအထိုင်တတ်ဖို့က - ဆဋ္ဌမ
- အပြောအဆိုတတ်ဖို့က - သတ္တမ
- အသွားအလာတတ်ဖို့က - အဋ္ဌမ
- စည်းကမ်းလိုက်နာဖို့က - နဝမ
- စာတတ်ဖို့က - ဒသမဟူ၍

ဖြစ်သည်။ အထက်ပါအချက်များသည် တစ်ခုချင်းသီးခြားစီမတည်ရှိဘဲ စုပေါင်းလုပ်ဆောင်ရမည့် အချက်များသာ ဖြစ်ပါသည်။

မိမိတို့ ယခုစာသင်နေခြင်းသည် ပညာကိုရယူခြင်းဖြစ်သည်။ "အလိမ္မာ စာမှာရှိသည်"ဟုဆိုသည်။ စာထဲတွင်ရှိသော အသိအလိမ္မာတရားများကို စာသင်သားများဖြစ်ကြသော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်များက ရရှိအောင်ယူရမည်ဖြစ်သည်။ စာပေသင်ကြားပေးသူ ဆရာ၊ ဆရာမများကလည်း နိုင်ငံ့သားကောင်းတစ်ဦးဖြစ်စေမည့် အခြေခံစိတ်ဓာတ်၊ စိတ်ဓာတ်ကောင်း၊ စေတနာကောင်းများရရှိရေးကို အခါအခွင့်သင့်တိုင်း လေ့ကျင့်ပျိုးထောင်ပေးနေရမည်ဖြစ်သည်။

"စာကိုလည်းသင် လူကိုလည်းပြင်"ဆိုသည့် ဆောင်ပုဒ်မှာ ဆရာ၊ ဆရာမ၏ အဓိကတာဝန်ကြီးနှစ်ခု ဖြစ်သည်။ စာရေးစာဖတ် တတ်မြောက်ရန် သင်ကြားရင်းပင် မိမိတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာများနှင့် ကျင့်ကြံကြိုးကုတ်၊ အားထုတ်မှုများသည် လိမ္မာရေးခြားရှိသော၊ နူးညံ့သိမ်မွေ့သော သူတော်ကောင်းစိတ်ဓာတ်ဖြစ်ထွန်းလာစေရန် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်တို့က ကိုယ်တိုင်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

ရှေးခေတ်က ဆရာများသည်-

၁။ စေတနာ
၂။ ဝါသနာ
၃။ အနစ်နာ ရှိရမည်ဟု ဆိုသည်။

၂၁ ရာစု ပညာခေတ်တွင် စာသင်ရာတွင် လွယ်ကူသော်လည်း စိတ်ကိုပြုပြင်ရန် အလွန်ခက်ခဲလှသည်။ ပါမောက္ခဆရာကြီး ဦးသန်းထွတ်က "ခင်ဗျားတို့ဆရာတွေ နာသုံးနာအပြင် နာနှစ်နာ ထပ်တိုးရမည်"ဟုဆိုသည်။ ထပ်တိုးရမည့် နာနှစ်နာမှာ စံနမူနာနှင့်စာဖတ်နာတို့ဖြစ်ကြောင်း ပြောသည်။

ဆရာ၊ ဆရာမများသည် ကျောင်းသားလူငယ်ကလေးများ၏ အစစအရာရာတွင် ရှေ့ဆောင်လမ်းပြစံနမူနာဖြစ်ရမည်။ သူတို့အတုခိုးမြန်သည်။ မိမိရှေ့က ဆရာ၊ ဆရာမ အရိပ်တကြည့်ကြည့်နှင့်ကြည့်ရင်း အတုယူတတ်ကြသည်။ ဆရာ၊ ဆရာမများသည် "ငါ ပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့"ဆိုသော အမူအကျင့်များကို ရှောင်သင့်ကြောင်း ပြောသည်။

နောက်ဆုံး နာတစ်နာမှာ စာဖတ်နာဖြစ်သည်။ ဆရာ၊ ဆရာမကိုယ်တိုင် သုတ၊ ရသ စာအုပ်များ၊ ပညာရေးအဆိုအမိန့်များ၊ ပုံပြင်များ၊ ဆုံးမစာများ၊ စကားပုံများကို များများဖတ်၍ ကလေးများကို များများပြောရင်း စာဖတ်လေ့၊ စာဖတ်ကျင့်ကို လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။ စာဖတ်ချင်စိတ်ဝါသနာကို ဆရာ၊ ဆရာမများက အတန်းတွင်း စာဖတ်စေခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပုံပြောခြင်းဖြင့် လေ့ကျင့်ပေးနိုင်သည်။

အခြေခံပညာညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဆရာကြီး ဒေါက်တာသန်းဦးကို စာရေးသူ လူတွေ့မေးမြန်းဖူးသည်။ ဆရာကြီးက-

"အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူတွေကို ဆရာ၊ ဆရာမတွေက လူတော်လူကောင်းတွေ၊ လူရည်ချွန် လူရည်မွန်တွေ၊ နိုင်ငံ့သားကောင်းတွေဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေတာပါ"ဟု ဆိုပါသည်။

"အဆင့်မြင့်ပညာကဏ္ဍမှာတော့ ကျောင်းသား၊ ကျောင်းသူတွေကို အသိပညာရှင်၊ အတတ်ပညာရှင်တွေဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေတာပါ"ဟု ပြောပြသည်။

ပညာသင်ကြားခြင်းသည် ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် လိမ္မာရေးခြားဖြစ်စေရန်သာ အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

> ❖ မနီကလေးကဗျာကို ကလေးကဗျာဆိုပြီး ပေါ့ပေါ့တန်တန် မမှတ်စေချင်ပါ။ ကလေးများအတွက်ရေးထားသော်လည်း အနှစ်သာရသည် အလွန်မွန်မြတ်ပါသည်။ ဆရာ၊ ဆရာမလောင်းများအဖြစ် ဆရာအတတ်သင် ကောလိပ်၊ သိပ္ပံ၊ ပညာရေးတက္ကသိုလ်များတွင် တက်ရောက်သင်ကြားကြသည်မှာ မနီကလေးများ (အခြေခံပညာကျောင်းသား၊ ကျောင်းသူများ)ကို စာပေများသင်ကြားပေးရန်ဖြစ်သည်။ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ဆရာဘဝကိုခံယူကာ မွန်မြတ်သော အသက်မွေးဝမ်းကျောင်းဖြင့် ကလေးများကို စာပေပညာများသင်ကြားပေးရန်ဟူသော ရည်ရွယ်ချက်ပင်ဖြစ်သည်။ ❖

## သာစည်မြို့နယ် လူးကုန်းကျေးရွာ၌ လျှပ်စစ်မီးရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သာစည် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူးကုန်းကျေးရွာ၌ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လျှပ်စစ်မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လူးကုန်းကျေးရွာ၌ လျှပ်စစ်မီးရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လူးကုန်းကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် အရှည်ပေ ၃၀၀၀ ကျော်ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၄၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၁၉၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် လူးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ လျှပ်စစ်မီး စတင်သုံးစွဲနေပြီဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# ချစ်ရူးမလေး ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးလျက်ရှိ




**ရန်ကုန် နိုဝင်ဘာ ၅**

တော်ဝင်မင်းသား ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ချစ်ရူးမလေး ရုပ်သံဇာတ်လမ်းတွဲကို ယနေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးလျက်ရှိကြောင်း အဆိုပါဇာတ်လမ်းတွဲ ပုံဖော်ရိုက်ကူးသည့် ဒါရိုက်တာ နေပိုင်က ပြောပြ၍ သိရသည်။

ချစ်ရူးမလေး ရုပ်သံဇာတ်လမ်းတွဲသည် လရောင်ကျူးရင့်၏ ဝတ္ထုဇာတ်လမ်းကို ဇာတ်ညွှန်း နေခြည်အောင်သစ်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာနေပိုင်က ပုံဖော်ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

"ချစ်ရူးမလေးဆိုတဲ့ ဇာတ်လမ်းလေးက မင်းသမီးသစ်လေးဖြစ်တဲ့ သရုပ်ဆောင် ရွှေယမင်းနွယ်ရဲ့ ဇာတ်လမ်းလေးပါ။ ဒီဇာတ်လမ်းလေးကလဲ သူနဲ့လဲလိုက်ဖက်တော့ လက်ခံဖြစ်ခဲ့တာပါ။ ချစ်ရူးမလေးဆိုတဲ့အတိုင်း လူငယ်ဆန်ဆန် မိန်းကလေးတစ်ယောက်က အရူးအမူးအချစ်ကို ချစ်မိတယ်ဆိုတဲ့ ဇာတ်လမ်းလေးပါ။ သရုပ်ဆောင် ကျော်ထက်အောင်နဲ့ ဘုန်းမင်းနေလတို့လဲ ပါဝင်သရုပ်ဆောင်ထားတာဆိုတော့ ဒီဇာတ်လမ်းလေးက ပရိသတ်စိတ်ဝင်စားမှုရမဲ့ဇာတ်လမ်းလေးဖြစ်မှာပါ"ဟု ဒါရိုက်တာ နေပိုင်က ပြောပြသည်။

ချစ်ရူးမလေး ရုပ်သံဇာတ်လမ်းတွဲသည် သုံးပွင့်ဆိုင်အချစ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ဘုန်းမင်းနေလ၊ ဆုမြတ်နိုးဦး၊ ရွှေယမင်းနွယ်၊ ထူးသာ၊ အေးသီတာ၊ အိစ္ဆန်းမဒီ၊ ပိုးဂျူလိုင်ထွဋ်၊ ကလေးသရုပ်ဆောင် SKY၊ ဇေရီမော်နှင့် အခြားအနုပညာရှင်များ သရုပ်ဆောင်နေကြောင်း သိရသည်။

ASH

# Blade ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုစရိတ် ကန်ဒေါ်လာသန်း ၁၀၀ ခန့်သာ သုံးစွဲရန်စီစဉ်ထား

**နယူးယောက် နိုဝင်ဘာ ၅**

မာဗယ်စတူဒီယို၏ Blade ဇာတ်ကားသစ်အတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်ကို အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့်ထိသာ သုံးစွဲရန်စီစဉ်ထားကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Blade ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် မာဗယ်စတူဒီယိုက သုံးစွဲမည့်ငွေကြေးပမာဏသည် မာဗယ်စူပါဟီးရိုးဇာတ်ကားများအနက် အနည်းဆုံးပမာဏဖြစ်သည်။

Blade ဇာတ်ကားသည် Blade (1998)ဇာတ်ကားကို ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ယန်းဒီမင်းဂျီက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Blade ဇာတ်ကားတွင် မင်းသား မာဟာရှာလာအလီက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း၊ မူလ Blade ဇာတ်ကားသုံးကား၏ အဓိကသရုပ်ဆောင် သွေးစုပ်ဖုတ်ကောင် Blade အဖြစ် ကမ္ဘာကျော်မင်းသား ဝက်စလေစနိုက် ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Blade ဇာတ်ကားကို ဟောလိဝုဒ်ဇာတ်ညွှန်းရေးဆရာများနှင့် သရုပ်ဆောင်များ၏ သပိတ်ပြီးဆုံးချိန်တွင်စတင်ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**




# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်အနုပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်အနုပညာရှင်ဦးရေ ၅၀ အား လစဉ်ပံ့ပိုးကြေးများကို နိုဝင်ဘာ ၄ ရက်က ထုတ်ပေးနေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်အနုပညာရှင်များကို လစဉ်ပံ့ပိုးကြေးအဖြစ် သက်ကြီးရုပ်ရှင်အနုပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလှူ့အသီးသီးမှ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအား အခါအားလျော်စွာ ပံ့ပိုးကြေးများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိသည်။



"သက်ကြီးရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ် ပံ့ပိုးပေးလျက်ရှိပါတယ်။ နိုဝင်ဘာ ၄ ရက်ကစတင်ပြီး အောက်တိုဘာလအတွက် ပံ့ပိုးကြေးတွေကို ထုတ်ပေးနေတာဖြစ်ပါတယ်။ ဒါ့ပြင် ရုပ်ရှင်အစည်းအရုံး အလှူ့အသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလှူ့ရှင်တွေနဲ့ အစည်းအရုံးရဲ့ရန်ပုံငွေတွေနဲ့ ပေါင်းစပ်ပြီးတော့ အခါအားလျော်စွာ ပံ့ပိုးမှုတွေပြုလုပ်ခဲ့တာ (၁၁) ကြိမ်ထိရှိခဲ့ပါပြီ"ဟု ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးသေတ္တာ စသည့်စားသောက်ကုန်များ ပံ့ပိုးကူညီခြင်းအစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ASH

# Killers of The Flower Moon ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာသန်း ၁၀၀ ကျော်ရှိလာ

**နယူးယောက် နိုဝင်ဘာ ၅**

Apple စတူဒီယို၏ Killers of The Flower Moon ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ရုံတင်ကာလ သီတင်းသုံးပတ်အတွင်း ဝင်ရောက်ချိန်တွင် Killers of The Flower Moon ဇာတ်ကားသည် ကမ္ဘာတစ်ဝန်း ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၁ သန်းထိ ရှိလာခဲ့ပြီဖြစ်သည်။

Apple စတူဒီယိုသည် Killers of The Flower Moon ဇာတ်ကားကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ မာတင်စကော်စီစီက တာဝန်ယူရိုက်ကူးပေးခဲ့ပြီး မင်းသား လီယိုနာဒိုဒီကာပရီယို၊ ရောဘတ်ဒီနီရိုးနှင့် မင်းသမီး လီလီဂလက်စတုန်းတို့ ပါဝင်ထားသည်။

အဆိုပါဇာတ်ကားသည် အမေရိကန်သတင်းစာဆရာ ဒေးဗစ်ဂရန်း၏အမည်တူဖြစ်ရပ်မှန် မှတ်တမ်းစာအုပ်ကို ရုပ်ရှင်အဖြစ် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**



# John Wick-4 က တစ်ကိုယ်တော်ကြေးစား John Wick၏ နောက်ဆုံးဇာတ်ကားဖြစ်နိုင်

**နယူးယောက် နိုဝင်ဘာ ၅**

John Wick-4 ဇာတ်ကားသည် တစ်ကိုယ်တော်ကြေးစား John Wick ၏ နောက်ဆုံးဇာတ်ကားဖြစ်နိုင်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

John Wick-4 သည် John Wick ၏ နောက်ဆုံးဇာတ်ကားဖြစ်ပြီး ၎င်းဇာတ်ကားသည် John Wick နှင့် မဟာရန်သူတော်ကြီးများကြား ထိပ်တိုက်ရင်ဆိုင်မှုဖြင့် အဆုံးသတ်ထားသည့် ဇာတ်ကားဖြစ်ကြောင်း ဒါရိုက်တာ ချက်စတာဟဲစကီးက အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။




ထို့ပြင် လက်ရှိထိ John Wick -5 ဇာတ်ကားရိုက်ကူးရန်အစီအစဉ် မရှိသေးကြောင်း ချက်စတာဟဲစကီးက ပြောကြားထားသည်။

Lionsgates ရုပ်ရှင်ကုမ္ပဏီအနေဖြင့် John Wick-5 ဇာတ်ကားသစ် ဆက်လက်ရိုက်ကူးဖွယ်ရှိကြောင်း ကောလာဟလများ ထွက်ပေါ်နေချိန်တွင် ဒါရိုက်တာ ချက်စတာဟဲစကီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် John Wick ဇာတ်ကောင်သည် The Continental ကဲ့သို့ ဇာတ်လမ်းတွဲများနှင့် Ballerina ကဲ့သို့ John Wick မူကွဲဇာတ်ကားများ၌ ဆက်လက်ပါဝင်နေမည်ဖြစ်ကြောင်း ချက်စတာဟဲစကီး၏အဆိုအရ သိရသည်။

ဒါရိုက်တာ ချက်စတာဟဲစကီး ရိုက်ကူးခဲ့သော John Wick ဇာတ်ကားများတွင် အဓိကဇာတ်ကောင် John Wick အဖြစ် ကမ္ဘာကျော် အက်ရှင်မင်းသား ကီနူးရိဗ် ပါဝင်ထားကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**

# PyinOoLwin Township to hold 17th Tazaugdine festival from 24 to 28 Nov


A previous Tazaugdine festival in progress in PyinOoLwin.

**PyinOoLwin November 5**

A plan is underway to hold the 17th PyinOoLwin Tazaungdine festival on a grand scale from 24 to 28 November, said U Win Myint, member of the board of trustees of Maha Arnthtoo Kantha Buddha Image.

The festival will comprise lighting festival, hot-air balloon festival and Mathoe robe weaving festival.

"The Tazaugdine lighting festival will take place on the platform of the pagoda in conjunction with the Mathoe robe weaving contest starting from 24 November. The hot-air balloon festival will be held on the ground of the pagoda. On 27 November morning, the robes will be offered to the Buddha image. Hot-air balloon festival will commence on the eve of Tazaungmone full moon day," he explained.

In the evening of the full moon day, 9,000 oil lights will be lit dedicating to the Lord Buddha. From 7 pm, hot-air balloons will be released. From 8 am to 6 pm on 25 November, traditional caneball playing contest, Sepak Takraw contest, volleyball tournament and Futsal contest will take place at the hot-air balloon ground.

Myanmar songs will be presented to the audiences. In addition, shops and company showrooms will be opened for the visitors. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# UMFCCI, Indonesia's PT Dayalima Abisatya Group to collaborate in market expansion, strategic and research work

**Nay Pyi Taw November 5**

In searching for a new Indonesia-Myanmar market and carrying out a strategic and research process, Indonesia's PT Dayalima Abisatya Group will collaborate with the Union of Myanmar Federation of Chambers of Commerce and Industry, according to sources released by the UMFCCI on November 1.

Indonesia is one of Myanmar's trading partners. The bilateral trade volume has been increasing year by year with US$1,223.616 million in 2019-2020 fiscal year, US$1,289.949 million in 2020-2021 FY, US$668.816 million in 2021-2022 FY, US$1,168.113 million in 2022-2023 FY, and US$664.633 million in the six month's period of the current 2023-2024 FY.

Therefore, in order to further develop economic opportunities between Myanmar and Indonesia, the sectors of cooperation, promoting investments, human resource development, knowledge, exploring new markets and strategies, Indonesia's PT Dayalima Abisatya Group will coordinate with the UMFCCI in the field of research, etc. In order to do so, on October 31, 2023, Indonesia PT. Chairman of Dayalima Abisatya Group Mr. Rozan Anwar and members, Indonesian Embassy (Yangon) Business Attaché Mr. Arvinanto Soeriaatmadja and members met with businessmen led by the Secretary General of the UMFCCI Daw Khaing Khaing Nwe met together on October 31.


The business meeting between UMFCCI and Indonesia's PT Dayalima Abisatya Group in progress.

In the business meeting, both sides discussed cooperation and integration in the areas of energy and logistics sector. They exchanged views on the promotion of friendly relations and tourism between the two countries.

336

# MNA to conduct Yangon-Kunming-Yangon flights as of November 5

**Yangon November 5**

Myanmar National Airlines (MNA) will operate the Yangon-Kunming-Yangon flights beginning November 5, according to the news released by the airline on November 3.

MNA, which is a state-owned airline, will operate this flight schedule three days a week (Monday, Friday and Sunday) starting November 5 as a China trip.

The flight will depart from Yangon at 10:20 a.m. and arrive in Kunming, China at 2:00 p.m. local time. It will return from Kunming at 3:15 p.m. local time and arrive back in Yangon at 3:55 p.m. Myanmar time.

Yangon-Kunming-Yangon cargo flight has been operated daily since November 3. The flight departs from Yangon at 11:55 p.m. and will arrive in Kunming, China at 2:05 a.m. local time. It will return from Kunming at 3:35 a.m. local time and return to Yangon, Myanmar at 5.45 p.m. local time. In this cargo flight, the Boeing 737-400 Freighter aircraft will be used daily to transport the goods easily and conveniently.

The passengers who will be on these trips must provide the necessary documents demanded by the country they will be visiting. They must strictly follow the COVID-19 restrictions. Those who want to know about Yangon-Kunming-Yangon flights can contact MNA Call Center at +951 378603 to 04-06-07-08 and +951 377840 to 41-42.

336



A plane from MNA.

# Elephant foot yams are being exported to China through the border trade route as well as the sea trade route in this fiscal year

**Nay Pyi Taw November 5**

Elephant foot yams are being exported to China through the border trade route as well as the sea trade route in this fiscal year, according to the reports released by the Ministry of Commerce on November 3.

There are more than 13,000 acres of elephant foot yams cultivated in the whole of Myanmar, where yam crops are mainly cultivated in Kayin, Kachin, southern and northern areas of Shan and Mon states, and Sagaing, Tanintharyi, Bago and Ayeyawady regions.

Currently, raw elephant foot yam crops are being transformed into finished products by modern methods in foreign countries to produce a variety of breads, beverages, food, cosmetics, industrial raw materials, traditional medicine and modern medicine, and waste products are used as animal feed.

Elephant foot yams produced in Myanmar are better than those produced in other parts of Asia and they have strong demands from China, Japan, South Korea and India.

336

# Up to eighty percent of foreign-owned factories are operating in Myanmar's garment sector


The worksite of a garment factory.

**Nay Pyi Taw November 5**

Up to 80 percent of factories in Myanmar's garment industry are owned by foreigners, according to reports released by the Myanmar Garment Manufacturers Association on November 3.

Currently, Myanmar's investment sector has many good conditions and prospects, so many international investors are coming to invest and work in Myanmar. CMP enterprises are also included in the investment enterprises that are coming to invest in Myanmar.

Among the CMP enterprises that are investing in Myanmar, they are engaged in garment industry, shoe industry, bag industry, and wig industry. Among the CMP industry, garment industry is the most invested and operated.

Currently, there are only 788 CMP factories and CMP intermediate factories in Myanmar, and these factories include 500 garment factories.

In addition to domestic investment in these garment factory investment activities, they are working with domestic and foreign joint ventures, as well as completely foreign investment.

China, South Korea, and Japan have the most investment in garment sector.

336

# Myanmar sees good prospects for the export of rattan as raw materials

**Nay Pyi Taw November 5**

Rattan, the raw materials of Myanmar, which had completely disappeared from the market, were able to be re-exported as a new type of export and there is good potential for exporting rattan raw materials, according to reports from the Ministry of Commerce.

There are 5,204 species of trees, 86 species of bamboo, 34 species of rattan, and 386 species of grass growing in the forests of Myanmar.

Among these surviving plant species, rattan species are listed as Myanmar's foreign exports.

Rattan is used as a raw material, and as a traditional Myanmar handicraft, it is made into a variety of human accessories, home accessories, home accessories and furniture, and exported to domestic and foreign markets.

Raw rattan materials and rattan furniture have been exported to South Korea, Japan, the United States and Europe.


Bundles of rattan.

Raw rattan products were exported to Thailand the most from Kawthoung border trade station. Last October, Myanmar sold 59 tons of raw rattan materials worth US$3,000 to Thailand.

336

# Rakine State approves two new investments of Myanmar citizens worth US$0.5 million and K1 billion in Oct

**Sittway November 5**

The Rakhine State government stated that two new investments of Myanmar citizens worth US$0.5 million and K1 billion were allowed in Rakhine State in October 2023.

These two new investments flowed into industrial and livestock & fishery sectors according to the Rakhine State Investment Committee meeting 2/2023 held in the last week of October. These businesses can generate more than 240 jobs for local people, according U Kyaw Thu Zaw, secretary of Rakhine State government.

"The Rakhine State Investment Committee approved two new investments of citizens. Moreover, one business with investment was allowed to extend its construction period," he added.

In Rakhine State, foreign investments mostly flow into oil and natural gas sector, and Myanmar citizen investments to hotels and tourism sector.

Moreover, the committee expected arrival of more than 200 new investments from foreign and Myanmar citizens.

Businesspersons in Rakhine State will have chances to invest in hotels and tourism as well as oil and natural gas sectors in addition to cross-border commercial measures through maritime trade. ASH

# Vladimir Putin Signs Bill Revoking Ratification of CTBT

**Moscow November 5**

Moscow has previously made it clear that Russia's possible refusal to ratify the CTBT does not mean that it intends to conduct nuclear tests.

Russian President Vladimir Putin has signed the bill to revoke the ratification of the Comprehensive Nuclear-Test-Ban Treaty (CTBT), according to the relevant document published on the official legal information portal on Thursday.

Russian State Duma Speaker Vyacheslav Volodin later said the lower house would take up the issue at its next session in a mirror response to the US move.

Kremlin spokesman Dmitry Peskov, for his part, told reporters at the time that Russia's possible refusal to ratify the CTBT "does not mean a declaration of intention to conduct nuclear tests.

The document has not yet entered into force because eight countries have not ratified the treaty, including China, Egypt, India, Iran, Israel, North Korea, Pakistan and the United States.

Withdrawal from the CTBT is possible only in the event of emergencies threatening the supreme interests of the Member State and upon six months' notice. Sputnik

# Seymour Hersh: Israel Won't Stop Bombing Gaza Until It Destroys 65% of Hamas Tunnels

**Moscow November 5**

Israel's military has declared its determination to increase and magnify its series of offensives in Gaza, while Prime Minister Benjamin Netanyahu has dismissed mounting international demands for a halt to the conflict.

The Israel Defense Forces's all-out war against the Palestinian militant group Hamas includes underground warfare that aims to destroy "a labyrinth of tunnels under Gaza," US investigative journalist Seymour Hersh wrote in an article on Substack.

He recalled that over the past few days, the IDF has escalated its ground operation against Hamas by sending tank columns "directly into Gaza and firing from a distance at targets in Gaza City."

The source admitted that although such tactics minimize Israeli casualties and increase "enemy kills," there are some problems. Primarily, the insider stressed, buildings and neighborhoods in Gaza are "flattened [...] whether civilians are inside these buildings or not."

Moreover, "The slow approach takes time. How much time does Israel have to pursue this war?" the source said, referencing growing worldwide protests against the IDF operation in Gaza.

Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## BETA ကုမ္ပဏီက လျှပ်စစ်စွမ်းအင်သုံး ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သည့်လေယာဉ်ကို အမေရိကန်လေတပ်သို့ ပေးအပ်



BETA Technologies ကုမ္ပဏီသည် စစ်ဘက်ဆိုင်ရာ စမ်းသပ်မှုများအတွက် အမေရိကန်လေတပ်သို့ လျှပ်စစ်စွမ်းအင်သုံး၊ ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သည့် ALIA (eVTOL) လေယာဉ်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း www.the-defensepost.com သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလွှဲပြောင်းပေးအပ်နိုင်မှုသည် လေတပ်၏ ဆန်းသစ်တီထွင်မှု လက်ရုံးတပ်ဖွဲ့ AFWERX က ဦးဆောင်သည့် Agility Prime စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး နည်းဗျူဟာမြောက် အသုံးချမှုများအတွက် အဆင့်မြင့်လေကြောင်းစွမ်းရည်များကို ပိုင်ဆိုင်လာနိုင်စေရန် ကြိုးပမ်း ရှာဖွေနေခြင်းလည်းဖြစ်သည်။ အဓိကရည်ရွယ်ချက်များထဲတွင် မာတ်ငွေ့ထုတ်လွှတ်မှု ကင်းစင်သောလေယာဉ်ကို ဆူညံသံနည်းသော၊ ကုန်ကျစရိတ်သက်သာသော လုပ်ဆောင်နိုင်စွမ်းနှင့် သမားရိုးကျ လောင်စာဆီအရင်းအမြစ်များအပေါ် မှီခိုမှု လျှော့ချရန် ထုတ်လုပ်အသုံးပြုနိုင်ရေးဖြစ်သည်။ ဤအဆင့်အတွက် ပထမဆုံးပျံသန်းစမ်းသပ်မှုကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ရန်စီစဉ်ထားသည်။

ALIA ရေယာဉ်သည် တောင်ပံအလျားပေ ၅၀ (၁၅ မီတာ)ရှိပြီး အကွာအဝေးမိုင် ၂၅၀ (၄၀၂ ကီလိုမီတာ) ထိ ပျံသန်းနိုင်သည်။ ၎င်းသည် တစ်နာရီလျှင် အမြင့်ဆုံးအမြန်နှုန်း ၁၃၈ မိုင် (၂၂၂ ကီလိုမီတာ) ရှိပြီး လက်ရှိရဟတ်ယာဉ်များနှင့်နှိုင်းယှဉ်ပါက ပျံသန်းရာတွင် ၉၀ ရာခိုင်နှုန်း အသံဆူညံမှုနည်းပါးကြောင်း တွေ့ရှိရသည်။

ALIA (eVTOL) လေယာဉ်တွင် တပ်ဖွဲ့ဝင် ငါးဦးထိလိုက်ပါ တာဝန်ထမ်းဆောင်နိုင်ပြီး သရုပ်ပြစမ်းသပ်မှုများတွင် ပေါင် ၁၀၀၀ (၄၅၃ ကီလိုဂရမ်) ရှိသော တိုက်ခိုက်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ၊ မရှိ အပေါ် အကဲဖြတ်ဆန်းစစ်သွားမည်ဖြစ်သည်။

"ဒီလိုလေယာဉ်တွေ တီထွင်ထုတ်လုပ်နိုင်ခဲ့တဲ့ BETA လိုမျိုး ကုမ္ပဏီတွေအတွက် တကယ်ကိုစိတ်လှုပ်ရှားမိပါတယ်။ ဒါဟာ ကမ္ဘာမှာ လေကြောင်း ဆန်းသစ်မှုတွေနဲ့ လေတပ်ရဲ့လေကြောင်းစွမ်းအားပေါ်မှာ ပြောင်းလဲမှုတွေ ဆောင်ကြဉ်းလာနိုင်ပါလိမ့်မယ်။ ဒီလိုလေယာဉ်တွေနဲ့ ဘာလုပ်နိုင်မလဲဆိုတာ တပ်ဖွဲ့ဝင်တွေ သိနားလည်လာနိုင်ပါလိမ့်မယ်"ဟု AFWERX စီမံကိန်းဒါရိုက်တာ Col. Elliot Leigh က ထည့်သွင်းပြောကြားသွားခဲ့သည်။

အနာဂတ် Agile Program ဆိုင်ရာ စမ်းသပ်မှုများကို Eglin လေတပ်အခြေစိုက်စခန်းရှိ အမှတ်(၄၁၃) စမ်းသပ်ပျံသန်းရေးအုပ် (413th Flight Test Squadron) က ဦးဆောင်၍ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စမ်းသပ်မှုအားလုံးကို ကန်ထရိုက်တာကပဲ တာဝန်ယူလုပ်ဆောင်သွားမှာဖြစ်ပေမဲ့ အမှတ်(၄၁၃) စမ်းသပ်ပျံသန်းရေးအုပ်က စမ်းသပ်မှုနဲ့ ဘေးကင်းရေးအစီအစဉ်ကို တာဝန်ယူထားပါတယ်"ဟု အုပ်မှူးဖြစ်သူ ဗိုလ်မှူး Riley Livermore က ရှင်းပြခဲ့သည်။

စမ်းသပ်ပျံသန်းရန် ခရီးအကွာအဝေးရေးဆွဲခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးမှုတို့ကို နေ့စဉ်ပျံသန်းမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးရန် ကျွန်ုပ်တို့တွင် တာဝန်ရှိသည်။ ထို့နောက် ကျွန်ုပ်တို့၏ တွေ့ရှိချက်များကို စစ်ဆေးမှုအပြီးတွင် အစီရင်ခံစာတစ်စောင် ရေးသားတင်ပြသွားပါမည်ဟု ၎င်းကပြောကြားခဲ့သည်။

AFWERX သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် BETA ကုမ္ပဏီနှင့် ပထမဆုံးပူးပေါင်းဆောင်ရွက်ခဲ့သည်။ လေတပ်၏ ဆန်းသစ်တီထွင်မှု လက်ရုံးတပ်ဖွဲ့ AFWERX သည် ၂၀၂၂ ခုနှစ် မတ်လတွင် New York ၌ ALIA လေယာဉ်၏ ပထမဆုံးသောစမ်းသပ်ပျံသန်းမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ယခုလအစောပိုင်းတွင် BETA ကုမ္ပဏီသည် Eglin လေတပ်စခန်းရှိ Duke Field လေယာဉ်ကွင်းတွင် ပထမဆုံးသောစစ်ဘက်သုံး eVTOL လေယာဉ်အားသွင်းစခန်းကို တည်ထောင်ခဲ့သည်။

စမ်းသပ်ခြင်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းမှာ တွေ့ကြုံရသည့်သင်ခန်းစာများကို မှတ်တမ်းတင်ထားနိုင်ရန်၊ လေတပ်စခန်းများ၌ လေယာဉ်အားသွင်းစခန်းကို တည်ဆောက်ထားရန်နှင့် အခြေစိုက်စခန်းအသီးသီးသို့ အနာဂတ်စီမံကိန်းဆိုင်ရာ အချက်အလက်များကို အသိပေးပြီး အရှိန်မြှင့်လုပ်ဆောင်ရန် စသည်ဖြင့် မျှော်မှန်းထားကြောင်း Livermore က ပြောကြားခဲ့သည်။

မြေပြင်အခြေစိုက် လေယာဉ်အားသွင်းစခန်းသည် လေတပ်အတွက် လုပ်ထုံးလုပ်နည်းများနှင့် ဘေးကင်းရေးဆိုင်ရာလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားရမည်ဟုလည်း ၎င်းကထည့်သွင်းပြောကြားခဲ့သေးသည်။

"နည်းပညာအသစ်ဖြစ်လို့ လောလောဆယ် သတ်မှတ်ပြဋ္ဌာန်းချက်တွေ ထွက်မလာသေးပါဘူး"ဟုလည်း Livermore က မှတ်ချက်ပြုခဲ့သည်။

**BETA Delivers ALIA eVTOL to US Air Force for Military Tests ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှား VKH ကုမ္ပဏီက ခြေလျင်တိုက်ခိုက်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးယာဉ်များအတွက် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တီထွင်

ရုရှားနိုင်ငံ VKH ကုမ္ပဏီသည် ခြေလျင်တိုက်ခိုက်ရေး ယာဉ်များနှင့် ထောက်ပံ့ပို့ဆောင်ရေးယာဉ်များအတွက် FPV တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သစ်တစ်မျိုးကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း Militarnyi သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နိုင်ငံပိုင် Rostec ကော်ပိုရေးရှင်း၏ အဆိုအရ ပြည်တွင်းထုတ် အီလက်ထရွန်နစ်စစ်ဆင်ရေး (EW) စနစ်အချို့ကို စမ်းသပ်မှုများသည် အလားအလာရှိသော ရလဒ်များကို ထွက်ပေါ်လာစေခဲ့သည်။

Rostec လက်အောက်ခံ Vysoko-tochny Kompleks Holding (VKH) ကုမ္ပဏီသည် ခြေလျင်တိုက်ခိုက်ရေးယာဉ်များ (IFVs) တွင် ပေါင်းစပ်အသုံးပြုနိုင်သော FPV တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို စမ်းသပ်မှုများလုပ်ဆောင်ခဲ့သည်။ Rostec သည် IFVs များကို ထိုသို့သောနည်းပညာဖြင့် တပ်ဆင်အသုံးပြုနိုင်မည့်နည်းလမ်းကို ကြိုးပမ်းရှာဖွေခဲ့ခြင်းလည်းဖြစ်သည်။

လက်တလောတွင် IFVs ယာဉ်များရှိ စက်ကိရိယာများတွင် ဤစနစ်များပေါင်းစည်းရန် ကြိုးပမ်းဆောင်ရွက်နေသည်။ Vysokotochnye Kompleks စက်မှုလုပ်ငန်းတွင် ရုရှားနိုင်ငံ၏ တစ်ခုတည်းသော ခြေလျင်တိုက်ခိုက်ရေးယာဉ် IFVs (BMPs) များ ထုတ်လုပ်လျက်ရှိသည့် Kurgan စက်ရုံလည်း ပါဝင်ဖွဲ့စည်းထားသေးသည်။

မကြာသေးမီက ရုရှားနိုင်ငံသည် အရပ်ဘက် UAZ မီနီဘတ်စ်ပေါ်တွင် မတူညီသော ဒရုန်းကာကွယ်ရေးစနစ်နှစ်ခုကို စမ်းသပ်ခဲ့သည်။ စနစ်တစ်ခုကို ရုရှားကုမ္ပဏီ Rus Crep က တရုတ်နိုင်ငံမှဝယ်ယူခဲ့ခြင်းဖြစ်ပြီး ကျန်စနစ်တစ်ခုမှာ ပြည်တွင်း၌ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံထုတ်စနစ်သည် ပစ်မှတ်ထံမှ အကွာအဝေး ၄၀ မီတာ၊ ၄၅ မီတာ အကွာတွင် FPV ဒရုန်းကိုအောင်မြင်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။ ရုရှားပြည်တွင်းထုတ်စနစ်သည် FPV ဒရုန်းကို ယာဉ်ပေါ်မှတိုက်ရိုက်ဖြတ်၍ ပျံသန်းစဉ်တွင်ပင် ပစ်ချနိုင်ခဲ့ခြင်းမရှိဘဲ အော်ပရေတာထံမှ ထိန်းချုပ်မှုဆိုင်ရာ ပြဿနာများကို ကြုံတွေ့ခဲ့ရသည်ဟု သိရသည်။



အဆိုပါ တိုးတက်ဖွံ့ဖြိုးကြိုးပမ်းလုပ်ဆောင်မှုများအပြင် စက်တင်ဘာလက ရုရှားစေတနာ့ဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တင့်ကား၊ သံချပ်ကာယာဉ်များကို ဒရုန်းအန္တရာယ်များမှ ကာကွယ်ရန်အတွက် ဒီဇိုင်းထုတ်ထားသည့် "Volnorez" ရေဒီယို၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ကို စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

**Rostec's VKH develops new anti-drone system for Russian IFVs and logistic vehicles ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၇၈၅၀၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၇၈၅၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၇၇၉၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၈၅၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က စစ်ကိုင်းမြို့နယ်မှာ မိုးသီးနှံစုံဧက ၂၈၀၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံ ၂၇၇၉၃၃ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ၂၇၈၅၀၈ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ထက်ကျော်လွန် စိုက်ပျိုးနိုင်ခဲ့တာပါ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အချိန်မီ စိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်။ နည်းပညာပေးတာတွေလဲ ဆောင်ရွက်ပေးပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး ၂၆၁၂၄ ဧက၊ ပဲမျိုးစုံ ၈၁၄၃၆ ဧက၊ ဆီထွက်သီးနှံ ၄၆၂၇၆ ဧက၊ ဝါ ၁၅၆၂၀ ဧက၊ စားဖိုဆောင်သီးနှံ ၂၂၄၅ ဧက၊ အခြားသီးနှံ ၁၀၆၈၀၆ ဧက စုစုပေါင်း ၂၇၈၅၀၈ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် စပါးဧက ၂၆၁၀၀၊ ပဲမျိုးစုံဧက ၈၂၄၀၀၊ ဆီထွက်သီးနှံ ၄၆၁၈၁ ဧက၊ ဝါ ၁၇၁၂၈ ဧက၊ စားဖိုဆောင်သီးနှံ ၂၂၄၈ ဧက၊ အခြားသီးနှံ ၁၀၃၈၇၆ ဧက စုစုပေါင်း ၂၇၇၉၃၃ ဧကဖြစ်ကြောင်း သိရသည်။ (၂၀၆)

# အောင်လံမြို့နယ် လှေဒုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှေဒုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နန္ဒာအိက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းများ သတ်မှတ်ရက်အတွင်းအချိန်မီ ပေးသွင်းနိုင်ရေး အလေးထား ဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၈၂ သိန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှေဒုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၂ ဦးကို ငွေကျပ် ၄၈၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုလှိုင်**

# ဟသ်ာတမြို့နယ် အင်းဂရမ်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဟသ်ာတ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် မဒေါ့တလုပ်ကုန်းကျေးရွာအုပ်စု အင်းဂရမ်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူသင်းနှင့် အင်ဂျင်နီယာများ၊ ဟသ်ာတမြို့နယ် ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများအဖွဲ့သည် အင်းဂရမ်းကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ လမ်းအရှည် ပေ ၁၇၀၀၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အင်းဂရမ်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)မှ ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၈၆ စု၊ လူဦးရေ ၂၉၈ ဦးတို့မှာ လမ်းပန်းဆက်သွယ်ရေးပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧွဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရုရှားရေတပ်စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်



တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက ရုရှားစစ်ရေယာဉ်များသို့ သွားရောက်လေ့လာစဉ်။



ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်စစ်ရေယာဉ်များမှ အရာရှိ စစ်သည်များက တပ်မတော်(ရေ)မှ စစ်ရေယာဉ်များသို့ လာရောက်လေ့လာစဉ်။






ရုရှားရေတပ်စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲနှင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတို့ကို ယှဉ်ပြိုင်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များသည် မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်များသို့ နိုဝင်ဘာ ၄ ရက်တွင် လာရောက်လေ့လာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လိုက်လံရှင်းလင်းပြသကြသည်။ အလားတူ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များလည်း ရုရှားစစ်ရေယာဉ်များသို့ သွားရောက်လေ့လာရာ ရုရှားစစ်ရေယာဉ်များမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ရေယာဉ်ပေါ်တွင် လိုက်လံရှင်းလင်းပြသကြသည်။

နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့၌ ရုရှားစစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ၊ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ချစ်ကြည်ရေးလွန်ဆွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။ ထို့ပြင် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ပထမအဆင့်အနေဖြင့် နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များဖြင့် ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခန်း(Harbour Phase) ဆောင်ရွက်ကြသည်။ ရုရှားစစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များသည် ရန်ကုန်မြို့သို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးသွားရောက်လည်ပတ်ခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




ရှေ့ဖုံးမှအဆက်

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Boeing 737-400 Freighter လေယာဉ်ဖြင့် စတင်ပျံသန်းပြေးဆွဲခဲ့ပြီး နေ့စဉ်ပျံသန်းပြေးဆွဲပေးရန် စီစဉ်ထားကြောင်း သိရသည်။

အလားတူ မြန်မာအမျိုးသားလေကြောင်းက ပြည်တွင်းခရီးစဉ်တစ်ခုဖြစ်သည့် ရန်ကုန်-မြိတ်-ရန်ကုန် ပြည်တွင်းခရီးစဉ်ကိုလည်း နိုဝင်ဘာ ၄ ရက်မှစတင်၍ အပတ်စဉ် တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့များတွင် Boeing 737-800 NG လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယင်းခရီးစဉ်တွင်လိုက်ပါသည့် ခရီးသည်များအနေဖြင့် Baggage Allowance များဖြစ်သော Business Class: 30kg၊ Premium Economy Class: 25kg၊ Economy Class: 20kg နှင့် Hand Carry Baggage 7kg သယ်ဆောင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုဝင်ဘာ ၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈၅၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

☆ **ကျောဖုံးမှအဆက်**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၃၇၈ ဦး၊ ခွဲစိတ်ရောဂါ ၁၀၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၃ ဦး၊ ကလေးရောဂါ ၆၂ ဦး၊ အရိုး ရောဂါ ၂၀၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၈၆ ဦး၊ မျက်စိရောဂါ ၂၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါဦးရေ ၉၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင်အထွေထွေခွဲစိတ်လူနာ ၁၇ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၇ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့်စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့်ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ငါးဦးကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်၌ နိုဝင်ဘာ ၄ ရက် ည ၁၁ နာရီ ၃၇ မိနစ်တွင် ငပုတောမြို့နယ် ကျုံကူးရွာနေ မီးဖွားလူနာ ဒေါ်တင်တင်မြင့်ကို (၆ ပေါင် ၈ အောင်စ)ရှိ သားရတနာတစ်ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)က ပေးအပ်သည့် ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဦးဆုံးမွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၏ ဆေးကုသပေးမှုသမိုင်းမှတ်တမ်းတွင် ၁၉ ဦးမြောက်အဖြစ် အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်သည်။







သံဃာတော်နှင့် ဒေသခံပြည်သူများကို တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်၌ ငပုတောမြို့နယ် ကျုံကူးရွာနေ မီးဖွားလူနာ ဒေါ်တင်တင်မြင့်ကို (၆ ပေါင် ၈ အောင်စ)ရှိ သားရတနာတစ်ဦးကို အောင်မြင်စွာမွေးဖွားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)က ပေးအပ်သည့် ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို မီးဖွားလူနာ ဒေါ်တင်တင်မြင့်အား တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်စဉ်။

အလားတူ ရောဝတီတိုင်းဒေသကြီး ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဟင်္သာတမြို့ ပခမ်းရပ်ကွက် ပွဲရုံလမ်းကမ်းနားဆိပ်ကမ်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် ဟင်္သာတမြို့ရှိ လယ်တော်ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၀၆ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၃ ဦး၊ ခွဲစိတ်ရောဂါ ၅၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ လေးဦး၊ အရိုးရောဂါ ၅၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၁ ဦး၊ မျက်စိရောဂါ ၁၁၄ ဦးနှင့် သွားရောဂါ ငါးဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၃ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုကဲ့သို့ ကျန်းမာရေးဆောင်ရွက်မှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**ဦးဝင်းလွင်**




လက်ရှိအနေအထားကတော့ဒူးကတော့ မကောင်းတာ တစ်နှစ်လောက်ရှိပါပြီ။ လမ်းသွားလို့ရှိရင် နာနေတာပေါ့။ အခုလာပြတာပါ။ ဆရာဝန်ကတော့ ဒူးကိုလက်ရှိအနေအထားကတော့ သောက်ဆေးပဲသောက်ပါပြောပါတယ်။ နောက်ပိုင်းကျရင်တော့ ဒူးထဲကိုဆေးထိုးရမယ်လို့ပြောပါတယ်။ ဝမ်းသာတာပေါ့။ အခုဆိုတစ်နေရာတည်းမှာ ရောဂါပေါင်းစုံကို ပြလို့ရတယ်။ ကျွန်တော့်မြို့က ပြည်သူတွေက နယ်လှည့်ဆေးကုသရေးအဖွဲ့ကို စောင့်နေတာကြာပါပြီ။ အခုလို ကျန်းမာရေးအဖွဲ့တွေနဲ့ တပ်မတော်သားဆရာဝန်တွေပါ လာရောက်ပြီး ပြည်သူတွေကို ကုသပေးတဲ့အတွက် အတိုင်းအထက်အလွန် ဝမ်းသာပါတယ်။ နောက်ပြီး တိုင်းပြည်တာဝန်ထမ်းဆောင်ရင်းနဲ့ ပြည်သူတွေကိုလာပြီး ဂရုတစိုက်ပြုစုပေးတဲ့အတွက် ပြည်သူတွေကိုယ်စား ဝမ်းသာအားရပါကြောင်း ပြောလိုပါတယ်။

**နင်းအိဖြိုး**

မျက်စိဖြစ်တာ တစ်နှစ်ကျော်လောက်ကြာပါပြီ။ ပုသိမ်မှာသွားပြဖို့က ငွေရေးကြေးရေးမတတ်နိုင်တဲ့အတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ပြီးကုပေးတဲ့အတွက် မျက်စိလာရောက်ပြသ




တာပါ။ အရင်တုန်းက မျက်စိကကိုက်တယ်။ ကောင်းကောင်းမွန်မွန် နွေးထွေးစွာကုသပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။



# ပြည်ပပို့ကုန်များတင်ပို့ရာတွင် နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပို့ကုန်များကို သတ်မှတ်အရည်အသွေးပြည့်မီစေရေး စနစ်တကျစစ်ဆေးရန်လို

**နေပြည်တော် နိုဝင်ဘာ ၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းရှိ စားသုံးဆီသိုလှောင်ကန်များ၌ စားသုံးဆီများသိုလှောင်ထားရှိမှုဖြန့်ဖြူးပေးနေမှုနှင့်စားသုံးသူပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရေးစီမံဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းပဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းဒေါင့်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနသို့ ရောက်ရှိပြီး အသေးစားနှင့် အလတ်စားထုတ်ကုန်ပစ္စည်းများပြခန်းနှင့် ရုံးအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

အဆိုပါ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ပြန်လည်မွမ်းမံမှုမှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးမည်ဖြစ်ပြီး အသေးစားထုတ်ကုန်ပစ္စည်းပြပွဲများ၊ ဆွေးနွေးပွဲများနှင့်သင်တန်းများကို စနစ်တကျ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းအနီးတွင် တည်ရှိသော မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(Myanmar Inspection and Testing Services Limited-MITS)သို့ ရောက်ရှိပြီး သွင်းကုန်ပစ္စည်းများအတွက် ပြည်တွင်းစားသုံးသူများကျန်းမာရေးနှင့် ညီညွတ်စွာစားသုံးနိုင်ရေး အရည်အသွေးမှန်ကန်စွာစစ်ဆေးရန်၊ ပြည်ပပို့ကုန်များတင်ပို့ရာတွင် နိုင်ငံ့ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးအတွက် ပို့ကုန်များကိုသတ်မှတ်အရည်အသွေးပြည့်မီစေရေးစနစ်တကျစစ်ဆေးရန်နှင့် စစ်ဆေးမှုများကို ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ကြေညာချက်

၁။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် အစိုးရနည်းပညာကောလိပ် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၇-၁၁-၂၀၂၃ ရက်မှ စတင်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website:www.most.gov.mm၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ Website: www. dtvet.edu.mm၊ www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်တွင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ၁၆-၁၁-၂၀၂၃ ရက်မှစတင်၍(စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

# အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် နဂါးပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဆရာတော်၊ သံဃာတော် အပါး ၁၂၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုစစ်ဆေးခြင်းနှင့်ကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောဆရာတော်၊သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် နဂါးပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးတိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပပြုလုပ်မည်

**နေပြည်တော် နိုဝင်ဘာ ၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊အမျိုးသမီးအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၅၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကိုနေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၁၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၅၆၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့်ဥပဒေရုံးများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်




ပဲခူး နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ခဲ့သောဥပဒေရုံးများ ပြန်လည်ပြုပြင်ရန်နှင့် ရေဘေးသင့်ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ငွေကျပ်သိန်း ၉၀ နှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ရေဘေးကျရောက်စဉ် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိတို့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဝန်ထမ်းများ ထိခိုက်သေဆုံးမှုမရှိဘဲ အဆောက်အအုံများအနည်းငယ်သာပျက်စီးဆုံးရှုံးမှုရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ကြွစွာကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် အားလုံးကိုကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ဦးခင်မောင်တင့်က ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရေဘေးသင့်ခဲ့သည့် ဥပဒေရုံးအဆောက်အအုံများပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ကထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီး ဥပဒေချုပ်ထံပေးအပ်ပြီး ရေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ပဲခူးခရိုင်ဥပဒေရုံး၊ ပဲခူးမြို့နယ်ဥပဒေရုံးတို့ကို ပြန်လည်ပြုပြင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကြေညာချက်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၇-၁၁-၂၀၂၃ ရက်မှစတင်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website www.most.gov.mm၊အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website www.dast.edu.mm ၊ www.dast.gov.mm နှင့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

ပထမနှစ်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ၁၆-၁၁-၂၀၂၃ ရက်မှစတင်၍(စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၅ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၇၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၁၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၄၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၂၈ |
| 95 Ron | ၂၀၅၃ | ၂၁၂၇ |
| HSD (500 ppm) | ၂၀၈၈ | ၂၁၆၀ |
| HSD (50 ppm) | ၂၂၀၀ | ၂၂၇၄ |
| HSD (10 ppm) | ၂၂၀၈ | ၂၂၈၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ နိုင်ငံခြားငွေ၊ ရွှေတုံးများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ






**နေပြည်တော် နိုဝင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြိတ်မြို့ ထားဝယ်စုရပ်ကွက် ရွှေနန်းတော်မုန့်တိုက်အရှေ့ နဝရတ်လမ်း သွယ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်သည့် 888 Playing Cards ဖဲချပ် ၄၆၀၈ ထုပ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၈၉၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသည့် Wellman အားဆေးဘူး ၁၀၀၈၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၉၁၅၉၇၃၄ ကိုလည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ခရီးသည် သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် iPhone 15 Pro Max ၂၅၉ လုံး၊ အမေရိကန်ဒေါ်လာ ၁၀၀ တန်ဟု ယူဆရသောနိုင်ငံခြားငွေ ဒေါ်လာ ၁၂၀၀၀ နှင့် Gold 999.9 1 Kilo စာတန်းပါရွှေဟု ယူဆရသောအတုံး ၁၆ တုံး ၁၆ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၄၆၅၀၀၀၀၀ ကိုလည်းကောင်းစုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၃၅၆၅၉၇၃၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် သပြေကန်ရွာအနီး၌ ကျိုက်ထိုမြို့မှ ဒိုက်ဦးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet စားအုန်းဆီ လီတာ ၅၄၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘုရားကြီးမြို့ ကသစ်ပိုင်ဓမ္မရိပ်သာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် MAXTIRES ကားတာယာ ၁၈ လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၃ ရက်နှင့်၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၅၉၄၉၃၃၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၁)ကွက်သစ်လမ်းတွင် လီဂေ(ခ) အားဂေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလု(အပေါ်)ကျေးရွာရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါကနိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ko Ko Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ခြောက်မိုင်ကျေးရွာနေ ကိုကိုထွန်း ကို ည ၁၀ နာရီ ၁၅ မိနစ်တွင် ဇေယျာသီရိနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့် လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မြန်မာ့ရိုးရာ ကျေးလက်ကစားနည်းများ

ကိုကျော်စွာ(ကျိုက်ပိ)

❖ ကျေးလက်ဒေသရှိ အရိပ်ရသစ်ပင်ကြီးများသည် ကလေးများ၏ ဆော့ကစားရာ နေရာတစ်ခုဖြစ်သည်။ စာရေးသူတို့နိုင်ငံတွင် မြန်မာ့ရိုးရာ ကျေးလက်ကစားနည်းများစွာရှိသည်။ ယနေ့ထိလည်း ကလေးများ နှစ်ခြိုက်စွာဆော့ကစားလျက်ရှိသည်။ မြန်မာ့ရိုးရာကျေးလက်ကစားနည်းများစွာရှိသည်။ ၎င်းတို့မှာ သောက်ရေအိုးစင် သို့မဟုတ် ညောင်ရေအိုးစင်ကစားနည်း၊ မအေးခြင်ထောင်ကစားနည်း၊ ရွှေစွန်ညိုကစားနည်း၊ ကြက်ဖခွပ်တမ်းကစားနည်း၊ ဖန်ခုန်ကစားနည်း၊ ညောင်ပင်တစ္ဆေကစားနည်း၊ ထုပ်ဆီးတိုးကစားနည်းနှင့် လိပ်ဥဝှက်တမ်းကစားနည်းအပြင် အခြားသော ကစားနည်းများစွာရှိသည်။ ❖

စာရေးသူသည် ငယ်စဉ်တောင်ကျေး ကလေးဘဝက ကစားနည်းမျိုးစုံဖြင့် ကစားဖူးခဲ့ကြသည်။ ကစားခြင်းသည် ကလေးများအတွက် ကာယ၊ ဉာဏ အပြင် ဘက်စုံဖွံ့ဖြိုးစေသော အကြောင်းရင်းများကို ရရှိစေသည်။ ကစားနည်းအများစုသည် ကိုယ်လက်လှုပ်ရှားမှုရှိသဖြင့် ကိုယ်ခန္ဓာလည်း ဖွံ့ဖြိုးစေသည်။ ထို့ပြင် အတူတကွစုပေါင်းကစားကြသဖြင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေသည်။

ကစားခြင်းသည် ကလေးများအတွက်လိုအပ်သည်။ ကစားခြင်းသည် ကလေးများအလုပ်ဟုပင် ဆိုသင့်သည်။ ထို့ပြင် ကလေးများကစားနေပါက ကျန်းမာရေးကောင်းသည်ဟု ဆရာကြီး ဦးအောင်သင်း၏ စကားကို စာရေးသူမှတ်သားခဲ့ရသည်။ စာရေးသူတို့ခန္ဓာကိုယ်ကို ဘာသာရေးသဘောအရ ကြည့်ပါက ဖြစ်-ပျက်၊ ဖြစ်-ပျက် အချက်ညီညီသွားနေကြသည်။ အသက်ကြီးလာပါက ပျက်-ပျက်-ဖြစ်ဟူ၍ အပျက်ဘက်ကများလာသည်။ ထို့ကြောင့် အသားရေတွန့်၍ အိုမင်းလာခြင်းဖြစ်သည်။ ကစားနေကျ ကလေးတစ်ယောက် မကစားဘဲငြိမ်နေပါက ကျန်းမာရေးဘက်တွင် ပြဿနာတစ်ခုခုရှိနေနိုင်သည်။ ထို့ကြောင့် ကလေးသည် ကစားနေရန်လိုသည်။ ကလေးတစ်ယောက် မကစားပါက ကျန်းမာရေးတစ်ခုခုဖြစ်နေပြီဟု ကောက်ချက်ချနိုင်သည်။

ကလေးငယ်ဟူသည် အလွန်ဆော့ကစားကြသည်။ ကလေးများ၏ကစားနည်းများကို စာသင်ကျောင်းများတွင်လည်းကောင်း၊ ရပ်ထဲရွာထဲတွင်လည်းကောင်း၊ အချို့ကျေးလက်ဒေသရှိ အရိပ်ရအပင်ကြီးများအောက်တွင်လည်းကောင်း တွေ့မြင်ကြရသည်။ ကျေးလက်ဒေသရှိ အရိပ်ရသစ်ပင်ကြီးများသည် ကလေးများ၏ ဆော့ကစားရာ နေရာတစ်ခုဖြစ်သည်။ စာရေးသူတို့နိုင်ငံတွင် မြန်မာ့ရိုးရာကျေးလက်ကစားနည်းများစွာရှိသည်။ ယနေ့ထိလည်း ကလေးများနှစ်ခြိုက်စွာ ဆော့ကစားလျက်ရှိသည်။ မြန်မာ့ရိုးရာ ကျေးလက်ကစားနည်းများစွာရှိသည်။ ၎င်းတို့မှာ သောက်ရေအိုးစင် သို့မဟုတ် ညောင်ရေအိုးစင်ကစားနည်း၊ မအေးခြင်ထောင်ကစားနည်း၊ ရွှေစွန်ညိုကစားနည်း၊ ကြက်ဖခွပ်တမ်းကစားနည်း၊ ဖန်ခုန်ကစားနည်း၊ ညောင်ပင်တစ္ဆေကစားနည်း၊ ထုပ်ဆီးတိုးကစားနည်းနှင့် လိပ်ဥဝှက်တမ်းကစားနည်း အပြင် အခြားသော ကစားနည်းများစွာရှိသည်။ စာရေးသူအနေဖြင့် မြန်မာ့ရိုးရာကစားနည်းများစွာထဲမှ ကစားနည်းတချို့ကိုဖော်ပြလိုက်ပါသည်။

**ညောင်ရေအိုးစင်ကစားနည်း**

စာရေးသူတို့ကလေးဘဝက "သောက်ရေအိုးစင်ကစားနည်း သို့မဟုတ် ညောင်ရေအိုးစင်"ကစားနည်းတစ်မျိုးကိုကစားခဲ့ကြသည်။ မိမိ၏ညာလက်တံတောင်ဆစ်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ထားပြီး ညာလက်က မိမိရှေ့က လူ၏ ဘယ်လက်တံတောင်ဆစ်ကိုလှမ်း၍ ဆုပ်ကိုင်ရသည်။ မိမိ၏မျက်နှာချင်းဆိုင်မှလူကလည်း ထိုနည်းအတိုင်းပြုလုပ်ရသည်။ ထိုအခါ နှစ်ဦးမျက်နှာချင်းဆိုင်ပြီး လက်များသည် လေးထောင့်ပုံဖြစ်သွားသည် ထိုအပေါ်သို့အခြားသူတစ်ဦးက ထိုင်၍လိုက်ခြင်းမျိုးဖြစ်သည်။ ပါးစပ်ကလည်း "သောက်ရေအိုးစင်ရေအိုးစင်"ဟု အော်လေ့ရှိကြသည်။ ဤကစားနည်းမျိုးကို ယခုအခါ ကလေးငယ်များသိပ်ကစားလေ့မရှိကြတော့ပေ။ ကြာလျှင်ပျောက်ကွယ်သွားဖွယ်ရာရှိသည်။ ထိုကစားနည်းသည် ကျေးလက်ဒေသကလေးအများစုကစားလေ့ရှိသော ကစားနည်းတစ်မျိုးဖြစ်သည်။ ဤကစားနည်းသည် မြန်မာ့ရေချမ်းစင်ဓလေ့ကို သရုပ်ဖော်ခြင်းဖြစ်သလို အရာဝတ္ထုတစ်ခုကို စုပေါင်း၍ သယ်ယူနိုင်ကြောင်း ညွှန်ပြနေသောကစားနည်းမျိုးဖြစ်သည်။

**ရွှေစွန်ညိုကစားနည်း**

ဤကစားနည်းကို ကလေးအများစု နှစ်သက်စွာ ကစားလေ့ရှိသည့် ပျော်စရာကစားနည်းတစ်မျိုးပင်ဖြစ်သည်။ မန္တလေးမြို့တွင် ဂျပန်ခေတ်ကတည်းက ကစားခဲ့သော ကစားနည်းတစ်နည်းဟုဆိုသည်။ ညဘက်လသာသာ၌ ကစားလေ့ရှိကြသည်။ ရွှေစွန်ညိုကစားနည်းသည် ရှစ်ယောက်မှ ၁၅ ယောက်ထိ ဆော့ကစားနိုင်သောကစားနည်းမျိုးဖြစ်သဖြင့် ပျော်စရာကောင်းလှသည်။ ဤကစားနည်းတွင် ကြီးစဉ်ငယ်လိုက်စီတန်းပြီး နောက်ဆုံးတွင် မထွေးလေးကိုထားရသည်။ အတန်း၏ရှေ့ဆုံးကလူသည် ခေါင်းဆောင်ဖြစ်သည်။ ခေါင်းဆောင်ရှေ့တွင် မထွေးလေးကို ဖမ်းမည့် ရွှေစွန်ညိုဖြစ်သည်။ ကစားပွဲစပါက ခေါင်းဆောင်လုပ်သူနှင့် ရွှေစွန်ညိုလုပ်သူသည် အောက်ပါအတိုင်း အမေး၊ အဖြေပြုလုပ်၍ ကစားပွဲကိုစလေသည်။

"ခေါင်းဆောင်လုပ်သူက ရွှေစွန်ညိုဘာကိုလိုလို့ ဝဲပါတယ်"ဟုမေးရာ မထွေးဖမ်းမည့်ရှေ့ဆုံးကလူက မထွေးလိုလို့ဝဲပါတယ်"ဟုဖြေရသည်။ နောက်ဆုံးတွင် ရွှေစွန်ညိုလုပ်သူက "မထွေးလွတ်အောင်ပြေး"ဟု အော်ကာ ရွှေစွန်ညိုဝဲသလို ဘယ်ညာယိမ်းပြီး မထွေးကိုဖမ်းရာ ရှေ့ကခေါင်းဆောင်က လက်ကာတား၍ ကစားခြင်းမျိုးဖြစ်သည်။ ထိုကစားနည်းကို ယခုတိုင် ကလေးများဆော့ကစားလေ့ရှိကြသည်။ ဤကစားနည်းသည် အန္တရာယ်ကြုံလာပါက စုပေါင်း၍ ကာကွယ်နိုင်ကြောင်းကို ဖော်ပြသောကစားနည်းဖြစ်သည်။

**ကြက်ဖခွပ်တမ်းကစားနည်း**

နောက်ထပ်ကစားနည်းတစ်ခုမှာ ကြက်ဖခွပ်တမ်းကစားနည်းဖြစ်သည်။ မိန်းကလေးအများစု နှစ်သက်စွာကစားလေ့ရှိသော ကစားနည်းမျိုးဖြစ်သည်။ နှစ်ယောက်ချင်းမတ်တတ်ရပ် မျက်နှာချင်းဆိုင်လျက် "ကြက်ဖတိန်ညင် တောကိုဝင်၊ မောင်ရင်လာ လေးနှင့်ပစ်၊ မပစ်ပါနဲ့မောင်ရင်ရယ်၊ ကြက်တက်စူးပုံ့မယ်၊ ဘယ်ဘက်ကစူးစူး၊ ညာဘက်ကစူးစူး၊ ခွပ်လိုက်ကြစို့ သူငယ်ချင်း၊ အောက်အီးအီးအွပ်"ဟုသံပြိုင်အော်ပြီး မျက်နှာချင်းဆိုင်ဆောင့်ကြောင့်ထိုင်၍ ခြေတစ်ဖက်စီကို ရှေ့တိုးနောက်ဆုပ်လုပ်ကာ ခွပ်ကြသည်။ မောင်၍မခွပ်နိုင်လျှင် အရှုံးဖြစ်သည်။

**ညောင်ပင်တစ္ဆေကစားနည်း**

ဤကစားနည်းကို ယောကျ်ားကလေးနှင့် မိန်းကလေးအတူတူ ပူးပေါင်းဆော့ကစားနိုင်သောကစားနည်းဖြစ်သည်။ အချို့ကနေ့လယ်ဘက် အရိပ်ကောင်းသောသစ်ပင်ကြီးများအောက်တွင်၊ ဆူးငြောင့်ကင်းသောမြေပေါ်တွင် ဆော့ကစားကြသည်။

အချို့က လသာသောညများတွင် တလင်းထဲ၌ ဆော့ကစားကြသည်။ ထိုကစားနည်း၏ထူးခြားချက်မှာ ကစားသူလူဦးရေအပေါ် မူတည်၍ စည်းဝိုင်းဝိုင်းရသည် လူများလျှင် စည်းဝိုင်းကျယ်ကျယ်ဝိုင်းရသည်။ စည်းဝိုင်းအလယ်တွင် ကစားနည်းအခေါ်အရ မယ်ထွေးကိုထားရသည်။ ကျန်လူများက လက်ချင်းဆက်ကာ မယ်ထွေးကိုဝိုင်းထားကြရသည်။ ညောင်ပင်တစ္ဆေလုပ်မည့်သူက အကာအကွယ်တစ်ခုခုတွင် နေရသည်။ ထို့နောက် ကစားနည်းပါအတိုင်း သံပြိုင်အမေး၊ အဖြေပြုလုပ်၍ ညောင်ပင်တစ္ဆေလုပ်သူက စည်းဝိုင်းအလယ်က မယ်ထွေးကိုဖမ်းရသည်။လက်ချင်းဆက်၍ ဝိုင်းထားသောစည်းဝိုင်းအလယ်မှ မယ်ထွေးက ညောင်ပင်တစ္ဆေကို စနောက်လေသည်။ စည်းဝိုင်းအပြင်မှ ညောင်ပင်တစ္ဆေလုပ်သူကလည်း ဝိုင်းပတ်၍ မယ်ထွေးကိုဖမ်းရန် ကြိုးစားလေသည်။ လက်ချင်းဆက်ဝိုင်းထားသူများကလည်း မယ်ထွေးကို မမီအောင်၊ လက်ချင်းမပြုတ်အောင် ဝိုင်းပတ်နေကြရသည်။ လက်တွဲ၍ကာထားသူများက တစ်ယောက်ယောက်လဲပြိုသွားပါက တစ္ဆေကမယ်ထွေးလေးကို ဆွဲထုတ်၍ ကစားခြင်းမျိုးဖြစ်သည်။

**မအေးခြင်ထောင်ကစားနည်း**

ဤကစားနည်းသည် ညောင်ပင်တစ္ဆေကစားနည်းနှင့် အနည်းငယ်ဆင်တူသည်။ လသာသောညများနှင့် နေ့ခင်းဘက်အရိပ်ရအပင်များအောက်တွင် ကစားလေ့ရှိကြသည်။ ထိုကစားနည်းကို အများအားဖြင့် ကျေးလက်ဒေသနေ ကလေးငယ်များကစားလေ့ရှိကြသည်။ အရေအတွက်အားဖြင့် ခြောက်ယောက်မှ ၁၂ ယောက်ထိ ဆော့ကစားနိုင်သည်။ ထိုကစားနည်းသည် ညောင်ပင်တစ္ဆေကစားနည်းကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဆက်ထားရပြီး စည်းဝိုင်းအလယ်တွင် အသက်အရွယ်ကြီးသူ ကလေးတစ်ယောက်က ဝင်နေရသည်။ ကစားနည်းစလျှင် စည်းဝိုင်းအတွင်းမှ ကလေးက "မအေးခြင်ထောင် ဘယ်လောက်ပေးရလဲ"ဟူ၍မေးရပြီး ဝိုင်းထားသူများက "ငါးမူး၊ တစ်မတ်ပေးရတယ်"ဟုပြန်ဖြေရသည်။ ထို့နောက်စည်းဝိုင်းအတွင်းလူက "ဘယ်လောက်ရှိသလဲ" ဟု မေးပြန်သည်။ ထိုအခါ စည်းဝိုင်းထားသူများက "ဟောဒီလောက်ရှိတယ်"ဟုဆိုကာ ဆက်ထားသော လက်များကို ဝိုင်းအကြီးကြီးဖြစ်အောင် ဆန့်ထုတ်ကြသည်။ နောက်တစ်ခါ စည်းဝိုင်းအတွင်းလူက "မအေးခြင်ထောင် ဘယ်လောက်ကျဉ်းလဲ" ဟုထပ်မေးရာ ဝိုင်းထားသူများက ဆန့်ထားသော လက်များပြန်ကျဉ်း၍ "ဟောဒီလောက်ကျဉ်း"ဟုပြန်ဖြေကြရသည်။ ထို့နောက် စည်းဝိုင်းအတွင်းလူက "ငါ့ကိုပြန်ရောင်းပါလား"ဟုဆိုရာ ဝိုင်းထားသူများက "မရောင်းနိုင်ဘူး။ ဖေဖေ၊ မေမေဆူလိမ့်မယ်"ဟုပြောရသည်။ ထို့နောက် စည်းဝိုင်းအတွင်းလူက "ဖေဖေ၊ မေမေဆူရင်ငါ့ဆီလာခဲ့"ဟု ဆိုလိုက်သည်နှင့် လက်ချင်းဆက်၍ ဝိုင်းထားသောကလေးငယ်များက "ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ"ဟုအော်ကာ လက်တွဲမပြုတ်စေဘဲ လက်ယာရစ်လှည့်ပတ်ကစားကြလေသည်။ ထိုကစားနည်းသည် ကလေးများအတွက် ပျော်စရာကောင်းသော ကစားနည်းတစ်မျိုးလည်းဖြစ်သည်။ ဤကစားနည်းကို ယနေ့ထိကစားနေကြဆဲဖြစ်သည်။

**မစာရ သို့မဟုတ် မစာဥ ကစားနည်း**

ဤကစားနည်းကိုလည်း ကလေးအများစုနှစ်သက်ပျော်ရွှင်စွာကစားလေ့ရှိကြသည်။ ပထမဆုံး စည်းအတွင်း မျဉ်းလေးကြောင်းကန့်လန့်ဖြတ်ဆွဲရသည်။ တစ်ယောက်က အပြင်တွင်နေရသည်။ ကျန်လူများက စည်းအတွင်းနေကြရသည်။ အတွင်း၌ တစ်ယောက်က လမ်းကြောင်းအတိုင်း တစ်ကွက်စီနင်းကာ မစာရ (စာရေးသူတို့ဒေသတွင် ကလေးများက မစာဥဟုခေါ်ကြသည်)နှင့် အမေး၊ အဖြေလုပ်ရသည်။ အမေး၊ အဖြေမှာ မစာဥလုပ်သူက "ဒုံးဒုံး"ဟုအသံပြုရသည်။ ထိုအခါ စည်းအတွင်းနေသူများက "ဘယ်သူလဲ" ပြန်မေးရသည်။ ထိုအခါ စည်းအပြင်လူက "မစာဥ" ဟု ပြောရသည်။ ထို့နောက် စည်းအတွင်းလူများက "ဘယ်သွားမလို့လဲ"ဟု ပြန်မေးရာ မစာဥက "ပွဲသွားမလို့"ဟု ပြန်ဖြေရသည်။ စည်းအတွင်းရှိလူများက "တို့လဲလိုက်မယ်"ဟုဆိုရာ မစာဥက "မလိုက်နဲ့ ကျားတွေ၊ ဆင်တွေ ကိုက်လိမ့်မယ်"ဟုဆိုသည်။ ထိုအခါ ကျန်လူများက "ကိုက်ကိုက်သေသေလိုက်ခဲ့မယ်" ဟုဆိုပြီး မစာဥဟုအော်ကာ စည်းဝိုင်းတစ်လျှောက် ပတ်ပြေးကြလေသည်။ ဤကစားနည်းသည်လည်း ကလေးများအတွက် ပျော်ရွှင်စရာကောင်းသောကစားနည်းတစ်မျိုးပင်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မြန်မာ့ရိုးရာ ကျေးလက်ကစားနည်းများသည် ကလေးငယ်များ၏ ကိုယ်ကာယကျန်းမာရေးကို အထောက်အကူဖြစ်စေသလို အများဖြင့်စုပေါင်းဆောင်ရွက်တတ်သည့် အမူအကျင့်ကောင်းများကိုလည်း ရရှိစေသည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းတတ်သည့် စိတ်ဓာတ်မျိုးလည်း ဖြစ်ပေါ်စေသည်။ ထို့ပြင် ယနေ့ခေတ်တွင် ပြည်ပမှကစားစရာများ ဝင်ရောက်လာသဖြင့် မြန်မာ့ရိုးရာ ကျေးလက်ကစားနည်းများလည်း ပျောက်ကွယ်လုနီးပါးဖြစ်လာသည်။ ထို့ကြောင့် ကလေးများအတွက် အကျိုးများစေမည့် မြန်မာ့ရိုးရာကျေးလက်ကစားနည်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့ရိုးရာယဉ်ကျေးမှု ကစားခုန်စားပြိုင်ပွဲများ**
  **ဆရာကြီး ဦးတင်ညို ညွန်ကြားရေးမှူး(ငြိမ်း)**

# မျောက်ဆုံးနံပါတ်များ

ရှုဝံထက်ယံ(ကျိုက်စကော)




(၁)

သည်ကျောင်းလေးကို ကျွန်တော်ပြောင်းရွှေ့လာသည်မှာ သိပ်မကြာသေးသော်လည်း ကျောင်းရှိကျောင်းသား၊ ကျောင်းသူများနှင့်တော့ သင်ကြားရင်း၊ ပြောဆိုရင်း၊ ဆုံးမရင်းဖြင့် အတော်အတန်ရင်းနှီးစပြုနေပေပြီ။ အလယ်တန်းကျောင်းဟုဆိုသော်လည်း ဆရာ၊ ဆရာမအလုံအလောက်မရှိ။ တန်းခွဲ ၁၀ ခုရှိသည့် ကျောင်းလေးဖြစ်သော်လည်း ကလေးအရေအတွက်က ဦးရေ ၂၀၀ ခန့်ပင် မပြည့်သည်မို့သာတော်ပါသေးသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ဆရာ၊ ဆရာမများ ရှိသမျှအင်အားလေးနှင့် ကလေးတိုင်းကို အပြည့်အဝဂရုတစိုက်သင်ကြားပေးခဲ့ပါ၏။ ယနေ့လည်း ကြည်လင်သောစိတ်၊ ရွှင်ပျသောအမူအရာတို့ဖြင့် မင်္ဂလာရှိသောနံနက်ခင်းတစ်ခုကို အစပြုပြီး သကာလ-

"မောင်အံ့ဇော်ကို"

"ရှိပါတယ်ခင်ဗျ"

"မောင်လဝန်းသာ"

"ရှိပါတယ်ခင်ဗျ"

"မောင်အောင်ခန့်သူ"

"ရှိပါတယ်ခင်ဗျ"

"မခင်ရတနာစိုး"

"ကျောင်းပျက်ပါတယ်ဆရာ"

"ခွင့်စာပေးထားလား"

"မပေးထားပါဘူးဆရာ"

ကျွန်တော်ကိုင်ရသည့် ယခုစနစ်သစ် ကိုးတန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးသာရှိပြီး ယနေ့ကျောင်းပျက်သော ခင်ရတနာစိုးကလွဲ၍ အားလုံးနီးပါး စာတော်ပြီး စည်းကမ်းလိုက်နာကြသည်။

ကျောင်းအပျက်များပြီး ကျောင်းလာသည့်ရက်များတွင်လည်း စာသင်ချိန်၌ သေချာလိုက်မကြည့်သည့်သူ့အပြုအမူများကို ပြန်တွေးမိကာ ကျွန်တော် တဖြည်းဖြည်း ဒေါသထွက်လာမိသည်။ ထို့ကြောင့်လည်း အတန်းထဲရှိ ကလေးများကို သင်္ချာတွက်စာပေးခဲ့ပြီး ခင်ရတနာစိုး၏နေအိမ်သို့ ကျောင်းပျက်သည့်အကြောင်းရင်းကို စနည်းနာရန်ထွက်ခဲ့မိလေ၏။

(၂)

ခင်ရတနာစိုးအပေါ် စိတ်တိုဒေါသဖြစ်ကာ လိုက်လာခဲ့သော်လည်း ကျောင်းနှင့်အိမ်က အတော်ဝေးမှန်းခုမှပင် သိလိုက်ရ၏။ သည်ကြားထဲ လမ်းက ဗွက်ထူသည့်လမ်းမို့ ပုဆိုးအစိမ်းလေးကိုပါ ခပ်တိုတိုပြင်ဝတ်ရင်း အတန်းထဲက တပည့်တစ်ယောက်ညွှန်လိုက်သည့်လမ်းအတိုင်း မေးမြန်းစုံစမ်းရင်း ဆက်လျှောက်ခဲ့၏။ ၁၀ မိနစ်ခန့်ဗွက်လမ်းထဲလျှောက်ပြီးသကာလမှာတော့ ရွာမြောက်ဘက်အကျဆုံး ခြံတစ်ခြံအတွင်းရှိ အိမ်ငယ်လေးတစ်လုံးကို စတင်မြင်တွေ့ရပြီ။ "အတန်းထဲက ကလေးတွေလမ်းညွှန်ပုံအတိုင်းဆိုရင်တော့ ဒီအိမ်ပဲဖြစ်ရမယ်"ဟု ကောက်ချက်ချရင်း-

"ဟေ့ အိမ်ထဲမှာ ခင်ရတနာစိုးရှိသလား"

အသံတစ်ချက်ပေးရင်း အိမ်ထဲအကဲခတ်လိုက်မိ၏။

"ဩော် . . . သမီးလေးတို့ဆရာပါလား။ ခင်ရတနာစိုးရှိပါတယ်ဆရာ။ ဖျားနေလို့ အိပ်ခိုင်းထားပါတယ်။ လာပါဆရာ။ အိမ်ထဲကြွပါ။ ထိုင်ပါအုံး"

ပျာပျာသလဲ ခရီးဦးကြိုပြု၍ ဖြေလည်းဖြေရင်း၊ နေရာထိုင်ခင်းလည်းပေးရင်း ဧည့်ခံနေရှာသူက သူ့အမေပင်ဖြစ်ရမည်ဟုတွေးပြီး-

"ခင်ရတနာစိုး ဘာဖြစ်လို့ ကျောင်းပျက်လဲသိချင်လို့ လိုက်လာတာပါ။ ကလေးက အတန်းထဲမှာစာလဲ သိပ်မရတော့လေ"

ဆက်ပြောရမှာ အားနာသဖြင့်စကားကိုထပ်မဆက်သေးဘဲ အခြေအနေကိုအကဲခတ်လိုက်သည်။

"ဟုတ်ပါတယ်ဆရာ။ သမီးလေးက သိပ်သနားဖို့ကောင်းပါတယ်။ သူ့အဖေစိတ်ကြောင့်လဲ ဒီနှစ်မှာ နေမကောင်းခဏခဏဖြစ်တယ်။ အရင်ကဆိုသမီးလေးက စာတော်သလောက် အခုတော့"

"နေပါအုံးအစ်မ။ သူ့အဖေက ဘာဖြစ်လို့လဲ"

"သူ့အဖေက ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်တာကြာပါပြီ။ အရင်ကတော့ ငွေလဲပုံမှန်ပို့တယ်။ ဗီဒီယိုကောလဲ ပုံမှန်ပြောဖြစ်တယ်။ ဒါပေမဲ့ ဒီနောက်ပိုင်းတော့ အဆက်မသွယ်လဲမလုပ်၊ သားမယားရှိတယ်ဆိုတာတောင် သတိမရတော့ဘဲ နောက်မိန်းမတောင်ထပ်ယူသွားတယ်တဲ့ဆရာ။ အဲဒီသတင်းကြားပြီးကတည်းက သမီးလေးခုလိုဖြစ်နေတော့တာပါပဲဆရာ"

ကျွန်တော်သဘောပေါက်လိုက်ပါပြီ။ တပည့်မလေးခင်ရတနာစိုးအပေါ် စိတ်တိုဒေါသထွက်ပြီး အိမ်ထိလိုက်ခဲ့မိသောကျွန်တော်။ ယခုတော့ တပည့်မလေး၏စိတ်ဒဏ်ရာအနာတရက ကိုယ့်ကိုယ်ကိုယ် မှန်ထဲပြန်ကြည့်ရသလို ကိုယ့်ဘဝကိုယ်ပင် ပြန်လည်သတိရမြင်ယောင်စေခဲ့ပါ၏။

(၃)

ကျွန်တော့်ဘဝအတွက် အဖေအကြောင်းပြောပြပါဆိုလျှင် အင်္ကျီကျောပြဲဝတ်ထားပြီး ခမောက်စုတ်တစ်လုံးဆောင်းကာ အမေနှင့်ကျွန်တော့်ကို ကျောခိုင်းထွက်ခွာသွားသည့် လူတစ်ယောက်နှင့်သာ အစပျိုး၍ပြောရမည်ထင့်။ ထိုအချိန်က ကျွန်တော့်အသက်ခုနစ်နှစ်အရွယ်။ အမေခေါ်၍သာလိုက်ခဲ့ရသော်လည်း ကျွန်တော် မရောက်ဖူးသည့် နေရာဒေသတစ်ခုမို့ စိတ်လှုပ်ရှားစရာ၊ စူးစမ်းချင်စရာတို့အပြည့်နှင့်မို့ ကလေးသဘာဝအလျောက် လိုက်လံမေးမြန်းရင်းပျော်ရွှင်နေမိသည်။ အိမ်ကထွက်၍ ကားစီးရကတည်းက ကျွန်တော့်စိတ်က အတော်ကျေနပ်နေပြီမို့ အမေသွားချင်သော မည်သည့်နေရာပင်ဖြစ်လင့်ကစား လိုက်ရန်အဆင်သင့်ရှိနေပြီ။ ကားစီးရသည်ဆိုသဖြင့် ကိုယ်ပိုင်ကားတော့မဟုတ်ပါ။ ကျွန်တော်တို့ရွာလေးက ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ရွာလေးတစ်ရွာမို့ အိမ်ရှေ့ထွက်ပြီး ကားလမ်းပေါ်တက်လိုက်သည်နှင့် မီနီဘတ်စကား၊ ဟိုင်းလက်စ်ကားတို့ကို ကိုယ်နှစ်သက်ရာလက်ပြတားပြီး လိုက်ပါစီးရုံဖြင့် လိုရာခရီးရောက်နိုင်လေပြီ။ သို့ဖြစ်၍ တရွေ့ရွေ့နှင့်နေသည့် ကားလေးပေါ် လိုက်ပါစီးမျောရင်း လမ်းဘေးဝဲယာရှိ ရှုမျှော်ခင်းတို့ကို ငေးမောရသည့်အရသာက ကျွန်တော့်အတွက်တော့ အဖိုးမဖြတ်နိုင်သည့် ဆုလာဘ်တစ်ခုပင်။ ထို့ကြောင့်လည်း အမေသွားမည့်နေရာကိုမသိလင့်ကစား ကားစီးသွားရသည်ကိုက ပျော်စရာတစ်ခုဖြစ်နေခဲ့၏။

(၄)

လိုရာခရီးရောက်ပြီဖြစ်၍ ကျွန်တော်တို့သားအမိနှစ်ယောက် ကားပေါ်မှဆင်းခဲ့သည်။ ကျွန်တော့်လက်ကိုဆွဲရင်း လျှောက်လှမ်းနေခဲ့သော အမေ့ခြေလှမ်းတို့က ဦးတည်ချက်တစ်ခုရှိနေမှန်း ထိုစဉ်က ကျွန်တော်မသိခဲ့ပါ။ ကျွန်တော်ကတော့ ရွာတွင်ကြီးပြင်းခဲ့ရသူပီပီ ရွာဓလေ့စရိုက်များနှင့်သာ ရင်းနှီးကျွမ်းဝင်ခဲ့သည်မို့ မြို့ပြ၏အငွေ့အသက်နှင့် စည်ကားမှုမျိုးစုံတို့ကို ရှုမဝနိုင်လောက်အောင် ငေးမောခံစားရင်း ပြုံးပျော်ကြည်နူးနေခဲ့မိသည်။ ထိုစဉ်-

"ဟိုရှေ့က မြင်နေရတဲ့သူက သားရဲ့အဖေပဲ"

အမေ့၏တိုတောင်းပြတ်သားလှသော စကားလုံးတို့ကြားတွင် ကျွန်တော့်ခံစားမှုများ၊ ပျော်ရွှင်မှုများလွင့်စဉ်ငုပ်လျှိုးသွားခဲ့ရ၏။

"ဒီနေရာက ဘယ်နေရာမို့လို့လဲ မေမေ"

"ဒီနေရာကို တရားရုံးလို့ ခေါ်တယ်သား။ သားကိုအသိအမှတ်မပြုဘဲ နောက်မိန်းမယူသွားတဲ့ သားရဲ့အဖေနဲ့ အမေတို့ တရားဝင်ကွာရှင်းကြမလို့ လာခဲ့တာပဲ"

ပြတ်သားလှသော အမေ့စကားလုံးတို့က ကျွန်တော့်ကို အဖေနှင့် မိတ်ဆက်ပေးနေသည်လား၊ သို့တည်းမဟုတ် အင်္ကျီကျောပြဲ၊ ခမောက်စုတ်နှင့်အတူ နောက်ကျောလောက်သာမြင်လိုက်ရသူ တစ်နည်းအားဖြင့် ကျွန်တော့်အပိုင်မဟုတ်သော အဖေဆိုသူနှင့် နှုတ်ဆက်စေခြင်းမျိုးလား။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အတွက်တော့ အဖေဆိုသော ခေါင်းစဉ်အောက်တွင် ရေးသားရန် ဝေါဟာရတချို့ ရလိုက်သည်မှလွဲ၍ ထွေထွေထူးထူးမရှိခဲ့။

(၅)

"အဖေ"

ထိုအမည်နာမသည် ကျွန်တော်မွေးကတည်းက ခေါ်ခွင့်မရခဲ့သည့်နာမ်တစ်ခု။

အမေ့ပြောပြချက်များအရတော့ ကျွန်တော့်ကို မမွေးဖွားမီ လေးလအလိုလောက်ကတည်းက အဖေအိမ်ကထွက်သွားခဲ့ခြင်းဖြစ်မည်ထင့်။ အကြောင်းရင်းကတော့ တစ်ရွာသားဖြစ်သူအဖေက အမေ့ကို သူ့ရွာတွင်လိုက်နေစေချင်သည်။ ကျွန်တော့်အမေကလည်း သူ၏တစ်ဦးတည်းသောအမေကို စိတ်မချဟုဆိုကာ အဖေ့ရွာတွင် လိုက်မနေနိုင်ခဲ့။ လက်ထပ်ပြီးစကတော့ အဖေက အမေ့ရွာတွင်လိုက်နေရင်း အဆင်ပြေခဲ့သော်လည်း အမေ့တွင် ကိုယ်ဝန်လွယ်ထားရမှန်းသိပြီးချိန်ကစ၍ သူ့ရွာတွင်လိုက်နေရန် နည်းအမျိုးမျိုးဖြင့် စည်းရုံးသိမ်းသွင်းလေတော့၏။ နောက်ဆုံးသူမရှိလျှင်မဖြစ်ဟု ထင်လောက်သည့်အချိန်၊ တစ်နည်းအားဖြင့် အမေ့ကိုယ်ဝန်ရင့်လာချိန်တွင်တော့ အမေ့ကိုထားခဲ့ပြီး အဖေ ထွက်သွားခဲ့လေတော့၏။ ထိုနေ့ ထိုအချိန်မှစကာ အမေတစ်ယောက်တည်း ဘဝကိုသူညကစ၍ ရုန်းကန်ခဲ့ရမည်မှာ မလွဲမသွေ။ ကျွန်တော်လူမှန်းသိတတ်ချိန်ကစ၍ အမေတစ်ယောက်တည်းလုပ်အားဖြင့် ကျွန်တော်နှင့် အဘွားကို မကြောင့်မကြမတောင့်မတထားပေးခဲ့၏။ သည်လိုနှင့် မွေးကတည်းက အဖေမရှိခဲ့သော ဘဝမှာ နေသားကျလာခဲ့သည့်ကျွန်တော်၊ အမေနှင့်ကျွန်တော့်ကို သနားကရုဏာဖြင့် တွယ်တာနေခဲ့ရှာသည့်အဘွား၊ အဘွားနှင့် ကျွန်တော်တို့ကို ရှာဖွေလုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ရင်း မမောနိုင်၊ မပန်းနိုင်ရှာသည့်အမေ။ အဖေမရှိသော်လည်း ခမ်းနားထည်ဝါနေသော ကျွန်တော်တို့မိသားစုလေးကို ဖြိုခွဲမည့် သတင်းဆိုးတစ်ခုက မဖိတ်ခေါ်ဘဲ ရောက်လာခဲ့တော့၏။

ပန်းသတင်းလေညင်းဆောင်သကဲ့သို့ လူသတင်းလူချင်းဆောင်လာသည်မို့ မကြားချင်လည်း ကြားခဲ့ရပါသည်။

"ဟဲ့ မအေး နှင့်ယောကျ်ား ကိုလူမောင်တစ်ယောက် နောက်မိန်းမရသွားပြီတဲ့"

တစ်မြို့နယ်ထဲဖြစ်သည့်အပြင် ရွာချင်းလည်း သိပ်အလှမ်းမဝေးလှသောကြောင့် အဖေ့သတင်းက ကျွန်တော်တို့ မိသားစုနားသို့ ပြန်ကြားခဲ့ရသည်။ ထို့ကြောင့်လည်း အဖေနှင့်ကွာရှင်းရန် အမေဆုံးဖြတ်လိုက်ခြင်း ဖြစ်မည်ထင့်။ အဖေထွက်သွားခဲ့သည်ထိ သားနှင့် မယားဆီတစ်နေ့ ပြန်လာလိမ့်နိုးနိုး မျှော်လင့်ချက်လေးဖြင့် အဖေ့ကို စောင့်နေခဲ့ရှာသူအမေ။ ကျွန်တော့်အသက် ခုနစ်နှစ်ရောက်သည့်တိုင် အမေ့ဘက်က သစ္စာရှိစွာ စောင့်နေခဲ့သော်လည်း ကျွန်တော်တို့ သားအမိဆီ ယောင်မှား၍ပင်ရောက်မလာခဲ့သော အဖေက နောက်မိန်းမပင်ထပ်ယူဦးမည်ဟုကြားရ၍ ကျွန်တော့်စိတ်ထဲတွင်တော့ အဖေနှင့်ပတ်သက်ပြီးခံပြင်းခဲ့ရ၏။

(၆)

အဖေနှင့်အမေတို့ တရားဝင်ကွာရှင်းခဲ့သည့် ထိုနေ့က နောက်ကျောဘက်မှမြင်ခဲ့ရသော အဖေ့ရုပ်ပုံလွှာကို ကျွန်တော့်စိတ်ထဲစွဲမြဲခဲ့သော်လည်း အဖေ့မျက်နှာနှင့် ရှေ့ဘက်သွင်ပြင်လက္ခဏာရပ်တို့ကို မမြင်ဖူးခဲ့သောကြောင့်-

"အဖေနဲ့ငါသာ လမ်းမှာမတော်တဆ ဆုံဖြစ်ခဲ့ရင် အဖေမှန်းတောင် သိလိုက်ရမှာမဟုတ်ဘူး"ဆိုပြီး ဝမ်းနည်းခဲ့ဖူးသည်။ ထို့အတူ အဖေမရှိသည့်ဘဝမို့ အမေက မည်မျှပင်ပြည့်စုံအောင်ထားသည်ဟု ဆိုစေကာမူ ကွက်လပ်လေးတစ်ခုတော့ ဖြစ်နေခဲ့သည်မှာအမှန်။

စာမျက်နှာ ၂၅ သို့ ➤

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၁၀၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၅၉၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၂၆၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ရာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မိုးမြေပဲ စိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်နိုင်ပါတယ်။ ဆီထွက်သီးနှံ မြေပဲအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ ဒီနှစ်မှာဆိုရင် မိုးမြေပဲဧက ၂၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိအချိန်ထိတော့ မိုးမြေပဲဧက ၂၆၀၀၀ ကျော်ထိ စိုက်ပြီးပါပြီ။ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ဧက ၂၅၉၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မှဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် မြေပဲဧက ၃၀၀၀၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ (၂၀၆)

# ဘားအံမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့ဆိုင်-ပျော်ရာကုန်း-တောကြီးကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကော့ဆိုင်-ပျော်ရာကုန်း-တောကြီးကုန်းကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

ဘားအံမြို့နယ်၌ အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကော့ဆိုင်-ပျော်ရာကုန်း-တောကြီးကုန်းကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေ ကျပ် ၁၆၂ ဒသမ ၆၀၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် အနန္တာမြေ ကုမ္ပဏီက ယခုနှစ် မေလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ပြောပြ၍ သိရသည်။

**ဆက်လူ**

➤ စာမျက်နှာ ၂၄ မှအဆက်

မှတ်မှတ်ရရ အဖြစ်အပျက်လေးတစ်ခုကြောင့်လည်း အဖေမရှိခြင်းက ကျွန်တော့်ဘဝအတွက် ကွက်လပ်တစ်ခုဟု တင်စားမိခြင်းဖြစ်မည်ထင့်။ တစ်နည်းအားဖြင့် ထိုကွက်လပ်လေးက ကျွန်တော် ၁၀ တန်းဖြေရမည့်နှစ်မှ ဖောင်ဖြည့်သည့်ကိစ္စက စတင်ခဲ့သည်ဟု ပြောရပေလိမ့်မည်။ ကျွန်တော်တို့အတန်းပိုင်ဆရာမက စိတ်ရင်းကောင်းသော်လည်း အပြောဆိုးသည့်အတွက် ဆရာမ၏ပြောဆိုကြိမ်းမောင်းမှုကို မခံချင်ကြပေ။ ထိုနေ့မှတိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ဖြည့်ရမည့်(အဖအမည်၊ အလုပ်အကိုင်၊ မှတ်ပုံတင်အမှတ်)စသည့်အချက်အလက်များသည် ကျွန်တော်ကိုးတန်းရောက်သည်ထိ မဖြည့်ခဲ့ရသော အချက်များပင်ဖြစ်၏။ ထို့ကြောင့်လည်း ထိုနေရာတွင်ဖြည့်ရန် ဦးလူမောင်ဆိုသည့် အမည်ကလွဲ၍ အခြားဘာမျှမသိ။ ဘာမျှမရှိခဲ့ခြင်းပင်။

"ဆရာမ သားမှာ အဖေ့မှတ်ပုံတင်မရှိလို့ ဘယ်လိုလုပ်ရမလဲဟင်"

"ဟဲ့ ဒီဖောင်တွေဖြည့်တဲ့နေရာမှာ အဖေမှတ်ပုံတင်က အဓိကလေ။ မရဘူး သွားပြန်ယူ။ မရရင် အမေခေါ်လာခဲ့"

ဆရာမ၏အမိန့်သံက ပြင်းထန်လွန်းသည်မို့ ကျွန်တော်မပြောချင်ခဲ့သော ကျွန်တော့်အတိတ်မျက်နှာဖုံးတို့ကို ပြန်လည်လှန်လှောကာ အတန်းသားအားလုံးတို့ရှေ့တွင် ဆရာမကိုပြောပြခဲ့ရ၏။

"သားအမေနဲ့အဖေက သားငယ်ငယ်လေးကတည်းက ကွာရှင်းခဲ့တာပါဆရာမ။ သားကအဖေ့မျက်နှာကိုတောင် မမြင်ဖူးလိုက်ပါဘူး။ ဒါကြောင့် အဖေ့မှတ်ပုံတင်နံပါတ်လဲ သားတို့မှာမရှိပါဘူးဆရာမ"

"ဒါဆို ဘာလို့ နင့်အဖေအမည်နဲ့ကျောင်းအပ်ခဲ့လဲ အဘိုး၊ အဘွားတွေအမည်နဲ့အပ်ခဲ့ပါ့လား"

"သားတို့မှာ အဘိုးလဲ မရှိတော့ပါဘူးဆရာမ။ အဘွားကလဲ ဆုံးသွားတာ သိပ်မကြာသေးပါဘူး။

"ဒါဆိုနင် ကိုးတန်းထိ ကျောင်းစာရင်းတွေမှာ ဘယ်လိုဖြည့်ခဲ့လဲ"

"ကွယ်လွန်ဆိုပြီးတော့ပဲဖြည့်ခဲ့ပါတယ်။ ဒါပေမဲ့ အခုက မကွယ်လွန်သေးတဲ့ အဖေ့ကို ကွယ်လွန်ဆိုပြီး မထည့်ချင်တော့လို့ပါဆရာမ"

"အေးဟေ့ ဒါဆိုလဲ မှတ်ပုံတင်နံပါတ်နေရာမှာ ပျောက်ဆုံးလို့သာ ထည့်လိုက်တော့ဟေ့။ တစ်ခါထဲမှာပဲ အလုပ်ကို ရှုပ်ကြတယ်"

စိတ်မရှည်တော့သော အတန်းပိုင်ဆရာမ၏အသံတို့ ကျွန်တော့်နားထဲ စွဲမြဲသွားခဲ့သည်မှာ ယနေ့ ကျွန်တော်ဆရာတစ်ယောက်ဖြစ်လာသည့်တိုင်။ ထို့ကြောင့်လည်း တပည့်မလေး ခင်ရတနာစိုး၏ဘဝကို ကျွန်တော့်ဘဝနှင့်နှိုင်းယှဉ်မိကာ အားငယ်စိတ်တို့မဝင်အောင်၊ ပညာရေး မနှောင့်နှေးရအောင် ကျွန်တော်အတတ်နိုင်ဆုံး ဖျောင်းဖျအားပေးသွားမည်ဟု ဆုံးဖြတ်ချက်ခိုင်မာစွာချခဲ့မိ၏။ ဒေါသတရားတို့ဖြင့် စတင်လျှောက်လှမ်းခဲ့မိသော ကျွန်တော့်ခြေလှမ်းများကို ကိုယ်ချင်းစာတရားတို့ ပြည့်နှက်နေသောခြေလှမ်းများအဖြစ် ပြန်လည်ပြောင်းလဲလိုက်ရင်း ဘဝပေါင်းများစွာတို့ ရှင်သန်ဖူးပွင့်ရာဥယျာဉ်ကလေးဖြစ်သည့် ကျောင်းတော်ကြီးသို့တက်ကြွစွာ ပြန်လာခဲ့၏။ ထို့အတူ တပည့်လေး ခင်ရတနာစိုးကျောင်းပြန်တက်နိုင်လျှင်လည်း ကျွန်တော့်ဘဝလို သူ့ဘဝတွင် သိမ်ငယ်စိတ်၊ အားငယ်စိတ်၊ ရှက်စိတ်တို့မဝင်ရလေအောင် ဆရာတစ်ဦးအနေဖြင့် ကူညီစောင့်ရှောက်သွားရပေလိမ့်မည်။ ဤလောကမြေမဟီတွင် အဖမှတ်ပုံတင်နံပါတ်နေရာ၌ ပျောက်ဆုံးဟုထည့်နေရသော ပျောက်ဆုံးနံပါတ်ပိုင်ရှင်များ မည်မျှပင်ရှိနေပါမည်နည်း။ ကျွန်တော့်လို ပျောက်ဆုံးနံပါတ်ပိုင်ရှင်ဖြစ်စေ၊ ခင်ရတနာစိုးလို သိပ်မကြာသေးခင်ကမှပျောက်ဆုံးခဲ့ရသော ပျောက်ဆုံးနံပါတ်ပိုင်ရှင်ဖြစ်စေ၊ အခြားပျောက်ဆုံးနံပါတ်ပိုင်ရှင်များဖြစ်စေ ကိုယ်တိုင်နဖူးတွေ့ဒူးတွေ့ကြုံခဲ့ရပါက စိတ်အားငယ်ပြီး ဘဝကြီးကိုအရှုံးမပေးဘဲ ရဲရဲရင့်ရင့်ရင်ဆိုင်နိုင်ပါစေဟုသာ အထပ်ထပ်အခါခါ ဆုတောင်းနေမိပါတော့သည်။

# တစ်ဦးက စေတနာ တစ်ဦးက မေတ္တာ

\- သူ့အပေါ် နားလည်ပေး
မှားဖွယ်အရေး ရှောင်စေလို၊
အကြင်နာ ထုတ်မြွက်လို့
နှုတ်ထွက်ချိုချို၊
ကောက်ကျစ်မှု မုသားမဆို
ရှုပွားခို ကောင်းမြတ်ခြင်း၊
ကရုဏာ အစဉ်မြဲကွယ်
ရင်ထဲမှာသွင်း။

\- အပြန်လှန် နားလည်ရင်း
အားတည်ငြင်း မရှိအောင်၊
သူ့အပေါ် ပေးသမျှ
ဖေးမရစ်နှောင်၊
များအတွက် ကောင်းကျိုးဆောင်
သူ့ဂုဏ်ရောင် တတ်သည့်အရေး၊
မုဒိတာ ရင်တွင်းစကားကို
ပွားများမနှေး။

\- ဘဝမည် ခဏလေးမို့
အလှတွေး ရှင်ပျော်ရာ၊
ဖြဟ္မစိုရ် မြတ်နှလုံး
ကျင့်သုံးသေချာ၊
"တစ်ဦးက စေတနာ
တစ်ဦးမှာ မေတ္တာရှိ"
ပြည်တစ်ခွင် စိမ်းလန်းလို့
ငြိမ်းချမ်းပါဘိ။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# စလင်းမြို့နယ် ငွေးပင်ဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၅**


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် အရှေ့ငွေးပင်ဇင်ကျေးရွာအုပ်စု ငွေးပင်ဇင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဇင်လှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၇ သန်းကို ငွေးပင်ဇင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ငွေးပင်ဇင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အထွေး**

# ထိုင်းစီးပွားရေး ၂၀၂၄

ဇော်ဇော်အောင် (မန္တလေး)




ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်သို့ ကူးပြောင်းသွားသောအခါတွင် နိုင်ငံသည် သိသာထင်ရှားသောစီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အသင့်အတင့်ရှိနေသည်ကို ခန့်မှန်းတွေ့ရှိရသည်။ ကောင်းမွန်သော နိုင်ငံရေးရာသီဥတု၊ မဟာဗျူဟာမူဝါဒများနှင့် ကြံ့ကြံ့ခံနိုင်သော စီးပွားရေးစနစ်တို့ဖြင့် ထိုင်းနိုင်ငံသည် လာမည့်နှစ်များအတွင်း ကဏ္ဍအသီးသီးတွင် အပြုသဘောဆောင်သော အပြောင်းအလဲများကို မြင်တွေ့နိုင်မည်ဟု မျှော်လင့်ရသည်။ ယခုဆောင်းပါးသည် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်မည့် အဓိကအချက်များဖြစ်သည့် စက်မှုကဏ္ဍစုံ ကွဲပြားမှု၊ နည်းပညာတိုးတက်မှု၊ လူသားအရင်းအနှီးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့ အပါအဝင် စူးစမ်းလေ့လာရန် ရည်ရွယ်ပါသည်။

Bank of Thailand ၏ လတ်တလောထုတ်ပြန်ချက်တစ်ခုအရ ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ကြိုတင်မျှော်လင့်ထားသည်ထက် ပိုမိုတိုးတက်လိမ့်မည်ဖြစ်သည်။ ထိုင်းအစိုးရသစ်၏ မူဝါဒများကြောင့် ထိုင်းနိုင်ငံ၏စီးပွားရေးသည် ၂၀၂၄ ခုနှစ်တွင် အရှိန်အဟုန်ဖြင့် တိုးတက်လိမ့်မည်ဟုဆိုသည်။ (အစိုးရသစ်တင်မြှောက်ပြီးနောက် ထိုင်းနိုင်ငံရေးသည် ပြန်လည်တည်ငြိမ်မှုရှိလာပြီး စီးပွားရေးဆိုင်ရာ မျှော်လင့်ချက်အသစ်များလည်း ထပ်မံထွက်ပေါ်လာလျက်ရှိ၏။)

**စက်မှုကဏ္ဍစုံလင်ကောင်းမွန်မှု**

၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားများထဲမှတစ်ခုမှာ ၎င်း၏ စက်မှုလုပ်ငန်းအခြေခံကို အမျိုးအမည်စုံလင်စေရန် အရည်အသွေးကောင်းမွန်စေရန်အတွက် နိုင်ငံ၏ ဆက်လက်ကြိုးပမ်းအားထုတ်မှုများက အဓိကဖြစ်လိမ့်မည်။ ထိုင်းအစိုးရသည် ခရီးသွားလုပ်ငန်းကဲ့သို့သော ကဏ္ဍတစ်ခုတည်းအပေါ် မှီခိုအားထားမှုကို လျှော့ချရန် လိုအပ်ကြောင်း အသိအမှတ်ပြုပြီးဖြစ်လျက် အမျိုးမျိုးသော စက်မှုလုပ်ငန်းတိုးတက်မှုကို တက်ကြွစွာမြှင့်တင်ပံ့ပိုးပေးလျက်ရှိသည်။ မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ အီလက်ထရွန်နစ်၊ ဇီဝနည်းပညာ၊ အစားအစာပြုပြင်ခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အခြားခေတ်မီစက်မှုလုပ်ငန်းများစွာ ပါဝင်သည်။

စက်မှုလုပ်ငန်းဆိုင်ရာ မက်လုံးများ(ဆွဲဆောင်မှုများ)၊ ခိုင်မာပြည့်စုံသော စည်းမျဉ်းစည်းကမ်းလုပ်ငန်းစဉ်များနှင့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ထိုင်းနိုင်ငံသည် ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများ ရှင်သန်ရန် သင့်လျော်သော ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံသည် စက်မှုလုပ်ငန်းသစ်များကို ဆွဲဆောင်နိုင်ပြီး ရှိပြီးသားလုပ်ငန်းများကို ချဲ့ထွင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး စီးပွားရေးတိုးတက်မှုကို တွန်းအားပေးနိုင်သည်။

**နည်းပညာတိုးတက်မှု**

နည်းပညာနှင့် ဒစ်ဂျစ်တယ် ဆန်းသစ်တီထွင်မှုပေါင်းစပ်မှုသည် ၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးကို ပုံဖော်ပေးမည့် အရေးပါသော အချက်တစ်ချက်ဖြစ်လာမည်ဖြစ်သည်။ ထိုင်းအစိုးရသည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ရန်၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ မြှင့်တင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ Thailand 4.0 ပေါ်လစီကဲ့သို့သော အစပြုမှုများသည် ကုန်ထုတ်စွမ်းအားကို မောင်းနှင်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ရန်နှင့် ၎င်း၏နိုင်ငံသားများအတွက် ဘဝအရည်အသွေးကို မြှင့်တင်ရန် နည်းပညာကို အသုံးချရန် ရည်ရွယ်သည်။

e-commerce၊ fintech နှင့် ဆန်းသစ်တီထွင်မှုတို့က မောင်းနှင်ဖော်ဆောင်သည့် လုပ်ငန်းသစ်များ Startups အပါအဝင် ဒစ်ဂျစ်တယ်စီးပွားရေးကို ချဲ့ထွင်ခြင်းသည် ထိုင်းနိုင်ငံကို ဒေသတွင်း ဒစ်ဂျစ်တယ်ဗဟိုချက်ဖြစ်လာစေရန် တွန်းအားပေးမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုန်ထုတ်လုပ်ငန်းစသည့် ကဏ္ဍများတွင် နည်းပညာတိုးတက်မှုများသည် စွမ်းဆောင်ရည်နှင့် ကုန်ထုတ်စွမ်းအားကို တိုးမြှင့်လာစေကာ ၂၀၂၄ ခုနှစ်နှင့် ရှေ့အနာဂတ်တစ်ခုလုံး၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

**Human Capital အတွက် ရင်းနှီးမြှုပ်နှံမှု**

လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးသည် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်များတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။ ပညာရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါမှုကို အသိအမှတ်ပြုပြီး အစိုးရသည် ပညာရေး အရည်အသွေးမြှင့်တင်ရန်နှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးအစီအစဉ်များကို မြှင့်တင်ရန် စီမံချက်များကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ ပညာရေးအပေါ် အာရုံစိုက်မှုမှာ ထွန်းသစ်စ စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုပ်သားအင်အားကို လိုအပ်သော အရည်အချင်းများ ဖြည့်ဆည်းပေးရန် ရည်ရွယ်သည်။

ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်သင်နှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးစင်တာများကဲ့သို့သော အစပျိုးလုပ်ဆောင်မှုများသည် ကျွမ်းကျင်ကွာဟမှုကို ပေါင်းကူးပေးမည်ဖြစ်ပြီး တိုးတက်ပြောင်းလဲနေသော အလုပ်အကိုင်ဈေးကွက်အတွက် အရည်အချင်းရှိသော လုပ်သားအင်အားကို ပြည့်ဝကောင်းမွန်စွာ ရရှိစေရန် သေချာစေသည်။ လူသားအရင်းအနှီးကို မြှင့်တင်ခြင်းသည် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးရုံသာမက ဆန်းသစ်တီထွင်မှုကို တွန်းအားပေးပြီး ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်နိုင်ကာ ရေရှည်တည်တံ့သောစီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု**

ထိုင်းနိုင်ငံသည် ရေရှည်တည်တံ့သော တိုးတက်မှုရရှိရန်ရည်မှန်းထားသောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို ၎င်း၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ပေါင်းစည်းသွားမည်ဖြစ်သည်။ အစိုးရသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများ၊ အမှိုက်စီမံခန့်ခွဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းကဲ့သို့သော အစိမ်းရောင်နှင့် ရေရှည်တည်တံ့သော ပဏာမခြေလှမ်းများကို တက်ကြွစွာ မြှင့်တင်လျက်ရှိသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ အစိမ်းရောင်အခြေခံအဆောက်အအုံနှင့် ဂေဟ-ခရီးသွားလုပ်ငန်းကဲ့သို့သော ဂေဟစနစ်သဟဇာတဖြစ်သော စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးတိုးတက်မှုအတွက်သာမက နိုင်ငံ၏ သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ကိုပါ အကာအကွယ်ပေးမည်ဖြစ်သည်။ ရေရှည်တည်တံ့သော အလေ့အကျင့်များကို ကျင့်သုံးခြင်းဖြင့် ထိုင်းနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ပြီး ၂၀၂၄ ခုနှစ်တွင် ၎င်း၏ စီးပွားရေးတိုးတက်မှုကို ပိုမိုအားကောင်းလာမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် ထိုင်းနိုင်ငံစီးပွားရေးသည် စိန်ခေါ်မှုများကို ကောင်းမွန်စွာဖြတ်ကျော်လျက် တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်တိုးတက်နေလိမ့်မည်ဟူသော ကောက်ချက်ကိုဆွဲနိုင်သည့် အခြေအနေကောင်းများ အခိုင်အမာရှိနေပြီဖြစ်ကြောင်း အထင်အရှားရှိပေသည်။ အကျဆုံးသော အုတ်မြစ်ဖြစ်ပြီး ထိုင်းနိုင်ငံတွင် ထိုအခြေအနေကောင်းများ ပြည့်ဝပြည့်စုံစွာ အခိုင်အမာရှိနေကြောင်း အထင်အရှားမြင်တွေ့နိုင်သည်။

ထိုင်းနိုင်ငံ၏ ရေခံမြေခံ၊ ဓလေ့၊ နိုင်ငံရေးယဉ်ကျေးမှုတို့ကို မည်သည့်အခါမှ ပစ်ပယ်ထားလေ့မရှိကြချေ။ ထိုင်းနိုင်ငံသားတို့သည်လည်း နိုင်ငံရေးအရ မတူကွဲပြားမှုများ ရှိလင့်ကစား နိုင်ငံတစ်ခုလုံး၏ အကျိုးစီးပွားကို ထိခိုက်စေမည့် သဘောထားမျိုး အပြုအမူမျိုးကို ရှောင်ရှားရန်၊ နိုင်ငံရေးပြဿနာတစ်ရပ်ရပ်ကြောင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုတို့ကို နိုင်ငံ၏အနာဂတ်အား အထိပါးမခံကြရန်ကောင်းမွန်သော သတိဝီရိယရှိကြ၏။ ထိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျှင် အထက်ဖော်ပြပါ ထိုင်းနိုင်ငံရေးသမားများနှင့် ထိုင်းနိုင်ငံသားများ၏ စောင့်ထိန်းမှု၊ကာကွယ်မှု၊ သတိဝီရိယရှိမှု၊ နိုင်ငံအကျိုးစီးပွားကို မျက်ခြည်မပြတ်နှလုံးသွင်းမှု စသည့်အချက်များက လွန်စွာအခြေခံကျလှပေ၏။

ထိုင်းနိုင်ငံ၏ ဗုဒ္ဓဝါဒအခြေခံသော ယဉ်ကျေးမှုသည်လည်း ထိုင်းနိုင်ငံ၏ နိုင်ငံရေးကိုလည်းကောင်း၊ စီးပွားရေးကိုလည်းကောင်း၊ တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း များစွာအထောင်အပံ့ဖြစ်စေကြောင်း အထင်အရှားပင် မြင်တွေ့နိုင်ပေသည်။ ထိုင်းစီးပွားရေး၏အနာဂတ်သည် ထိုကဲ့သို့ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ ဘာသာရေးတို့ အပြန်အလှန် အမှီသဟဲ အထောက်အပံ့ပြုနေသောအခြေအနေကြောင့် တည်တည်ငြိမ်ငြိမ်ဖြင့် စဉ်ဆက်မပြတ်တိုးတက်နေလိမ့်မည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄ ခုနှစ်တွင် သိသာထင်ရှားသော တိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်အပြည့်အဝရှိစေရေး ကြိုးပမ်းတည်ဆောက်နေသည်။

စက်မှုကဏ္ဍစုံလင်မှု၊ နည်းပညာတိုးတက်မှု၊ လူသားအရင်းအနှီးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး အလေ့အကျင့်များမှတစ်ဆင့် နိုင်ငံသည် ဒေသတွင်း စီးပွားရေးတောင့်တင်းသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

❖ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ အစိမ်းရောင်အခြေခံအဆောက်အအုံနှင့် ဂေဟ-ခရီးသွားလုပ်ငန်းကဲ့သို့သော ဂေဟစနစ်သဟဇာတဖြစ်သော စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးတိုးတက်မှုအတွက်သာမက နိုင်ငံ၏ သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ကိုပါ အကာအကွယ်ပေးမည်ဖြစ်သည်။ ရေရှည်တည်တံ့သော အလေ့အကျင့်များကို ကျင့်သုံးခြင်းဖြင့် ထိုင်းနိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ပြီး ၂၀၂၄ ခုနှစ်တွင် ၎င်း၏ စီးပွားရေးတိုးတက်မှုကို ပိုမိုအားကောင်းလာမည်ဖြစ်သည်။ ❖

ထိုင်းနိုင်ငံ၏ နိုင်ငံရေးပါတီများနှင့်နိုင်ငံရေးသမားများသည် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းများ၊ ပဋိပက္ခများကို ဖြေရှင်းရာ၌ နိုင်ငံရေးနယ်ပယ်တွင် နိုင်ငံရေးဆန်ဆန်ပြေလည်မှုရရှိနိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်ကြလေ့ရှိသည်။

Political Tolarance ဟုခေါ်တွင်သော နိုင်ငံရေးအရ စိတ်ရှည်သည်းခံနိုင်စွမ်း၊ Political Vision ဟု ခေါ်တွင်သော နိုင်ငံရေးအရ အမြော်အမြင်ရှိမှုတို့သည် နိုင်ငံရေးတည်ငြိမ်မှုဝန်းကျင်နှင့် စီးပွားဖြစ်ထွန်းမှု အခြေအနေကောင်းတို့အတွက် အခြေခံအစိုးရ၏ တက်ကြွသောမူဝါဒများ၊ ပုဂ္ဂလိကကဏ္ဍများပါဝင်မှုနှင့်အတူ လာမည့်နှစ်များတွင် ထိုင်းနိုင်ငံ၏ စီးပွားရေးလမ်းကြောင်းကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။ အဆိုပါအချက်များအပေါ် ဆက်လက်အာရုံစိုက်ခြင်းဖြင့် ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ပိုမိုခိုင်မာပြီး ပိုမိုကြွယ်ဝသော စီးပွားရေးတစ်ခုအဖြစ် ပေါ်ထွက်လာနိုင်ခြေရှိသည်ကို သုံးသပ်တွေ့ရှိရပေသည်။

**ကိုးကား**

- **The Bangkok Post, World Bank**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်ခဲ့ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ရွှေဘိုခရိုင်တွင် ဟင်းသီးဟင်းရွက် ၂၂၂၄၉ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၂၂၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘို ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ဟင်းသီးဟင်းရွက် ၂၃၄၅၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၂၄၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးသီးနှံတွေမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတဲ့သီးနှံတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို အသိပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို အသိပညာတွေပေးနေပါတယ်" ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ်ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၅၀၁ ဧက၊ ခင်ဦးမြို့နယ်တွင် ၉၅၄၃ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၄၂၅၀ နှင့် ကျောက်မြောင်းမြို့တွင် ၄၉၅၅ ဧက စုစုပေါင်း ၂၂၂၄၉ ဧက တို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၈၅၇ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၀၄၇၉ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၂၂၅ ဧကနှင့် ကျောက်မြောင်းမြို့တွင် ၄၈၉၅ ဧက စုစုပေါင်း ၂၃၄၅၆ ဧက တို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မြိတ်မြို့နယ် ရေမြစ်ကြီးကျေးရွာ၌ ကျောက်ချောလမ်းခင်းနေမှု စစ်ဆေး

**မြိတ် နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေမြစ်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူလူထုလုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရေမြစ်ကြီးကျေးရွာ၌ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြိတ်မြို့နယ် ရေမြစ်ကြီးကျေးရွာ၌ အရှည် ပေ ၅၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ လုပ်အားထည့်ဝင်မှု၊ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၃၃ အိမ်၊ လူ ၂၄၇၄ ဦးတို့၏ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။ **ကိုညီ**

# စိတ်ဖိစီးမှုအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

ပေါက်ပေါက်

လူသားအားလုံး အနည်းအများဆိုသလို စိတ်ဖိစီးမှုကိုယ်စီ ရှိတတ်ကြသည်။ ကိုယ်ဝန်ဆောင်မိခင်၏ စိတ်ခံစားမှုပေါ် မူတည်၍ အမိဝမ်းတွင်း သန္ဓေတည်စဉ် သန္ဓေသားဘဝကပင် စိတ်ဖိစီးမှုခံစားရသည်ဟု မှတ်တမ်းများတွင် ဖော်ပြထားကြောင်း လေ့လာမှတ်သားရသည်။ အိပ်ရေးဝဝအိပ်စက်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ စားသောက်နေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်လုပ်ခြင်း၊ အရာရာကို အကောင်းမြင်စိတ်ဖြင့် ကြည့်ရှုခြင်း၊ မိမိစိတ်ကို ထိန်းချုပ်နိုင်ခြင်း၊ တရားရှုမှတ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်းတို့ဖြင့် စိတ်ဖိစီးမှုကို အထိုက်အလျောက်ဖြေလျှော့နိုင်ပါသည်။

အကယ်၍ စိတ်ဖိစီးမှုများ မလျှော့ချနိုင်ပါက ရေရှည်တွင် အဝလွန်ရောဂါ၊ စိတ်ရောဂါနှင့် နှလုံးရောဂါများဖြစ်လာရန် ရာနှုန်းပြည့် သေချာနေပြီဖြစ်သည်။ ထို့ပြင် စိတ်ဖိစီးမှုကြောင့် သက်ကြီးပိုင်းရောက်ချိန်တွင် တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းနိုင်ခြေမြင့်မားလာသည်။ လူတချို့က မိမိကိုယ်ကို အဆုံးစီရင်သည်ထိ ပြုတတ်ကြသည်။ လူအများစုကလည်း တစ်ခါတစ်ရံတွင် မိမိကိုယ်ကို စိတ်ဖိစီးမှုခံစားနေရကြောင်း သတိမထားမိတတ်ကြပေ။ ထို့ကြောင့် နိုင်ငံတကာကျန်းမာရေးသုတေသီများက ၁၉၉၈ ခုနှစ်မှစ၍ နှစ်စဉ် နိုဝင်ဘာလ၏ ပထမ ရက်သတ္တပတ် ဗုဒ္ဓဟူးနေ့ကို "အပြည်ပြည်ဆိုင်ရာ စိတ်ဖိစီးမှုသတိပြုရမည့်နေ့-International Stress Awareness Day" အဖြစ် အထူးတလည် သတ်မှတ်ထားကြပါသည်။

**စိတ်ဖိစီးခြင်းနှင့် ဆက်စပ်နေသော လက္ခဏာများ**

စိတ်ဖိစီးမှု ပြင်းထန်စွာခံစားနေရသူများတွင် အောက်ဖော်ပြပါ လက္ခဏာများကို တွေ့ရတတ်သည်။

**(၁) ဗိုက်အောင့်ခြင်း**


ဦးနှောက်အာရုံခံ အင်္ဂါအဖွဲ့အစည်းများသည် အူသိမ်၊ အူမများနှင့်ဆက်နွယ်နေ၍ စိတ်ဖိစီးမှုဖြစ်သည့်အခါ အစာခြေလမ်းကြောင်းကို ကမောက်ကမ ဖြစ်စေနိုင်သည်။ ထို့ကြောင့် စိတ်ဖိစီးမှုများသည့်သူများတွင် အစာမကြေခြင်း၊ ဝမ်းချုပ်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်းတို့ဖြစ်လာတတ်သည်။ ထိုဝေဒနာများခံစားရသည့်အခါ ရေများများသောက်၍ အမျှင်ဓာတ်များသည့် အစားအစာများကို စားပေးသင့်သည်။ လူတချို့တွင် စိတ်ဖိစီးမှုများသည့်အခါ ဝမ်းသွားတတ်သည်။ "ဗိုက်အောင့်တယ်"ဟုလာပြကြသည့် လူနာအများစုကို စစ်ဆေးကြည့်ရာ စိတ်ပိုင်းဆိုင်ရာပြဿနာရှိသူများ အဖြစ်များသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ ဟူစတန်ရှိ Baylor College of Medicine ဆေးဝါးတက္ကသိုလ်မှ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ပါရဂူဖြစ်သူ Bincy Abraham က ဆိုပါသည်။

**(၂) ဆံပင်ကျွတ်ခြင်း**

ရုတ်တရက် အလုပ်လက်မဲ့ဖြစ်သွားသူများ၊ ချစ်သူ သို့မဟုတ် အိမ်ထောင်ဖက်နှင့် လမ်းခွဲသူများတွင် စိတ်ဖိစီးမှုဝေဒနာ ပြင်းပြစွာခံစားရလေ့ရှိသည်။ ထိုကိစ္စကြုံတွေ့ပြီး သုံးလမှ ခြောက်လထိတိုင်အောင် ဆံပင်များ သိသိသာသာကျွတ်တတ်သည်။ တချို့ကမူ စိတ်ဖိစီးမှုဒဏ်ကြောင့် တစ်နေ့လျှင် ဆံပင် ၁၀၀ ခန့် ကျွတ်ထွက်တတ်သည်။ အကယ်၍ စိတ်ဖိစီးမှုများနေစဉ် Androgens ခေါ် အမြင့်မားဆုံး လိင်စိတ်နှိုးကြွဆေးဝါးကို သောက်မိသည့်အခါ ဆံပင်များ အထွေးလိုက် ကျွတ်ထွက်နိုင်ကြောင်း၊ ထိုဖြစ်စဉ်အတွက် ဖြည့်စွက်စာအဖြစ် ဗီတာမင်ဓာတ်ပြည့်ဝသည့် အစားအစာများ စားပေးသင့်ကြောင်း ကယ်လီဖိုးနီးယားရှိ Santa Barbara ဆေးရုံမှ အရေပြားပါရဂူတစ်ဦးဖြစ်သူ Roberta Sengelmann က အကြံပြုထားပါသည်။

**(၃) မျက်ခွံတဆတ်ဆတ်လှုပ်ခြင်း**

မိနစ်အတော်များများကြာအောင် မျက်ကြောဆွဲပြီး မျက်ခွံများလှုပ်နေခြင်းက စိတ်ဖိစီးချိန်တွင် အများဆုံးဖြစ်လေ့ရှိကြောင်း၊ လူတချို့တွင် မျက်ခမ်းပတ်ပတ်လည် လှုပ်တတ်ကြောင်း၊ မျက်စိခြောက်သွေ့ရောဂါရှိသူများတွင်လည်း မျက်ကြောဆွဲတတ်သဖြင့် မျက်ရည်တု မျက်စဉ်းခတ်ပေးခြင်းဖြင့် သက်သာသွားကြောင်း၊ The American Academy of Ophthalmology ခေါ် အမေရိကန်မျက်စိဆေးရုံမှပါရဂူဖြစ်သူ Anne Sumers က ဆိုပါသည်။ ထိုဖြစ်စဉ်အတွက် မျက်လုံးမှိတ် ခေတ္တအနားယူရင်း အချိန် လေးစက္ကန့်ခန့် လေပြင်းပြင်းရှူသွင်းပါ။ ထိုရှူသွင်းလာသည့်လေကို ခုနစ်စက္ကန့်ခန့် ထိန်းထားပါ။ ပြီးနောက် ရှစ်စက္ကန့်ခန့် အသက်ပြင်းပြင်းရှူထုတ်ပါ။ ထိုကဲ့သို့ လေရှူသွင်း၊ အောင့်ထား၊ လေရှူထုတ်ခြင်းကို လေးကြိမ်ခန့်ပြုလုပ်ရင်း လှုပ်နေသောမျက်ခွံပေါ်တွင် လက်ညှိုးလေးကို ခပ်သာသာဖိတင်ထားပါ။




**(၄) ဝက်ခြံဖုများထွက်လာခြင်း**

ဆံပင်ကဲ့သို့ပင် အရေပြားများကလည်း စိတ်ဖိစီးမှုဒဏ်ကိုခံနိုင်ရည်မရကြပေ။ အအိပ်အနေ၊ အစားအသောက်နှင့် ရာသီဥတု ရုတ်တရက်ပြောင်းလဲမှုကြောင့်သော်လည်းကောင်း၊ အမျိုးသမီးများတွင် ဓမ္မတာလာ၍သော်လည်းကောင်း၊ သန္ဓေတားဆေးမှိုဝဲတားသုံးခြင်းကြောင့်သော်လည်းကောင်း ရံဖန်ရံခါ ဝက်ခြံပေါက်ခြင်းမှာ ဖြစ်လေ့ဖြစ်ထသဘာဝမို့ ပြဿနာမဟုတ်သော်လည်း တရစပ်ဆိုသလို အဖုအပိမ့်နှင့် ဝက်ခြံများထွက်လာပါက အရေပြားတွင် နာတာရှည်ပြဿနာဖြစ်လာနိုင်သည်။ ထို့ကြောင့် စိတ်ဖိစီးမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး နေ့စဉ်သုံးနေကျ မိတ်ကပ်၊ လိုးရှင်း၊ Moisturizers ခေါ် အသားအရေစိုပြည်ဆေးများ၊ နေလောင်ခံလိမ်းဆေးများနှင့် Non-comedogenic ခေါ် ချွေးပေါက်ဖွင့်လိမ်းဆေးများက မိမိနှင့်ဓာတ်တည့်မှုရှိ၊မရှိ သို့မဟုတ် ရက်စွဲလွန် (သက်တမ်းလွန်)မဖြစ်စေရန် ပြန်လည်ဆန်းစစ်ကြည့်ရန်လိုပါသည်။ လူတချို့တွင် စိတ်ဖိစီးမှု၏အကျိုးဆက်ကြောင့် သွေးလွန်တုပ်ကွေးကဲ့သို့ မိတ်၊ အင်ပျဉ်နှင့် အရေပြားပေါ် အဖုအပိမ့်အနီကွက်များ ထလာတတ်ပါသည်။

**(၅) အကြောတက်ခြင်း**

စိတ်ဖိစီးမှုမြင့်တက်လာချိန်တွင် ဟော်မုန်းထွက်ရှိမှုပမာဏ များပြားလာပြီး နှလုံးနှင့်သွေးခုန်နှုန်းများလည်း မြန်ဆန်လာသည့်အတွက် ခန္ဓာကိုယ်ကြွက်သားများတွင် တုပ်နှောင်ထားသကဲ့သို့ တင်းမာလာပါသည်။ ကိုယ်လက်လှုပ်ရှားမှုမရှိသူများနှင့် ထိုင်ခုံပေါ် အချိန်တော်တော်ကြာထိုင်၍ အလုပ်လုပ်ရသူများတွင် နောက်ကျောတက်ခြင်း၊ ခါးနာခြင်း၊ ကြွက်တက်ခြင်းတို့ဖြစ်လာနိုင်ပါသည်။ ထိုဖြစ်စဉ်အတွက် ထိုင်ခုံပေါ် မတ်မတ်ထိုင်၍ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ခြင်း၊ ကြမ်းပြင်ပေါ်တွင် ခြေဆန့်ထိုင်၍ ခြေမများကို လက်ဖျားဖြင့် ထိကိုင်ခြင်း၊ လည်ပင်းကို ဘယ်ညာအပေါ်အောက် လှည့်ပေးခြင်း၊ လက်မောင်းများကို ရှေ့တည့်တည့်သို့ ဆန့်တန်းပြီး ပခုံးနှစ်ဖက်ကို ဟန်ချက်ညီညီ စက်ဝိုင်းသဏ္ဌာန်လှည့်ခြင်း စသည်ဖြင့် တစ်နေ့နှစ်ကြိမ်ခန့် ၁၀ မိနစ်ကြာလုပ်ပေးခြင်းက စိတ်ဖိစီးမှုကြောင့်ဖြစ်ပေါ်လာသည့် အကြောတက်ခြင်းကို ပြေပျောက်စေနိုင်ကြောင်း အမေရိကန်နိုင်ငံ ဘော်စတွန်ရှိ Harvard's Spaulding Rehabilitation Hospital မှ ဒေါက်တာ Joanne Borg-Stein က အကြံပြုထားပါသည်။

**စိတ်ဖိစီးမှုများ ပြေပျောက်စေ**

စိတ်ဖိစီးမှုရှိသူတွင် ခေါင်းတစ်ခြမ်းကိုက်ရောဂါကို ပိုမိုတွေ့ရသည်။ ထို့ပြင် စိတ်ဖိစီးမှုက ကင်ဆာရောဂါများဖြစ်စေနိုင်သကဲ့သို့ သေဆုံးနိုင်ခြေပိုမြင့်မားသည်။ ထို့ကြောင့် စိတ်ဖိစီးမှုများကို အချိန်တိုအတွင်း အမှန်တကယ် ပြေပျောက်သွားစေရန်အတွက် နည်းလမ်းကောင်းတချို့ရှိပါသည်။ ၎င်းတို့မှာ-

- ဂီတကို ခံစားကြည့်ပါ။ ဂီတက စိတ်ဖိစီးမှုသက်သာစေပြီး စိတ်တည်ငြိမ်မှုပေးနိုင်သည့်အရာတစ်ခုဖြစ်ပါသည်။ မိမိနှစ်သက်သည့်သီချင်းဖွင့်ပြီး အဆိုတော်တစ်ဦးကဲ့သို့ ဟန်ပါပါ သီဆိုကခုန်ပါ သို့မဟုတ် မိမိနှစ်သက်ရာတူရိယာပစ္စည်းတစ်ခုခုကို တီးခတ်ပါ။
- ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်ပါ သို့မဟုတ် လမ်းလျှောက်ရင်း ဘုရားစာဆိုပါ။ မျက်စိအေးနားအေးစေသော သစ်ပင်ပန်းပင်စုံလင်သည့်နေရာက ပိုအဆင်ပြေပါလိမ့်မည်။ ဟိုဟိုသည်သည်ကြည့်ရင်း စက်ဘီးစီးခြင်းကလည်း စိတ်ပင်ပန်းမှုကို ပြေပျောက်စေသည်။
- မိမိခင်မင်ရဆုံးသူကို ယခုခံစားနေရသည့် စိတ်ဖိစီးမှုအကြောင်း ရင်ဖွင့်ပြောပြပါ။
- မျက်စိမှိတ် ခေါင်းမော့ပြီး သဘာဝလေကို တဝကြီးရှူရှိုက်ပေးပါ။ ယခုအားရပါးရရှူသွင်းလိုက်သောလေက ဦးနှောက်ထဲရောက်သွားပြီဟု သဘောထားလိုက်ပါ။ ယောဂ (Yoga) ကျင့်စဉ် အသက်ရှူနည်းကလည်း စိတ်ဖိစီးမှုများကို ဖြေလျှော့ပေးနိုင်ပါသည်။
- ညဘက် စောစောအိပ်ရာဝင်ပါ။ အိပ်မပျော်သေးသော်လည်း ဘာမျှမတွေးဘဲ လဲလျောင်းအနားယူပါ။
- မိမိစိတ်ကိုထိန်းချုပ်ပြီး လုပ်စရာရှိသည့် အလုပ်ကိစ္စများပေါ်တွင် အလေးအနက်ထားအာရုံစူးစိုက်ပါ။
- အတိတ်က သာယာပျော်ရွှင်ဖွယ်ကောင်းသည့် အကြောင်းအရာလေးများကို ပြန်လည်တွေးတော ပီတိဖြစ်ပေးပါ။
- ချစ်ခင်ရသူ သို့မဟုတ် ကလေးငယ် သို့မဟုတ် ကြောင်ကလေး၊ ခွေးကလေးများကို ယုယစွာ ထွေးဖက်ပါ။
- မှန်ကြည့်ပြီး မိမိကိုယ်ကို လှလှလေးပြုံးပြပါ။
- အမျိုးသမီးများ နှုတ်ခမ်းနီရဲရဲဆိုးပါ။ နှုတ်ခမ်းဆိုးဆေးအနီရောင်က စိတ်ပိုင်းဆိုင်ရာကို ခွန်အားဖြစ်စေနိုင်ကြောင်း စိတ်ပညာရှင်များက အကြံပြုထားပါသည်။
- တရားမှတ်ပါ သို့မဟုတ် ယောဂ(Yoga) ကျင့်စဉ်များပြုပါ။
- ဆေးရောင်စုံပန်းချီဆွဲခြင်း၊ စက်ချုပ်ခြင်း၊ သိုးမွေးထိုးခြင်း စသည့်လက်မှုပြုလုပ်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ စာရေးခြင်း၊ စာဖတ်ခြင်း၊ ဟင်းအမည်အသစ်လေးများဖန်တီး၍ ချက်ပြုတ်စားသောက်ခြင်း၊ ဘုရားစင်သန့်ရှင်းရေးလုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ဆံပင်ပုံစံပြောင်းလဲညှပ်ခြင်း၊ ဈေးဝယ်ထွက်ခြင်း စသည်တို့ကလည်း စိတ်ပျော်ရွှင်စေပါသည်။
- အင်္ဂလန်ရှိ တက္ကသိုလ်တစ်ခုဖြစ်သော University of Sussex ၏ သုတေသနပြုလုပ်ချက်များအရ လူတစ်ဦးသည် လမ်းလျှောက်၍ စကားစမြည်ပြောခြင်းကြောင့် ၄၂ ရာခိုင်နှုန်း၊ လက်ဖက်ရည်၊ ကော်ဖီတစ်ခွက်သောက်ခြင်းကြောင့် ၅၄ ရာခိုင်နှုန်း၊ သီချင်းနားထောင်ခြင်းကြောင့် ၆၁ ရာခိုင်နှုန်း စိတ်ဖိစီးမှုကိုလျော့ကျစေသည်။ သို့ရာတွင် စာဖတ်ခြင်းကြောင့် စိတ်ဖိစီးမှုကို ၆၈ ရာခိုင်နှုန်းထိ လျော့ကျစေနိုင်ကြောင်း ဆိုထားသည်။ ထို့ကြောင့် စာဖတ်ခြင်းသည် စိတ်ဖိစီးမှုကို သိသိသာသာလျော့ကျစေပါသည်။ သို့သော် စာပေလေ့လာဖတ်ရှုရာတွင် မည်သည့်စာပေအမျိုးအစားကို ဖတ်ရှုရမည်ဆိုခြင်းထက် မိမိစိတ်ပါဝင်စားရာ၊ မိမိသိရှိလိုရာ အကြောင်းအရာများ ပါဝင်သည့် စာအုပ်များကို ဖတ်ရှုသင့်ပါသည်။
- စိတ်ဖိစီးမှုကြုံရသည့်အခါ ခြေမနှင့် ခြေညှိုးကြားကို ဖိ၍နှိပ်နယ်ပေးပါ။ လက်မနှင့် လက်ညှိုးကြားကိုလည်း ဖိနှိပ်ပေးနိုင်ပါသည်။ လက်ကောက်ဝတ်ကို နှိပ်နယ်ပေးပါ။ မျက်ခုံးအလယ်တည့်တည့်ကိုနှိပ်ပေးပါ။ ရင်ဘတ်အလယ်တည့်တည့်ကို လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်းဖြင့် ဖိနှိပ်ပေးပါ။

အချုပ်ဆိုရလျှင် စိတ်ဖိစီးမှုက လူကိုအိုမင်းရင့်ရော်စေပါသည်။ နာကြည်းမှုနှင့် ဒေါသတရားကို ရှေ့တန်းတင်သမျှ "စိတ်ထောင်းကိုယ်ကြေ" ဖြစ်တတ်သည်။ စိတ်ဖိစီးမှုများကြောင့် ဘဝသည် အထီးကျန်လာသည်။ ထိုအခါ လူ၏ဦးနှောက်သည် မြန်မြန်ဆန်ဆန်ကျုံ့၍ သွားသည်။ စိုးရိမ်သောကများသောသူသည် အရွယ်နှင့်မလိုက်အောင် အိုမင်းခြင်းသို့ ရောက်ရှိလာသည်။ စိတ်ရောဂါကု အမေရိကန်ပါရဂူ မိုက်ဒေါင်း (Mike Dow,Ph.D) က ငြိမ်းပြည့်စုံမှုရရှိရန် လိုအပ်သော စိတ်သည် စိတ်ဖိစီးမှုဟော်မုန်းကို ထုတ်လွှတ်၍ ဦးနှောက်ကို ပျက်စီးစေကြောင်းနှင့် အရွယ်ကို အိုမင်းရင့်ရော်စေတတ်ကြောင်း ထုတ်ဖော်ရှင်းလင်းထားသည်ကို လေ့လာမှတ်သားဖူးပါသည်။

သို့ဖြစ်ပါ၍ ရခဲလှသောလူ့ဘဝ၌ သက်ရှည်ကျန်းမာစွာ သက်တမ်းစေ့နေနိုင်ရေးအတွက် မိမိတို့နိစ္စဓူဝတွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်ခံစားရသော စိတ်ဖိစီးမှုများကို တတ်နိုင်သမျှ ဖြေလျှော့ကြစေလိုပါကြောင်း ရေးသားလိုက်ရပါသည်။

# မြောက်ကယ်ရီလိုင်းနားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု နေအိမ်များသို့ကူးစက်နိုင်



**ဝါရှင်တန် နိုဝင်ဘာ ၅**

အမေရိကန်နိုင်ငံ မြောက်ကယ်ရီလိုင်းနား ပြည်နယ်တွင် တောမီးအကြီးအကျယ် လောင်ကျွမ်းလျက်ရှိရာ နိုဝင်ဘာ ၄ ရက်ထိ ဧက ၇၀၀ ခန့် လောင်ကျွမ်းခဲ့ပြီး လူနေအိမ်များကိုပါ ကူးစက်နိုင်ခြေရှိကြောင်း ဒေသဆိုင်ရာမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြောက်ကယ်ရီလိုင်းနားပြည်နယ် ဟန်ဒါဆန်ကောင်တီ အက်ရှ်ဗယ်လီမြို့အနီး လောင်ကျွမ်းလျက်ရှိသော တောမီးသည် နိုဝင်ဘာ ၄ တွင် ဧက ၇၀၀ ခန့်ထိ လောင်ကျွမ်းခဲ့ပြီး အဆိုပါမြို့ရှိ လူနေအိမ်ပေါင်းများစွာကို ကူးစက်နိုင်ခြေရှိသည်ဟု ဒေသဆိုင်ရာ မီးသတ်နှင့် ကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အမျိုးသားမိုးလေဝသဌာနက လေထုခြောက်သွေ့သော အခြေအနေများကြောင့် တောမီးလျင်မြန်စွာကြီးထွားလာနိုင်ကြောင်း သတိပေးထားပြီး သစ်တောဌာနကလည်း သစ်ပင်နှင့် ချုံပုတ်များခြောက်သွေ့နေသော အခြေအနေကြောင့် တောမီးလျင်မြန်စွာကူးစက်လောင်ကျွမ်းလျက်ရှိကာ ငါးရာခိုင်နှုန်းခန့်သာ ထိန်းချုပ်နိုင်သေးကြောင်း ကြေညာခဲ့သည်။

မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် အနှောင့်အယှက်ကင်းစွာ ဆောင်ရွက်နိုင်ရေး မီးလောင်ကျွမ်းမှုဖြစ်ပေါ်ရာဒေသတွင် နေထိုင်သူများ အနေဖြင့် ဘေးလွတ်ရာသို့ ရှောင်ရှားနေထိုင်သင့်သည်ဟု ဒေသဆိုင်ရာမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းရသည့် အကြောင်းရင်းကို ချက်ချင်းသတင်းထုတ်ပြန်နိုင်ခြင်း မရှိသေးသော်လည်း မိုးကြိုးပစ်ခြင်းများ မရှိခြင်းကြောင့် တောမီးလောင်ကျွမ်းမှုသည် လူတို့၏ပေါ့ဆမှုကြောင့်သာ လောင်ကျွမ်းခြင်းဖြစ်နိုင်သည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက ခန့်မှန်းထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : AZH**

# တရုတ်သမ္မတက နီပေါမြေငလျင်နှင့်ပတ်သက်၍ နီပေါသမ္မတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့

**ပေကျင်း နိုဝင်ဘာ ၅**

နီပေါနိုင်ငံတွင် နိုဝင်ဘာ ၃ ရက်က မြေငလျင်လှုပ်ခတ်ခဲ့သဖြင့် လူဦးရေ ၁၅၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် ဝမ်းနည်းဖွယ်ရာဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသည့်အခြေအနေနှင့်ပတ်သက်၍ တရုတ်သမ္မတရှီကျင့်ဖျင်က နီပေါသမ္မတ ရမ်ချန်ဒရာထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်သမ္မတရှီကျင့်ဖျင် ရေးသားပေးပို့ခဲ့သည့်သဝဏ်လွှာတွင် နီပေါနိုင်ငံ၌ရင်ဆိုင်ခဲ့ရသော မြေငလျင်ဒဏ်ကြောင့် သေဆုံးခဲ့သည့် နီပေါပြည်သူများအတွက် စိတ်မကောင်းဖြစ်ရသကဲ့သို့ မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အခြေအနေပေါ်တွင်လည်း တုန်လှုပ်အံ့အားသင့်မိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြည်သူများ ဒဏ်ရာအမြန်ဆုံးပြန်လည်ပျောက်ကင်းသက်သာကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အမြန်ဆုံးဆောင်ရွက်နိုင်မည်ကိုမျှော်လင့်ကြောင်း ပါဝင်သည်ဟု တရုတ်အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးသွားရန် ဆန္ဒရှိနေသကဲ့သို့ တရုတ်သမ္မတကလည်း နီပေါနိုင်ငံ မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် ကူညီပံ့ပိုးပေးနိုင်ရေး နိုင်ငံခြားရေးဝန်ကြီးကို ညွှန်ကြားထားကြောင်း၊ နီပေါအစိုးရ၏ ခွင့်ပြုချက်ရရှိပါက တရုတ်အာဏာပိုင်အဖွဲ့အစည်းက ကူညီပံ့ပိုးပေးရေး အစီအစဉ်များကို စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

နီပေါအာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်များအရ မြေငလျင်ကြောင့် ပျက်စီးခဲ့သည့်လူနေအိမ်ခြေနှင့် အခြားအဆောက်အအုံ စုစုပေါင်း ၄၃၀၀ ကျော်ထိ ရှိနေပြီး ထိခိုက်ဒဏ်ရာရရှိသူဦးရေ ၂၀၀ ထက်မနည်း ရှိနေကြောင်းလည်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဝေလပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရ

**ကာဒစ် နိုဝင်ဘာ ၅**

ဝေလပြည်နယ် တန်ဘိုင်နယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရကြောင်း ဝေလအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုသည် တန်ဘိုင်နယ်မြေရှိ စိန့်ဖလောရင့်ကျေးလက်ဒေသနှင့် ဂမ်ဖရက်စ်တန်ကျေးလက်ဒေသတို့၌ အဓိကဖြစ်ပေါ်နေပြီး လမ်းမကြီးများတွင် မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုပါက အန္တရာယ်ရှိသော အခြေအနေဖြစ်သည့်အတွက်ကြောင့် လမ်းမကြီးများကို ယာယီပိတ်ထားခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဂမ်ဖရက်စ်တန်ကျေးလက်ဒေသမှ ကလစ်ကတ်လမ်းမကြီးထိ ယာယီပိတ်ထားရကြောင်း၊ ရေကြီးရေလျှံမှုအခြေအနေ တည်ငြိမ်သည်ထိ ပိတ်သွားမည်ဖြစ်ကြောင်း၊ ရီတက်မြစ်ရေ လျှံတက်မှုကြောင့် ရေကြီးရေလျှံမှု အခြေအနေမှာ ခန့်မှန်းရခက်သည့် အခြေအနေဖြစ်သဖြင့် လမ်းမကြီးများကို ယာယီပိတ်ထားမည့်ကာလကို သတ်မှတ်နိုင်ခြင်း မရှိသေးကြောင်း ဝေလအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"ရီတက်မြစ်ရေလျှံတက်မှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရပါတယ်။ ရီတက်မြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ်နဲ့ အဓိကရင်ဆိုင်နေရတဲ့နေရာတွေကတော့ တန်ဘိုင်နယ်မြေထဲမှာရှိတဲ့ ကျေးလက်ဒေသတွေပဲဖြစ်ပါတယ်။ တန်ဘိုင်နယ်မြေထဲမှာရှိတဲ့ ဂမ်ဖရက်စ်တန်ကျေးလက်ဒေသကနေ ကလစ်ကတ်လမ်းမကြီးထိကို ယာယီပိတ်ထားပါတယ်။ ရေကြီးရေလျှံမှု အခြေအနေအရ လမ်းမကြီးတွေကို ရက်ရှည်ပိတ်ထားရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု ဝေလအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ရီတက်မြစ်ရေလျှံတက်မှုသည် စံချိန်တင် မြင့်တက်မှုဖြစ်နေပြီး သမိုင်းတစ်လျှောက် ရီတက်မြစ်ရေလျှံတက်မှုပမာဏ အမြင့်ဆုံးသို့ ရောက်ရှိရန် အနည်းငယ်သာလိုတော့ကြောင်း ဝေလသဘာဝအရင်းအမြစ်အဖွဲ့အစည်း (NRW) က ထုတ်ပြန်သွားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဂျော်ဂျီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၄၀၀ ကျော် ကူးစက်လောင်ကျွမ်း

**ဝါရှင်တန် နိုဝင်ဘာ ၅**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် မြောက်ဘက်ပိုင်းတွင် နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းမှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး သစ်တောမြေဧက ၁၄၀၀ ကျော်ထိ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျော်ဂျီယာပြည်နယ်ရှိ ဂီလ်မာကောင်တီနှင့် ဝေါ်လ်ကာကောင်တီတွင် တောမီးလောင်ကျွမ်းနေပြီး ဝေါ်လ်ကာကောင်တီအပါအဝင် ကောင်တီအမြောက်အမြားမှ မီးသတ်တပ်ဖွဲ့ဝင်များကို တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်နေရာသို့ စေလွှတ်ထားကြောင်း ဂျော်ဂျီယာပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"မြောက်ဘက်ပိုင်းနယ်မြေတွေမှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ ကောင်တီတွေထဲမှာ ဝေါ်လ်ကာကောင်တီနဲ့ ဂီလ်မာကောင်တီတို့ ပါဝင်နေပါတယ်။ ဂီလ်မာကောင်တီမှာ လောင်ကျွမ်းခဲ့တဲ့တောမီးကိုတော့ နာရီပိုင်းအတွင်းမှာပဲ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဝေါ်လ်ကာကောင်တီမှာ လောင်ကျွမ်းနေတဲ့တောမီးကိုတော့ ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှု အရှိန်ပြင်းထန်တယ်ဆိုပေမဲ့လဲ လက်ရှိအနေအထားအရတော့ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့အခြေအနေမျိုး မဟုတ်သေးပါဘူး။ ဒါပေမဲ့လဲ တောမီးလောင်ကျွမ်းမှုအခြေအနေ ဒီထက် ပိုမဆိုးလာအောင်တော့ အမြန်ဆုံး ထိန်းချုပ်နိုင်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်"ဟု ဂျော်ဂျီယာပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်ဧရိယာမှာ ဝေါ်လ်ကာကောင်တီဖြင့်နီးကပ်နေပြီး တောမီးကူးစက်လောင်ကျွမ်းနေသည့် သစ်တောမြေဧရိယာ၏ ၅၀ ရာခိုင်နှုန်းသည် ဝေါ်လ်ကာကောင်တီအတွင်းမှဖြစ်ကြောင်းလည်း ဂျော်ဂျီယာသစ်တောရေးရာကော်မရှင် (GFC)က ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသောသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

# ယခုဘဏ္ဍာနှစ်တွင် ဝဥကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကပါ တင်ပို့ရောင်းချနေ



**နေပြည်တော် နိုဝင်ဘာ ၅**

ယခုဘဏ္ဍာနှစ်တွင် ဝဥကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအပြင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကပါ တင်ပို့ရောင်းချပေးနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ဝဥကို ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဝဥစိုက်ဧက ၁၃၀၀၀ ကျော်ရှိပြီး ယခုအခါ ပြည်ပနိုင်ငံများတွင် ဝဥကုန်ကြမ်းသီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် ကုန်ချောအသွင်ပြောင်းကာ မုန့်မျိုးစုံ၊ အချိုရည်၊ စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့် ခေတ်မီဆေးဝါးများ ထုတ်လုပ်ကြကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် ဝဥများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဝဥများသည် အာရှတိုက်အတွင်းရှိ အခြားသောဒေသများမှထွက်ရှိသည့် ဝဥအရည်အသွေးထက် ပိုမိုကောင်းမွန်နေသဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံဈေးကွက်များတွင် ဈေးကွက်ခိုင်မာစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

ဝဥကိုပြည်ပသို့ တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချနေကြောင်း၊ ယခင်ဘဏ္ဍာနှစ်များက ဝဥကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကသာ တင်ပို့ရောင်းချခဲ့ရသော်လည်း ယခုဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းကပါ တင်ပို့ရောင်းချနေကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ဝဥများတင်ပို့ရောင်းချရာတွင် ဝဥအခြောက်နှင့် ဝဥအခြောက်ပြားအဖြစ် ပြုလုပ်တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း၊ ပင်ရင်းဒေသများမှ ရန်ကုန်မြို့သို့ သယ်ယူကာ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တရုတ်နိုင်ငံ ရှန်ဟိုင်းဆိပ်ကမ်းသို့ တင်ပို့ခြင်းဖြစ်ပြီး လက်ရှိပင်ရင်းဒေသများတွင် ဝဥအစိုတစ်ပိဿာလျှင် စက်ရုံအရောက်ငွေကျပ် ၁၀၀၀ ဈေးရရှိကြောင်း သိရသည်။

SKL

# ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ညောင်ဦး နိုဝင်ဘာ ၅**


မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောက်ကန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် တာဝန်ရှိသူများက ချောက်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ချောက်ကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၆၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၂ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက ချောက်ကန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာကိုးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၃၅ သန်း၊ ပြည်သူ ထည့်ဝင်ငွေကျပ် ၅၂ ဒသမ ၉ သန်းအသုံးပြု၍ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ခုနစ်ခု၊ နေရောင်ခြည်စွမ်းအင်သုံးဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်းသုံးခုနှင့် မြေသားရေကန်တစ်ခုတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အေးသူ**



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre



အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

CAR TYRE

CYCLE TYRE



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



ခန်းမလှုဝင်ဆံ့မှုလူဦးရေ(၁၂၀၀) (စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး
အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက်
လူဦးရေ(၆၀၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

ရတနာပုံ ခန်းမ



ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊
ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊
မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊
အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊
ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှမာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၃၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။


## အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ. မ. က(၁)၊ Grade-5 တွင်ပညာသင်ကြားနေသော (ဘ)ဦးသိန်းဇော်ဝင်း (၈/ရနခ(နိုင်)၀၉၇၆၅၆)၏သမီး မယွန်းဝတီ ၏အမည်မှန်မှာ ဖွားစာရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ မနှင်းဆုရတီဝင်း ဖြစ်ပါကြောင်း။ **မနှင်းဆုရတီဝင်း**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်


နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm။
Website Address - http://www.accm.gov.mm

❖ မိမိနိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူနိုင်ငံသားတို့၏ လက်ဝယ်တွင်သာရှိရမည်ဖြစ်ပြီး တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည်ဟူသည့်စိတ်နှင့်ယုံကြည်မှုကို တည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန်လိုအပ်မည်မဟုတ် ...

❖ ထို့ကြောင့် တိုင်းပြည်အတွက် ရေရှည်အကျိုးကိုကြည့်၍ လူသားအရင်းအမြစ်ကောင်းများကို ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ကြစေလို ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ခုနှစ် မတ် ၈ ရက်တွင် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျုံကူးရွာ၌ အခြေပြု၍ ဒေသခံပြည်သူ ၁၂၃၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**


၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့်ပတ်သက်၍ ဒုတိယအကြိမ် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ စာမျက်နှာ - ၁၆

မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား သိပ္ပံနည်းပညာနှင့်တီထွင်ဆန်းသစ်မှုလုပ်ငန်းစဉ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး စာမျက်နှာ - ၁၇

ရုရှားရေတပ်စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက် စာမျက်နှာ - ၁၈



